
# မြန်မာဝတ္ထုတို

မောင်နေဝင်း - စီစဉ်သည်။

စာရေးဆရာပေါင်းစုံ၏ ဝတ္ထုပေါင်းစုံကို
မြန်မာစာပေနယ်၌ စတင်စီစဉ်ဖော်ဆောင်သော
ပထမဆုံး ဝတ္ထုတိုပေါင်းချုပ်။



mgyoe.com

mgyoe.com

၁။ သူမယား / ဇော်ဂျီ

၂။ ပစ္စုန္တရစ် / သိပ္ပံမောင်ဝ

၃။ ပေါ်တော်မူ / မင်းသုဝဏ်

၄။ ငွေစိန် လှေလှော်ရင်း တက်ကျိုးခြင်း / သိန်းဖေမြင့်

၅။ ရဲဘော် / ဒဂုန်တာရာ

၆။ ချစ်သော အောင်သန်း / ဗန်းမော်တင်အောင်

၇။ မောင့်ဝက်ပါ / သန်းဆွေ

၈။ ယင်းတိုက်နစ်တမ်း / ရဲခေါင်

၉။ အဘဦးသာ / လင်းယုန်နီ

၁၀။ ကိုကိုလွမ်းဝေ / မောင်ကြည်လင်

၁၁။ ကျွန်တော် မသိပါ / မြသန်း

၁၂။ လမ်းပေါ်မှာ – ဓာတ်တိုင်အောက်ဝယ် / မင်းရှင်

၁၃။ ပွဲဈေး၏အမှောင်ရိပ်ဝယ် / မိုးဝေ

၁၄။ ငွေခင် / မင်းဏီ

၁၅။ နဂါးပေါ်မှာ / ဂုဏ်ဝင်း

၁၆။ လှုခြင်း၏အမြတ် / တက္ကသိုလ်ကျော့ရှင်း

၁၇။ အောက်ဆုံးအလွှာ / ကျော်အောင်

၁၈။ ရန်ကုန်မှာတစ်ည / မောင်နေဝင်း

၁၉။ ထမင်းပေးပါ / မာန်အောင်ပီယ

၂၀။ တေလေ / နတ်နွယ်

၂၁။ လက်ခစား / တင့်ဆန်း

၂၂။ ကာဖီ / ဂျာနယ်ကျော်မမလေး

MNW10
TA6 BOOK Centre
642124028
Price: 3500.00

mgyoe.com

မြန်မာဝတ္ထုတို၊ စီစဉ်သူ - မောင်နေဝင်း
စာမျက်နှာ ၂၇၁ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
မြို့မ-စာပေကော်မတီ၏ ပထမအကြိမ်မူ

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# မြန်မာဝတ္ထုတို

စီစဉ်သူ
မောင်နေဝင်း

စာရေးဆရာပေါင်းစုံ၏ ဝတ္ထုပေါင်းစုံကို
မြန်မာစာပေနယ်၌ စတင်စီစဉ်ဖော်ဆောင်သော
ပထမဆုံး ဝတ္ထုတိုပေါင်းချုပ်။

ဒုတိယအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


- ကျေးဇူးတင်ရှိပါသည် (ပထမအကြိမ် ထုတ်ဝေစဉ်က) က
- ထုတ်ဝေသူ၏အမှာ (ပထမအကြိမ် ထုတ်ဝေစဉ်က) ဂ

| | | | |
|---|---|---|---|
| ၁။ | သူ့မယား | ဇော်ဂျီ | ၁ |
| ၂။ | ပစ္စန္တရစ် | သိပ္ပံမောင်ဝ | ၁၀ |
| ၃။ | ပေါ်တော်မူ | မင်းသုဝဏ် | ၁၇ |
| ၄။ | ငွေစိန် လှေလှော်ရင်း တက်ကျိုးခြင်း | သိန်းဖေမြင့် | ၂၂ |
| ၅။ | ရဲဘော် | ဒဂုန်တာရာ | ၅၅ |
| ၆။ | ချစ်သော အောင်သန်း | ဗန်းမော်တင်အောင် | ၇၀ |
| ၇။ | မောင့်ဝက်ပါ | သန်းဆွေ | ၈၅ |
| ၈။ | ယင်းတိုက်နုစစ်တမ်း | ရဲခေါင် | ၉၈ |
| ၉။ | အဘဦးသာ | လင်းယုန်နီ | ၁၁၄ |
| ၁၀။ | ကိုလွမ်းဝေ | မောင်ကြည်လင် | ၁၂၂ |
| ၁၁။ | ကျွန်တော် မသိပါ | မြသန်း | ၁၃၇ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၂။ | လမ်းပေါ်မှာ ခေတ်တိုင်အောက်ဝယ် | မင်းရှင် | ၁၅၂ |
| ၁၃။ | ပွဲဈေး၏အမှောင်ရိပ်ဝယ် | မိုးဝေ | ၁၆၅ |
| ၁၄။ | ငွေခင် | မင်းဏီ | ၁၇၇ |
| ၁၅။ | နဂါးပေါ်မှာ | ဂုဏ်ဝင်း | ၁၈၆ |
| ၁၆။ | လှခြင်း၏အမြတ် | တက္ကသိုလ်ကျော်ရှင်း | ၁၉၁ |
| ၁၇။ | အောက်ဆုံးအလွှာ | ကျော်အောင် | ၂၀၀ |
| ၁၈။ | ရန်ကုန်မှာတစ်ည | မောင်နေဝင်း | ၂၁၆ |
| ၁၉။ | ထမင်းပေးပါ | မာန်အောင်ပီယ | ၂၂၅ |
| ၂၀။ | တေလေ | နတ်နွယ် | ၂၃၃ |
| ၂၁။ | လက်ခစား | တင့်ဆန်း | ၂၄၁ |
| ၂၂။ | ကာဖီ | ဂျာနယ်ကျော်မမလေး | ၂၆၀ |


❑

mgyoe.com

mgyoe.com

## ကျေးဇူးတင်ရှိပါသည်
(ပထမအကြိမ် ထုတ်ဝေစဉ်က)

ဤစာအုပ်တွင် 'သူ့မယားဝတ္ထု'အတွက် 'ဆရာဇော်ဂျီ'၊ 'ပစ္စန္တရစ်' ဝတ္ထုအတွက် ကွယ်လွန်သူ 'ဆရာသိပ္ပံမောင်ဝ'၊ 'ပေါ်တော်မူ' ဝတ္ထု အတွက် 'ဆရာမင်းသုဝဏ်'၊ 'ငွေစိန် လေ့လော့ရင်း တက်ကျိုးခြင်း' အတွက် 'သိန်းဖေမြင့်'၊ 'ရဲဘော်'အတွက် 'ဒဂုန်တာရာ'၊ 'ချစ်သော အောင်သန်း'အတွက် 'ဗန်းမော်တင်အောင်'၊ 'မောင့်ဝက်ပါ' အတွက် 'သန်းဆွေ'၊ 'ယင်းတိုက်နစ်တမ်း'အတွက် 'ရဲခေါင်'၊ 'အဘဦးသာ' အတွက် 'လင်းယုန်နီ'၊ 'ကိုလွမ်းဝေ'အတွက် ကွယ်လွန်သူ 'မောင်ကြည်လင်'၊ 'ကျွန်တော်မသိပါ' အတွက် 'မြသန်း'၊ 'ဓာတ် တိုင်အောက်ဝယ်'အတွက် 'မင်းရှင်'၊ 'ပွဲဈေးအမှောင်ရိပ်ဝယ်' အတွက် 'မိုးဝေ'၊ 'လှခြင်း၏အမြတ်' အတွက် 'တက္ကသိုလ်ကျော် ရှင်း'၊ 'ငွေခင်'အတွက် 'မင်းဏီ'၊ 'နဂါးပေါ်မှာ'အတွက် 'ဂုဏ်ဝင်း'၊ 'ရန်ကုန်မှာ တစ်ည'အတွက် 'မောင်နေဝင်း'၊ 'အောက်ဆုံးအလွှာ' အတွက် 'ကျော်အောင်'၊ 'တေလေ'အတွက် 'နတ်နွယ်'၊ 'လက်ခစား'

mgyoe.com

mgyoe.com



အတွက် 'တင့်ဆန်း'၊ 'ထမင်းပေးပါ' အတွက် 'မာန်အောင်ပီယ'၊ 'ကာဖိ'အတွက် 'ဂျာနယ်ကျော်မမလေး' စသော ကာယကံရှင် စာရေးဆရာများအားလည်းကောင်း၊ လိုအပ်သည်များအတွက် အကူအညီပြု ဆောင်ရွက်ပေးသော ဒဂုန်တာရာအားလည်းကောင်း၊ ကူညီကြသော ဂျာနယ်မဂ္ဂဇင်းများအားလည်းကောင်း လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိကြောင်း အစီရင်ခံအပ်ပါသည်။

မြို့မ–စာပေကော်မတီ

mgyoe.com

mgyoe.com

## ထုတ်ဝေသူ၏အမှာ
### (ပထမအကြိမ် ထုတ်ဝေစဉ်က)

မြန်မာစာပေလောကတွင် စာရေးဆရာ တစ်ဦးတစ်ယောက်၏ ဝတ္ထုတိုများအား စုပေါင်းရိုက်နှိပ်ထုတ်ဝေလေ့ရှိသော်လည်း စာရေးဆရာများစွာတို့၏ ဝတ္ထုများကိုမူ စုပေါင်းရိုက်နှိပ်ထုတ်ဝေသော အလေ့အထ အလွန်ပင် နည်းပါးလှပေသည်။

စာတစ်အုပ်တည်းတွင် စာရေးဆရာပေါင်းစုံ၏ စာပေအရသာကို မြည်းစမ်းနိုင်သော အခွင့်အရေးကို ခံစားနိုင်စေရန်နှင့် စာရေးဆရာပေါင်းစုံ၏ ဝတ္ထုပေါင်းစုံကို ရိုက်နှိပ်ထုတ်ဝေသော အလေ့အထလည်း ရှိကြစေရန် ကြိုးပမ်းသောအနေဖြင့် မြို့မ–စာနယ်ဇင်း ဖြန့်ချိရေးဌာနမှ ဤ **မြန်မာဝတ္ထုတိုများ** ကို စုပေါင်းရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤစာအုပ်၌ ပါဝင်သော ဝတ္ထုတိုကလေးများမှာ အတတ်နိုင်ဆုံး ကောင်းနိုးရာရာ ရွေးချယ်ထည့်သွင်းထားသော်လည်း စာအုပ်ဖြစ်မြောက်လာစေရန် အဆောတလျင် ပြုလုပ်ရ

mgyoe.com

mgyoe.com



ခြင်း၊ စာရေးဆရာများနှင့် ဝတ္ထုများ ရွေးချယ်စိစစ်ရေးအတွက် စိတ်ကျေနပ်လောက်ဖွယ်ရာ အချိန်မယူနိုင်ခြင်း စသောအကြောင်းများကြောင့် ချို့ယွင်းချက် ရှိကောင်း ရှိပါလိမ့်မည်။

သို့ဖြစ်စေကာမူ မြို့မ–စာပေကော်မတီမှ ထုတ်ဝေလိုက်သော **မြန်မာဝတ္ထုတိုများ** စာအုပ်အား ကြည့်လျက် လာလတ္တံ့သော စာပေထုတ်လုပ်မှုလုပ်ငန်းတွင် စာရေးဆရာအသီးသီးတို့၏ စာကောင်းပေမွန်များကို စုပေါင်းထုတ်ဝေသည့်စနစ် ထွန်းကားလာပါလျှင် ဤစာအုပ် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက် အောင်မြင်ပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။

မြို့မ–စာပေကော်မတီ

mgyoe.com

mgyoe.com

(၁)

ဈေးသည်မ မဖော့သည် ကိုဆင်၏ မယား ဖြစ်လေသည်။ မဖော့သည် မြို့သို့ တက်၍ ကုန်စိမ်းရောင်းလေ့ရှိရာ နံနက်တိုင်းဗျပ်ကိုရွက်၍ မြို့သို့ တစ်မိုင်နီးပါးခန့် ခြေကျင်သွားရလေသည်။ အရောင်းရတွင်လျှင် စောစောပြန်လာတတ်၍ အရောင်းရထိုင်းလျှင် နေစောင်းမှပြန်လာတတ်လေသည်။ ပြန်လာတိုင်း ချောင်းကိုဖြတ်ကာ ရွာဘက်သို့ ကူးထားသော ဝါးတံတားသို့ရောက်လျှင် လင်စိတ် သားစိတ်တို့သည် အလိုလိုပေါ်လာတတ်လေသည်။

သူ့မယား

ဇော်ဂျီ

မဖော့သည် အရပ်ထောင်ထောင် မောင်းမောင်းဖြစ်သည်။ ဆံပင်မှာ နီကြန်ကြန်ဖြစ်၍ တစ်ထွာသာသာလောက်ရှည်သည်။ သွားအတန်ငယ်ခေါသည်။ သို့ရာတွင် အရုပ်ဆိုးဟု မဆိုသာချေ။ ကိုဆင်သည် အိမ်၌ ထိုင်စားသမားဖြစ်သည်။ အို. . . . ထိုင်စားသမားသက်သက်လည်း မဟုတ်ရှာပါပေ။ အိမ်မှာ ထမင်းအိုး တည်ရသည်။ သားငယ် သမီးငယ်များကို ထိန်းရသည်။

ကိုဆင်သည် ငယ်စဉ်က သာမဏေဘဝ

mgyoe.com

mgyoe.com


နှင့် ကိုးနှစ်ခန့် နေခဲ့ဖူးသူဖြစ်သဖြင့် စာပေ၌ အတော်အတန်ခေါက်မိသည်။ စိတ်ထား သဘောထားကောင်းသည်။ ရယ်ရယ်မောမောနေတတ်သည်။ အလှူပွဲ၊ မင်္ဂလာပွဲများ တွင် ရှေ့တန်းကပါတတ်သည်။ သူ၏ အရပ်အမောင်းမှာ မယားလောက်မမြင့်လှ။ ဆံပင်ကောင်းသည်။ နှုတ်ခမ်းမွေးရေးရေးရှိသည်။ ရင်အုပ် ကျဉ်းသည်။ ထိုးကွင်းကို ဒူးအထိ ထိုးထားသည်။

သူတို့နှစ်ယောက် ညားကြ၍ သားတစ်ယောက် ရသည်အထိ မဖော့သည် ဈေးလည်းထွက်သည်။ ကိုဆင်ကိုလည်း ပြုစုရှာသည်။ သားတစ်ယောက်နောက်ထပ် တိုးလာသောအခါ မဖော့သည် ဈေးရောင်းသာ ထွက်နိုင်ရှာတော့သည်။ နောက်တစ်ဖန် သမီးတစ်ယောက် တိုးလာပြန်သောအခါ မဖော့ အလွန်မောပန်းလာတတ်သည်။ ကုန်ရှုံးသောအလှည့်နှင့် ကြုံသည့်အခါ သနားဖွယ်သာ ဖြစ်တော့သည်။ သို့ရာတွင် မဖော့သည် ညည်းညူသည်မရှိ။

"အရှေ့ပိုင်းကမင်္ဂလာဆောင်မှာ ညည်းယောကျ်ား မင်္ဂလာသြဘာစကား ပြောပုံကို ညည်းလာပြီးနားထောင်စေချင်တယ် သူငယ်ချင်းမရဲ့၊ အလွန်ခံ့တယ်၊ ညည်း ယောကျ်ားပညာ ပြည့်ပါတယ်အေ့"ဟု မဖော့၏ သူငယ်ချင်းမတစ်ယောက်က ကိုဆင် ကို ချီးမွမ်းလေသည်။ ထိုအခါ မဖော့သည် အလွန်အားရသည်။ သူ၏စိတ်ထဲတွင် ကျက်သရေအပေါင်းနှင့် ပြည့်လျှမ်းနေသော လင့်၏မျက်နှာကို မြင်လာထင်လာလေ သည်။ တစ်ခါတစ်ရံ တစ်ဆယ့်လေးနှစ်အရွယ် သားအကြီးလေးက တံတားမှ ဆီးကြို ၍ အမေ့ ဗျပ်၊ တောင်း စသည်တို့ကို ကူသယ်ပေး၏။ ထိုအခါ မဖော့သည် အားရပြန် လေသည်။ "မောင်မင်းကြီးသားကြောင့် ဒီသားလေးကို အားထားရပေတယ်"ဟု တွေးမိ လေသည်။

တစ်ခါသော် အိမ်ငယ်ရှေ့သို့ ထန်းရည်မူးသမားတစ်ယောက် ရောက်လာ၍ အိမ်ရှေ့ခုံပြင်၌ စကားပြောနေကြသော မဖော့တို့ သားအမိအား မထီမဲ့မြင်ပြုလိုသော မျက်စိဖြင့် ကြည့်လေသည်။ ထိုအခါ သားအမိတို့သည် အိမ်တွင်းသို့ ပြေးဝင်ကြလေ သည်။ အိမ်တွင်းက ကိုဆင်လည်း ကပျာကယာထွက်လာ၍ ခုံပြင်တွင် ခါးထောက် ကာ ရပ်နေလိုက်သည်။ မထီမဲ့မြင် ပြုလိုသော မျက်လုံးနှစ်လုံးသည် ချာခနဲလှည့် ၍ ယိမ်းထိုးသွားကြသော ခြေတို့နှင့်အတူ ယိုင်ယမ်းကာ ပါသွားလေသည်။ ထိုအခါ အိမ်ခန်းတံခါးမှ ခေါင်းပြူကြည့်နေသော မဖော့သည် "မောင်မင်းကြီးသားသာ မရှိ ရင် ဒုက္ခအဖြစ်ပဲ" ဟု တွေးမိပြန်လေသည်။

mgyoe.com

mgyoe.com

မဖော့သည် ယခု သုံးဆယ့်ခုနစ်နှစ်အတွင်းသို့ ဝင်ပြီ။ ကိုဆင်သည် မဖော့ ထက် ခြောက်နှစ်မျှကြီးသည်။

ကိုဆင်သည် ဤအသက် ဤအရွယ်အထိ မည်သည့်အလုပ်ကိုမျှ ဖြစ်ဖြစ် မြောက်မြောက် မလုပ်မကိုင်ခဲ့ဖူးချေ။ "ထဘီနားခိုစားသည်" ဟု မလိုသူတို့က ကဲ့ရဲ့ကြ လျှင် "အလို ဝေဿန္တရာမင်းကြီးပင်လျှင် မဒ္ဒီ၏လုပ်စာကို ထိုင်စားသေးတာပဲ"ဟု ရယ်သလိုမောသလို ပြန်ချေလေ့ရှိသည်။ "ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဖြစ်တာ မနာလို တိုရှည်မဖြစ်ကြနဲ့လေ" ဟုပင် နောက်ထပ်ဆက်လိုက်တတ်သေးလေသည်။ သို့ရာ တွင် စိတ်ထဲ၌ကား နာကျင်မိသည်။ နာပင်နာရသော်လည်း နာရမှန်းမသိ၊ စကားနိုင် လု၍ ပြောလိုက်ရသော သူ့ကိုယ်သူပင် သူ ချီးမွမ်းလိုက်သေးသည်။

မလိုသူတို့သည် စကားအတင်စီးခံကြရသဖြင့် သာ၍ မလိုစိတ်ပေါက်လာ ကြသည်။ အခွင့်ရတိုင်း မေးငေါ့ကြသည်။ မဲ့ရွဲ့ကြသည်။ ကိုဆင် အသက်အရွယ်ကြီး လာသောအခါ ပျိုရွယ်စဉ်က အမေးအငေါ့ခံရ၊ အမဲ့အရွဲ့ခံရသော ဒဏ်ရာများသည် ကိုဆင်၏စိတ်ထဲတွင် ပေါ်လာကြလေသည်။

ထို့ကြောင့် ကိုဆင်သည် အစ်ကိုဝမ်းကွဲတစ်ယောက်ထံမှ ငွေချေး၍ ဝါးရောင်း သည်။ ဝါးဈေးကျခိုက် ကြုံသဖြင့် ခွက်ခွက်လန်အောင် ရှုံးပါလေ၏။ နောက်တစ်နှစ် မိုးဦးကျသောအခါ ကိုဆင်သည် လယ်အငှားဆင်းထွန်ပြန်သည်။ ထွန်သွားထိသဖြင့် ခြေသလုံးဝယ် သွေးစက်စက်နှင့် အိမ်သို့ပြန်လာရသည်။ အနာကို ဆယ့်ငါးရက် လောက် ကုရလေသည်။

(၂)

အနာကျက်သောနေ့တွင် ကိုဆင်၏ အသက် လေးဆယ့်သုံးနှစ်ပြည့်ပြီ။ အသားအနာက ကောင်းစွာကျက်ပေ၏။ သို့ရာတွင် စိတ်အနာကား ရင်းစပြုလာပြီ။

မဖော့သည် ခါတိုင်းကဲ့သို့ပင် ဈေးသို့တက်သွား၏။ ထိုအခါ သားအကြီးသည် ဘုန်းတော်ကြီးကျောင်းသို့ သွားလေသည်။ သားအလတ်နှင့် သမီးအထွေးတို့သည် အိမ်ရှေ့မန်ကျည်းပင်အောက်၌ ကစားကြသည်။ ကိုဆင်သည် ခုံပြင်ဝယ် လက်ဖက် ရည်အဖန်သောက်လေသည်။ အတန်ကြာသောအခါ ခေါင်းရင်းအိမ်က သားသမီး ခြောက်ယောက်တို့၏အဖေသည် လက်သမားသေတ္တာကိုထမ်းကာ ထွက်သွားသည်။ ခြေရင်းအိမ်က မယားမီးယပ်သည်မ ယောကျ်ားသည် ဓနိခုတ်ရန် ဓားကိုယူ၍ တစ်

mgyoe.com

ဖက်ကမ်းသို့ လှေဖြင့် ကူးလေသည်။ မျက်နှာချင်းဆိုင် အိမ်က အဘိုးအိုပင်လျှင် တဒေါက်ဒေါက်နှင့် ယောက်မခုတ်နေလေပြီ။

လက်ဦးတွင် ကိုဆင်သည် လက်ဖက်ရည်အဖန်ကို တစ်ခွက်ပြီးတစ်ခွက် ငုံ့သောက်ကာ ကစားနေကြသော သားနှင့်သမီးတို့ကို ကြည့်၍ ကြည်နူးနေသည်။ သို့ရာတွင် အိမ်နီးချင်းတို့ တလှုပ်လှုပ်တရွရွ အလုပ်သွားကြ၊ အလုပ်လုပ်ကြသည်တို့ကို မြင်ရသောအခါ သားသမီးတို့ကို ကြည့်၍မကြည်နူးနိုင်။ ထမင်းအိုးတည်ရမည်ဖြစ်သော သူ၏အလုပ်ကို သူသတိရလာသည်။ မေးငေါ့ကြသော မျက်နှာ၊ မဲ့ရွဲ့ကြသောမျက်နှာတို့ကိုလည်း မြင်ယောင်ယောင် ဖြစ်လာသည်။ ထို့ကြောင့် သူတို့ကို မကြည့်ဘဲ ခေါင်းငုံ့နေလိုက်သည်။ သူတို့ကိုကားမမြင်ရ။ သို့ရာတွင် သူ့ရှေးဖြစ်တသီတတန်းကြီးကိုကား သူ့မျက်စိတွင် မြင်နေရသည်။ ရှင် လူထွက်သည့်အခါမှစ၍ ပိုးပဝါတသသနှင့် လူပေါ်ကြော့လုပ်လာခဲ့ပုံ၊ မဖော့နှင့်ညားပုံ၊ ကုန်ရှုံးပုံ၊ ခြေသလုံး၌ ဒဏ်ရာရပုံတို့ပင်တည်း။ သူ ဝမ်းနည်းလာ၏။ ရှက်လာ၏။ သည်ဘဝနှင့် သူမနေချင်။ သူ ရုန်းထွက်ချင်သည်။ သူတွေးသည်မှာ ရဟန်းဝတ်ရလျှင် ကောင်းမည်။ ရဟန်းဖြစ်လျှင် သူထမင်းအိုး တည်ရတော့မည်မဟုတ်။ ရဟန်းဖြစ်လျှင် သူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်။ မယား၊ သား၊ သမီးတို့လည်း သူ့ကို မှီ၍ ကုသိုလ်ရကြမည်။ သူ ကျွတ်ချိန်တန်ပြီ။ သူ ဘုရားဆုပန်မည်။ သူ ရဟန်းဝတ်တော့မည်။ အတွေးကား ဤသို့တည်း။

ဩော် . . . ထမင်းအိုး တည်စရာရှိပါသေး၏တကား။ မတည်လျှင် သူ ယနေ့ ထမင်းငတ်မည်။ သူ့သားနှင့်သမီးတို့လည်း ငိုကြလိမ့်မည်။ ထို့ကြောင့် ကိုဆင်သည် စားဖိုသို့ဝင်ရလေသည်။ ထိုအချိန်၌ပင် ဈေးတွင် ဈေးရောင်းနေသော မဖော့သည် ကုန်စိမ်းများကို ရေပို၍ဆွတ်သည်။ အလေးချိန်ပို၍စီးလျှင် အမြတ်ငွေပို၍ ရစရာရှိသည်။ ရလျှင် ကိုဆင်ဖို့ ဆေးပေါ့လိပ် ကောင်းကောင်းဝယ်သွားမည်ဟု မဖော့စိတ်ကူးနေလေသည်။

ကျွမ်းကျင်သည့်အလျောက် ကိုဆင်သည် ထမင်းကိုကောင်းစွာချက်နိုင်သည်။ ကျက်သောအခါ ကလေးများကိုခေါ်၍ မနေ့ညက ချန်ထားသော ဟင်းနှင့်စားကြလေသည်။ စားပြီးကြသောအခါ ကလေးများသည် ဆော့မြဲတိုင်း ဆော့ကြပြန်သည်။ ကိုဆင်လည်း အိမ်ခါးပန်း၌ ခြေတွဲလဲချ၍ ဆေးပေါ့လိပ်ကို လက်ကြားညှပ်ကာ ယခင်အတွေးကို ထပ်မံ၍ ကောက်ပြန်လေသည်။ သူ ရဟန်းဖြစ်လျှင် နံနက်တိုင်း

mgyoe.com

mgyoe.com
မဖော့အိမ်သို့ ဆွမ်းခံလာမည်။ မဖော့ဈေးသို့ မသွားသေးသဖြင့် မဖော့၏မျက်နှာကို သူမြင်ရမည်။ သူ့သားသမီးများ၏ မျက်နှာကိုလည်း မြင်ရမည်။ မဖော့သည် စာမတတ်၊ တရားမတတ်၊ သေလျှင် မဖော့အပါယ်ကျတော့မည်။ မဖော့ကို သူ သနားလှသည်။ မဖော့ကို သူ တရားပြမည်။

ဤသို့တွေး၍ ကောင်းနေတုန်းတွင် သားနှင့်သမီးတို့၏ငိုသံကို ကြားလိုက်ရာ အတွေးဆက်ပြတ်သွားလေသည်။ ညီမငယ်က အစ်ကို၏မျက်နှာကို ကုတ်ဆွဲသဖြင့် အစ်ကိုငိုလေသည်။ တစ်ဖန် အစ်ကိုက ညီမငယ်၏ ဆံပင်ကိုဆွဲသဖြင့် ညီမငယ်ငို ပြန်လေသည်။

"နင်တို့ ငါ့ကို အလွန်ဒုက္ခပေးတယ်။ အိမ်ထဲကို လာခဲ့ကြ။ နင်က ဒီတိုင်မှာထိုင်၊ နင်က ဟိုတိုင်မှာထိုင်၊ မထကြနဲ့" ဟု ကိုဆင်သည် ကြိမ်းမောင်း၍ နေရာချပေးသည်။ ကလေးတို့သည် မျက်ရည်သုတ်၍ တစ်တိုင်စီမှာ ထိုင်ကြသည်။ ကိုဆင်သည် ထိုင်မြဲနေရာမှာပြန်ထိုင်၍ အတွေးကို ပြန်ကောက်လေသည်။ ကောက်၍မရတော့ချေ။ အတန်ကြာသောအခါ ကလေးတို့ကို ကြည့်လိုက်သည်။ ကလေးတို့သည် ငိုက်နေကြသည်။ ကိုဆင်လည်း သမ်းဝေလာလေသည်။

"ဘယ်ကိုမှ ထမသွားကြနဲ့၊ တိုင်မှာသာ ထိုင်နေကြရမယ်" ဟု ပြောပြီးနောက် ကိုဆင်သည် လဲလျောင်း၍ မျက်စိတို့ကိုမှိတ်လေသည်။ ကိုဆင် မျက်စိမှိတ်သည်နှင့် တစ်ပြိုင်နက် ကလေးတို့၏မျက်စိများသည် ကျယ်လာကြသည်။ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကြသည်။ မျက်စိမှိတ်နေသော ကိုဆင်ကိုကြည့်ကြပြန်သည်။ ကိုဆင် အိပ်ပျော်လျှင် သူတို့ဆင်းကစားကြလိမ့်ဦးမည်။

မည်မျှကြာသွားသည် မသိ၊ ကိုဆင်နိုးလာသောအခါ မဖော့၏အသံကို ကြားရလေသည်။ မဖော့၏အသံကြောင့်လည်း ကိုဆင် နိုးလာရခြင်းဖြစ်လေသည်။ မဖော့သည် မန်ကျည်းပင်ပေါ်သို့ မော့ကြည့်၍ ....

"ကြည့်စမ်း ဟဲ့ကောင်လေး ဆင်းခဲ့၊ မြန်မြန်ဆင်းခဲ့၊ လိမ့်ကျရင် မခက်ပါလား။ ညီမလေး ဘယ်မှာလဲ"

"ဟိုကမ်းနားမှာ"

"အကျိုးနည်းကုန်ပါပြီတော်။ ကိုဆင်၊ ရှင်ဒီလိုပဲ ကလေးတွေကို ပစ်ထားရသလား။ တယ်တော်တဲ့ အဖေပါလားရှင်"

ထိုအခိုက်တွင် သမီးလည်း ရွှံ့ပေနေသော လက်များဖြင့် အမေ့ထံသို့ ပြေးလာ
mgyoe.com

 mgyoe.com 

သည်။ သားလည်း မန်ကျည်းပင်ပေါ်မှ ဆင်းလာ၍ မြေပြင်ကိုနင်းမိပြီ။

ကိုဆင်သည် ကလေးတို့ကို မျက်စောင်းဖြင့်ကြည့်၏။ ကလေးတို့သည် အမေ့ကို ကွယ်နေကြသည်။ "ရော့ ကိုဆင်၊ ဆေးပေါ့လိပ်" ဟု မဖော့သည် ပြောပေးပေး၍ ကလေးများကို စားဖိုဆောင်သို့ သိမ်းရုံးခေါ်သွားလေသည်။ ကိုဆင်သည် စားဖို ဘက်သို့ လိုက်၍ ကြည့်သည်။ မဖော့သည် သမီးလက်များ ရေဆေးပေးသည်။ ထို့နောက် မိမိဝယ်လာခဲ့သော မုန့်ပဲများကို ကလေးတို့အား ထုတ်ကျွေးသည်။ ထို့နောက် ကြမ်းပြင်ပေါ်တွင် ခြေဆင်း၍ ဆံပင်ကိုဖြေသည်။ ခါးကို ရှေ့သို့ ကုန်းလိုက်သည်။ ထိုအခါ တစ်ထွာသာသာရှည်သော ဆံပင်တို့သည် ရှေ့သို့ ဖားလျားကျလာ၍ ခြေသလုံးပေါ်တွင် ဝဲနေကြသည်။ "အမေ့ကျောကို တံတောင်နဲ့ ကြိတ်စမ်း" ဟုဆိုသဖြင့် သားသည် မုန့်ကိုပါးစပ်ထဲ၌ ကိုက်ကာ အမေ့ကျောကို တံတောင်နှင့်ကြိတ်နေသည်။ ကျောသည် တံတောင်အောက်တွင် ယိုင်ယမ်းနေရာ ဆံပင်ဖားလျားကျနေသော ခေါင်းလည်း ယိုင်ယမ်းနေလေသည်။ မဖော့ကို ကြည့်ရသည်မှာ သရဲအခြောက်ခံနေရသည်နှင့်ပင် တူလှတော့သည်။

ကိုဆင်သည် မဖော့ကိုမြင်၏။ သက်ပြင်းချ၍ "ငါ သင်္ကန်းဝတ်မှဖြစ်မယ်" ဟု အတွေးပေါင်းတွင် အတွေးသစ်လောင်းလိုက်ပြန်သည်။ သို့ရာတွင် မယားကို တော်တော်နှင့်မပြောဝံ့သေး။ နှစ်သစ်ကူးချိန်ရောက်မှ ပြောဝံ့၍ သူ့အကြံအထမြောက်သွားလေသည်။

(၃)

ပြောစဉ်က တစ်လလောက် သင်္ကန်းဝတ်လိုကြောင်းပြော၍ သင်္ကန်းဝတ်သည်။ သို့ရာတွင် သုံးလနီးပါးရှိလာပြီ၊ ကိုဆင် လူမထွက်သေးချေ။ ကလေးများကို ကြည့်ဖော်ရှုဖော်အဖြစ်ဖြင့် လာရောက်နေထိုင်သော မဖော့၏ဒွေး(ထွေး)လေးသည် သူ့စါသမီးများကို အောက်မေ့လှပြီ။ သူ့ ရွာသို့ ပြန်ချင်ပြီ။ တစ်နေ့သောအခါ ဒွေးလေးက "ဦးပဥ္ဇင်း ဘယ်တော့လူထွက်မှာလဲ" ဟု မေးလျှောက်လေသည်။ ဦးပဥ္ဇင်းသည် မေးလျှောက်သည်ကိုမဖြေ။ သင်္ကန်းအရိပ်အာဝါသ အေးမြကြောင်း အစချီကာ ပါဠိဂါထာများကို ရွတ်ဆို၍ တရားဟောလေတော့သည်။ ဒွေးလေး ခက်ပြီ။ ဒွေးလေး ၏နားသို့ ထိုတရားမဝင်။ သူ့ကို မတရားသဖြင့် အိမ်ပေါ်မှာခေါ်ထားသည်ဟု အောက်မေ့၍ စိတ်ထဲတွင် ဒေါသူပုန်ထလေသည်။ ဦးပဥ္ဇင်းကြွသွားသောအခါ ဒွေးလေးသည်

mgyoe.com

"ဟော့ ရှင်ဖော့၊ ငါပြန်ချင်ပြီ။ ညည်း ပဥ္စင်းကို လူအထွက်ခိုင်းတော့။ ငါ အလကား သက်သက်မဲ့ ညည်းအိမ်မှာ ကျွန်ခံမနေချင်ဘူး" ဟု မဖော့ကို ကြိမ်းလေသည်။ မဖော့ကလည်း ဦးပဥ္စင်းကို လူထွက်စေချင်လှပြီ။ တစ်ခါနှစ်ခါလျှောက်ပါ၏။ တရား အဟောသာ ခံခဲ့ရလေသည်။ ဝါလည်း ဝင်လှပြီ။ ခွေးလေးကလည်း နားပူလှပြီ။

ကြံရာမရသဖြင့် သူငယ်ချင်းမတစ်ယောက်နှင့် တိုင်ပင်လေသည်။ ပြီးသော အခါ နှစ်ယောက်သား တဝါးဝါးရယ်မောကြလေသည်။

(၄)

ထိုနေ့နံနက်ခင်းသည် နေရောင်ကြောင့် ဝါထိန်နေသည်။ မန်ကျည်းပင်ထိပ် က ချိုးကူသံသည် ဆက်ကာဆက်ကာမြည်နေသည်။ မဖော့သည် မြို့သို့ ဈေးရောင်း မတက်။ အိမ်တွင် ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်နေသည်။ ပြီးလျှင် ရေမိုးချိုး၍ သနပ်ခါးလူးသည်။ ခြေအထိ လူးသည်။ မျက်နှာမှာ ခပ်ပါးပါးခပ်မှုန်မှုန်ရိုက်သည်။ သူ့တစ်ကိုယ်လုံး မွှေးကြိုင်နေသည်။ ဆံပင်ထုံးကို သပ်ရပ်စွာထုံးသည်။ ဆံစုသုံး ချောင်းမျှ ရောပေါင်းထုံးထားသဖြင့် ဆံထုံးနှင့် မျက်နှာတို့သည် အချိုးအစားကျသည်။ မျက်ခုံးကို ကော့နေအောင် ဆွဲသည်။ နဖူးက မရှိမဲ့ ရှိမဲ့ ဆံစများကို ခိုတောင် ကျအောင် အတင်းသိမ်းဆွဲထားသည်။ ကွမ်းဝါး၍ နှုတ်ခမ်းတို့ကို နီစေသည်။ အင်္ကျီအဖြူပါးပါး နှင့် ပန်းပွင့်အနီရိုက် သရက်ထည်ထဘီတို့ကို ဝတ်သည်။ ကလေးနှစ်ယောက်ကို ဝတ်ကောင်းစားလှဆင်ထားသည်။ အိမ်ထဲတွင် အချို့ အိမ်ထောင်ပစ္စည်းများကို ထုပ်ပိုး ထားသည်။ အိမ်ရှေ့တွင် လှည်းတစ်စီးကို အသင့်ပြင်ထားသည်။

ဆယ်နာရီလောက်တွင် ဦးပဥ္စင်းသည် အိမ်သို့ ကြွလာ၏။ သူ့နောက်က သူ့သား ကျောင်းသားပါလာသည်။ လျှောက်လာရင်း "ငါ့ကို လူထွက်ဖို့ ပြောကြဦးမှာ ပဲ" ဟုတွေး၍ စိတ်လေးလာသည်။ အိမ်နားသို့ ရောက်လာ၏။ လှည်းကို မြင်သည်။ အိမ်တွင်းသို့ဝင်၏။ အထုပ်အပိုးတို့ကို မြင်ပြန်သည်။ ခွေးလေးကပင့်ရာ အိမ်ခေါင်းရင်း ၌ ခင်းအပ်သောဖျာပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်လိုက်လေသည်။ မဖော့ကိုကား မမြင်ရသေးချေ။

အတန်ကြာမှ မဖော့သည် ဆွမ်းနှင့်ဆွမ်းဟင်းဗျပ်ကိုချီကာ ထွက်လာသည်။ ညှိုးငယ်သော မျက်နှာကိုငုံ့ထားသည်။ ငုံ့လျက်၌ပင် ဦးပဥ္စင်းအား ဆွမ်းကပ်သည်။ ဦးပဥ္စင်းသည် တစ်ချက်မျှစောင်းငဲ့၍ကြည့်၏။ မဖော့ဖြီးပုံ လိမ်းပုံ ဝတ်ဆင်ပုံတို့ကို

mgype.com

mgyoe.com

မြင်သည်။ တစ်ဖန်ထပ်၍ တစ်ချက်ကြည့်ပြန်သည်။ "ထူးခြားလှပါတကား"ဟု တွေးမိလေသည်။ မဖော့စားဖိုဆောင်သို့ပင် ပြန်ဝင်သွားလေသည်။ ဆွမ်းစားရင်း "မဖော့ငါ့ကို ဘာ့ကြောင့် မကြည့်ပါလိမ့်..."ဟူသော အတွေးနှင့် "မဖော့၏ ထူးခြားသောရုပါရုံတို့သည် ဦးပဥ္စင်း၏ စိတ်ထဲတွင် တဝဲလည်လည် ဖြစ်လာလေသည်။ "ငါ့ကိုလူထွက်ဖို့ပြောမှာပဲ၊ ငါ့တာဝန်ကတော့ သင်းတို့ကို တရားပြဖို့ပဲ မဟုတ်လား"ဟု ဖြေလိုက်မှ စိတ်ငြိမ်သွားလေသည်။

ဆွမ်းကိစ္စပြီးပေပြီ၊ အချိုပွဲကို မဖော့ ယူလာပြန်သည်။ ဦးပဥ္စင်းသည် တစ်ချက်ကြည့်လိုက်ပြန်သည်။ "အလိုနဖူးမှာ ခိုတောင်များချလို့ပါကလား"ဟု အံ့သြမိပြန်လေသည်။ အချိုပွဲကို သိမ်းသွားပြန်သည်။ ထို့နောက် မဖော့ ပြန်ထွက်လာ၍ ခပ်လှမ်းလှမ်းနေရာတွင် ခပ်ကျုံ့ကျုံ့ထိုင်လေသည်။ ဦးပဥ္စင်းကတရားဟောတော့မည်ဟု ပြင်လိုက်သည်နှင့်တစ်ပြိုင်နက် မဖော့သည် "ဒွေးလေး၊ လှည်းဆရာကြီး မလာသေးဘူးလား"ဟု လှမ်းမေးလိုက်လေသည်။ ဦးပဥ္စင်း တရားမဟောနိုင်။ လှည်းဆီသို့ လှမ်းကြည့်လိုက်လေသည်။

ဦးပဥ္စင်းသည် တရားစကားကိုစရမည့်အစား "မဖော့တို့ ဘာများလုပ်ကြမှာတုံး"ဟု မေးလေသည်။

"ဦးပဥ္စင်းကြီးကို အားလုံးစုံလျှောက်ပါရစေဘုရား"ဟု မဖော့သည်ခေါင်းကိုမမော့ဘဲ ပြောသည်။ "ဒွေးလေးကလည်း သူ့ရွာကိုပြန်ချင်လှပြီ။ ဒွေးလေးပြန်ရင် တပည့်တော်မမှာ ဈေးကိုလည်းထွက်ရ၊ ကလေးကိုလည်း ကြည့်ရဖြစ်ပါလိမ့်မယ်၊ သိပ်ဒုက္ခရောက်ပါလိမ့်မယ်၊ ဒုက္ခမရောက်ရအောင် တပည့်တော်မနှင့် ကလေးနှစ်ယောက် ဒွေးလေးတို့ရွာမှာ ပြောင်းနေပါရစေတော့ဘုရား။ သားအကြီးကိုသာ ဦးပဥ္စင်းကြီး ကြည့်ရှုပါဘုရား။ ဟဲ့ကလေး... ဦးပဥ္စင်းကြီးနဲ့ နေရစ်ပေတော့"

မဖော့သည် ခေါင်းကိုမမော့ဘဲ မျက်ရည်စကိုသိမ်း၏။ ဦးပဥ္စင်းသည် ဦးပြည်းကို တိမ်းကာ ငေးနေသည်။ မဖော့က ဆက်၍လျှောက်ပြန်သည်မှာ...

"ဦးပဥ္စင်းကြီးကလည်း တစ်သက်လုံးပဲ ရဟန်းဘဝနဲ့နေပါ၊ တပည့်တော်မတို့လည်း သင့်သလိုကြည့်နေပါ့မယ်။ ဦးပဥ္စင်းကြီးရဲ့ဘဝနဲ့ တပည့်တော်မတို့ရဲ့ ဘဝဟာ ကွာခြားနေပါပြီ။ ဆရာနဲ့ဒကာမအဖြစ်သာ ဆက်ဆံနိုင်ပါတော့မယ်၊ တပည့်တော်မမှာလည်း သားသမီးနှစ်ယောက်ရှိနေသေးတော့ တစ်ရွာတစ်ကျေးမှာ အားကိုးအားထားတွေ့ရင် လက်ခံလိုပါတယ်။ ဟဲ့... ဖိုးနီ ဟိုအထုပ်တွေကို လှည်းပေါ်ယူ

mgyoe.com

mgyoe.com


တင်လိုက်၊ ဒါကြောင့်မို့ အခုကရှင်းအောင် ကိစ္စကိုစီမံပေးစေချင်ပါတယ်၊ နောင်အခါ စကား အရှုပ်အထွေးဖြစ်ပြီး ရုံးကိုမရောက်ပါရစေနဲ့ဘုရား"ဟု မဖော့က လျှောက်လေသည်။

"ဟင်"ဟု ဦးပဥ္စင်းသည် အာလေးလေးနှင့်မြည်လိုက်၏။ မဖော့သည် ခေါင်းကို မမော့တမော်၊ မျက်နှာကိုမဖော့တဖော်ထားလေသည်။ ဦးပဥ္စင်းသည် သက်န်းကို ဟိုပြင်ဒီပြင် ပြင်သလိုပြု၍ မဖော့ကို တစ်ချက်ကြည့်ပြန်သည်။

မဖော့သည် အားတက်လာ၍ "ဦးပဥ္စင်းကြီးဘုရား... ယခုလို လျှောက်ထားရတာဟာ နှစ်ဖက်အကျိုးကိုကြည့်ပြီး လျှောက်ထားရခြင်းသာ ဖြစ်ပါတယ်။ ဦးပဥ္စင်းကြီးလည်း တရားတော်ကို ဖြောင့်ဖြောင့်အားထုတ်နိုင်ပါလိမ့်မယ်။ တပည့်တော်မမှာလည်း အခြားအားကိုးအားထားကို တွေ့ပါက..."

"ဟာ– နင်တို့ရွာလေးရွာမှာ ထန်းရည်သမား အလွန်ပေါတယ်ဟ။ ငါ လူထွက်ပါတော့မယ်ဟာ"ဟု ပြော၍ အိမ်မှဆင်းသွားလေ၏။

မဖော့၊ ကိုဆင်၏ မယားဖြစ်ရပြန်လေသတည်း။

❑

mgyoe.com

mgyoe.com

## ပစ္စန္တရစ်*

## သိပ္ပံမောင်ဝ

တပေကုလားဆိုသော အမည်သည်ဆန်း၏။

ဌင်းကား မောင်လူအေး၏ နယ်အတွင်းရှိ တံငါရွာကလေးတစ်ရွာ၏အမည် ဖြစ်လေသည်။ တပေကုလားရွာသာမဟုတ်၊ တပေကုလားအင်းဟူ၍လည်း ရှိသေး၏။ တပေကုလားကွင်းဟူ၍လည်းရှိသေး၏။ တပေကုလားချောင်းဟူ၍လည်း ရှိသေး၏။

တပေကုလားအင်းကို အကြောင်းပြု၍ တပေကုလားရွာဟူ၍ပင် ခေါ်ဆိုသလော၊ တပေကုလားရွာကိုအကြောင်းပြု၍ တပေကုလားချောင်း၊ တပေကုလားအင်း၊ တပေကုလားကွင်းဟူ၍ပင် ခေါ်ဆိုသလောဟု မည်သူမျှမပြောပြနိုင်။ တပေကုလား ရွာသားတို့အား မေးသောအခါကား ရှေးအတီတေ ပဝေသဏီကပင် ရှိခဲ့သည်ဟု ပြောကြဆိုကြကုန်၏။ ကမ္ဘာဦးအခါကပင် ဆင်းသက်ပေါ်ပေါက်လာသည်ဟူ၍များ ထင်မှတ်နေကြလေရော့သလား။

တပေကုလားဆိုသော စကား၏အဓိပ္ပာယ် မည်သို့နည်းဟု နှိုက်နှိုက်ချွတ်ချွတ် မေးလေ့ရှိသူ

* ယခင်အသုံး – ပစ္စန္တရာဇ်

mgyoe.com

mgyoe.com

တို့က မေးကောင်းမေးကြပေလိမ့်မည်။ ရွာတွင် အသက်အကြီးဆုံး အဘိုးကြီး ဦးနောက်တိုးအား မေးကြည့်သောအခါ တပေကုလား ဆိုသော စကားမှာ တပေကုလား ဟူ၍ အဓိပ္ပာယ်ရကြောင်းနှင့် ပြောပြလေသည်။ ၎င်း၏စကားကို ယုံမှားဖွယ်မရှိ။ ဦးနောက်တိုးကား အသက် ၈၅ နှစ်ပင်ကျော်ပြီ ဖြစ်သောကြောင့် ရှေးမီနောက်မီ အဘိုးကြီးဖြစ်လေသည်။

အချို့အတွေးကောင်းသော သူတို့ကမူကား တပေကုလားဆိုသည်မှာ တစ်ပေခန့်ရှိသော ကုလားပုကလေးတစ်ယောက်ကစတင် တည်ထောင်၍ ထားခဲ့သော ရွာဖြစ်သောကြောင့် တပေကုလားရွာဟု အမည်တွင်ကြောင်း တွေးတောကောင်း တွေးတောကြပေလိမ့်မည်။

သို့သော် ဦးနောက်တိုးပေးသော အဓိပ္ပာယ်လောက်မကြိုက်။

တပေကုလားဆိုသောစကား၏အဓိပ္ပာယ်ကိုရှင်းလင်းပြီးသည်၏ အခြားမဲ့၌ တပေကုလားဟူသော အကြင်တံငါရွာကလေး၏တည်ရာအခြေနှင့် သာယာပုံကို ရေးသားဦးအံ့။ ၎င်းရွာကလေးကား အလွန်နောက်ကျို၍ ရွှံ့အတိပြီးသော တပေကုလားချောင်းကလေး၏ ဘေးတွင် တည်ရှိလေသည်။ ဤချောင်းကလေးမှတစ်ပါး အခြားဘေးပတ်လည်တွင် ကွင်းပြင်လဟာကြီးဖြင့် ခြံရံလျက် တစ်ရွာလုံးပင်ကုက္ကိုပင် သုံးလေးပင်အပြင် အခြားအပင်ဟူ၍မရှိ၊ ကွင်းခေါင်ခေါင်ကြီးတွင်တည်ထားသော ရွာကလေးတည်း။ နွေဥတုတွင် ပူပြင်းလိုက်သည်မှာ ပြောစရာမရှိ။ ရွာထိပ်တွင် ဘုန်းတော်ကြီးဦးဇဝန ကျောင်းတစ်ကျောင်းရှိ၏။ အင်းသားများသေခါနီး ဆည်းကပ်ရာ ကျောင်းပေတည်း။ ရွာတောင်ဘက်စွန်းတွင် ဦးဘိုးထွန်း တူးထားသော ရေကန်တစ်ကန်ရှိလေသည်။ ရွာသားတို့ သောက်ရေခပ်ယူရာတည်း။

ထိုရေကန်နှင့် ကပ်လျက် အန္တရာယ်ကင်းကိုးတောင်ပြည့်ဘုရား။ ကွင်းခေါင်ခေါင်တွင် ရွာတွင်အိမ်ခြေကား သုံးလေးဆယ်ခန့်၊ သက်ငယ်မိုးဝါးကပ်ကာ၊ ဝါးခြမ်းခင်း၊ ဝါးတိုင်တွေနှင့် အိမ်များသာ၊ နှစ်ဆောင်ပြိုင် ကျယ်ကျယ်ဆောက်ထားသော အိမ်ကား နတ္ထိ။ ပျဉ်ထောင်အိမ်ဟူ၍ကားမရှိ၊ တစ်အိမ်လျှင် အလွန်ဆုံး ငွေ ၁၀–ခန့်တန်၏။ သို့သော် အင်းခံဝန်ပေးကြသောအခါ ငါးရာတန်သည်ဟု ကျမ်းကိုင်ကာဆိုကြလေသည်။

အိမ်အောက်များတွင် ဝက်တွေ၊ ကြက်တွေ၊ ဘဲတွေ အနံ့အပြားလွှတ်၍ထားလေသည်။ ဆူဆူညံညံနှင့် အိမ်ရှေ့နောက်ဖေး၊ အိမ်ပတ်ဝန်းကျင်များတွင် ငါးပိအိုး

mgyoe.com

mgyoe.com

တွေ ငံပြာရည်အိုးတွေ အနန္တနှင့် နံလိုက်သည်ဖြစ်ခြင်း။ သင်းတို့ရွာသားတွေ ဘယ်လို နေကြသည်မသိ၊ ရောဂါလည်းမရ၊ ဒုက္ခလည်းမဖြစ်။

တစ်ရွာလုံးတွင် အိမ်သာတစ်လုံးမျှမရှိ၊ တကယ့်ရွာသားတွေ။ ရွာလမ်းကား ကျယ်ပါ၏။ နွေအခါတွင် ဖုန်တထောင်းထောင်း၊ မိုးအခါတွင် ရေမြုပ်။ လမ်းချည်း သာ ရေမြုပ်သည် မဟုတ်၊ အိမ်များလည်းရေမြုပ်၏။

ရွာသားများအိမ်အပေါ်ထပ်တွင် တက်၍နေကြရလေသည်။ ကြက်လည်း သည်မှာ၊ ခွေးလည်းသည်မှာ၊ ဝက်လည်းသည်မှာ၊ ဘဲလည်းသည်မှာ၊ ကြောင်လည်း သည်မှာ၊ တော်တော်ပျော်စရာကောင်း၏။ အိပ်လည်းသည်မှာ၊ စားလည်းသည်မှာ၊ ထမင်း ဟင်းချက်လည်းသည်မှာ၊ ကျန်းမာရေးဆရာများအတွက် သင်ခန်းစာတစ်ခု ပေ။

မိုးတွင်းအခါတွင် မြွေပွေးတွေ ပေါလိုက်သည်မှာလည်း ပြောစရာမရှိ။ ဝါခေါင် လအတွင်းက မောင်ဘိုးသောင်ဇနီး အပေါ်ထပ်တွင် အိပ်နေခိုက် မြွေပွေးခဲ၍ သေရှာ လေပြီ။

ဤမျှနှင့် တပေကုလားရွာကလေး၏ သာယာပုံအကြောင်းသိလောက်ပြီထင့်။ ရွာသား ရွာသူတို့အကြောင်းရေးသားပါရစေဦး။

တစ်ရွာလုံးရေနှင့် အသက်မွေးသူချည်း။ ရွာပတ်ဝန်းကျင်တွင် အင်းပေါင်း ခြောက်အင်းခန့်ရှိ၏။ ၎င်းအင်းတို့တွင်ရှိသော ငါးများအပေါ်၌ အုပ်ချုပ်မင်းလုပ်၍ နေကြသော အင်းသားကြီးကား ခြောက်ယောက်ခန့်ရှိလေသည်။ တပေကုလား သူကြီးဦးငွေလုလည်း တစ်ယောက်အပါအဝင်ဖြစ်၏။ ထိုအင်းသားကြီး ခြောက် ယောက်တို့မှအပဖြစ်သော အခြားရွာသားတို့ကား အချခံအင်းသားကလေးများနှင့် အင်းကူလီများသာတည်း။ လယ်သမားဟူ၍ အောင်ဖေနှင့် ဦးဘိုးဆင်တို့ နှစ်ယောက် သာရှိလေသည်။

၎င်းတို့နှစ်ယောက်ကား တစ်ရွာလုံးနှင့်မသင့်။ နှစ်ယောက်နှင့်တစ်ရွာလုံး ဖြစ် သော်လည်း အောင်ဖေတို့တွင် အနည်းငယ်မျှကြောက်စိတ်မရှိပါ။

အောင်ဖေသတင်းပေးချက်အရ ယစ်မျိုးအရာရှိ ဦးဘမော် ဗိုက်ပူကြီးရွာသို့ တိတ်တဆိတ်လာ၍ မွှေနှောက်သွားလေသည်။ သူကြီးသား မောင်ပြားလက်ထဲ ဘိန်း ငါးကျပ်သားမိ၏။ သူကြီး၏တူ ထွန်းတင်၏အိမ်မှ ချက်အရက်ခြောက်ပုလင်းမိလေ သည်။ ဒဏ်ငွေ ၇၅ ကျပ်စီအရိုက်ခံကြရ၏။ မောင်ပြားနှင့် ထွန်းတင်တို့မှာ အခဲ

mgyoe.com

mgyoe.com

မကျေကြ။ သူကြီးမင်း ဦးငွေလှမှာလည်း အောင်ဖေ အပေါ်တွင် အချက်ရှာလျက် နေလေတော့သည်။ အောင်ဖေမှာလည်း ခေါင်းမာသူတစ်ယောက်ဖြစ်၏။ လူခွန်ကို မဆောင်၊ ကတ်ဖဲ့လုပ်၍ နေလေသည်။ သူကြီးမင်း၏ အချက်ပေါ်ပြီ။ မြို့ပိုင်မင်းထံ တိတ်တဆိတ်သွား၍ ဝရမ်းစာတစ်စောင် ထုတ်ခဲ့လေသည်။

ညတိတ်တဆိတ်၊ အောင်ဖေ၏ အိမ်ကိုဝိုင်း၍ အောင်ဖေကို ဖမ်းကြကုန်၏။ အောင်ဖေလည်း မပြေးသာ၊ အဖမ်းခံရရှာ၏။

သူကြီးမင်းလည်း ဝရမ်းစာကိုပြန်ပြပြီးလျှင် အောင်ဖေအား လက်ထိတ်ခတ် လေတော့သည်။ ပြီးလျှင် မီးတုတ်တွေနှင့် ရွာလယ်ကောင်တွင် လျှောက်၍ ပြောလေသည်။ တစ်ရွာလုံး တအုန်းအုန်းနှင့်နေ၏။ အောင်ဖေ၏အရှက်ကား ဆိုစရာ မရှိပြီ။ ၎င်း၏ မယားကနောက်တစ်နေ့တွင် လူခွန်ငါးကျပ်နှင့် စရိတ်ငါးကျပ်ပေါင်း ငွေတစ်ဆယ် ဆောင်တော့မှ အောင်ဖေအား ရွာသူကြီးမင်း လွှတ်လိုက်လေတော့သည်။

မိမိ၏တပည့်ကို အရှက်ခွဲသောကြောင့် ဦးဘိုးဆင်မှာ အသည်းနာလျက် နေ၏။ တစ်နေ့သော် ပုလိပ်အရာရှိများနှင့်ပူးပေါင်းပြီးသကာလ ဆယ်အိမ်ခေါင်း ဘိုးထင်တို့ အိမ်တွင် ဖဲဝိုင်းကို ဖမ်း၏။ ဘိုးထင်ကား အောင်ဖေအားသူကြီးဖမ်းစဉ်က ရှေ့ဆောင်ဖြစ်လေသည်။ ထိုဖဲဝိုင်းဖမ်းရာတွင် အင်းသားကြီး ထွန်းစိန်၊ အင်း လက်ထောက်အချခံ စိန်ဘိုး၊ သူကြီးကတော် ဒေါ်ရှ၏တူ မောင်အောင်တို့လည်း အဖမ်း ခံကြရလေသည်။

တရားသူကြီးက တစ်ယောက်လျှင် ဒဏ်ငွေအစိတ်ရိုက်လိုက်လေသည်။

ဤအမှုအတွက် ဦးဘိုးဆင်အပေါ်၌ သူကြီးမင်းစိတ်ခုပြန်လေပြီ။ အချက်ကိုရှာ ပြန်၏။ ဦးဘိုးဆင်ကား လူခွန်လည်းဆောင်ပြီးပြီ။ ဖဲဝိုင်းလည်းထောင်သူမဟုတ်။ ဘိန်းတို့ အရက်တို့ကိုလည်း မရောင်း။ အကြံရအိုက်လျက်နေ၏။ သို့သော် အကြံ မလျှော့။ ဦးဘိုးဆင်မှာ သစ်ပင် ပန်းပင်စိုက်ပျိုးခြင်းကိုဝါသနာပါ၏။ ၎င်း၏ အိမ်ရှေ့ တွင် ပန်းခြံကြီးကိုခမ်းနားစွာ ပြုစုပျိုးထောင်၍ထားလေသည်။ ၎င်းပန်းခြံအတွင်းရှိ ပန်းပင်သစ်ပင်ကလေးတို့ကိုသာလျှင် အရိပ်တကြည့်ကြည့်နှင့် နေ၏။ ၎င်းဦးဘိုးဆင် ၏ ဥယျာဉ်မှာ ရွာလမ်းထဲသို့ဆယ်ပေခန့် ကျူးလွန်၍နေလေသည်။

သူကြီးမင်းအချက်ပေါ်လေပြီ။ ဦးဘိုးဆင်သည် ရွာလမ်းပေါ်၌ ကျူးလွန်နေ ကြောင်းကို အရေးပိုင်မင်းထံ အစီရင်ခံစာရေးသား၍ ဆက်သွင်းလိုက်၏။ မကြာမီ အရေးပိုင်မင်းထံမှ ၎င်းကျူးလွန်နေသောမြေပေါ်ရှိ သစ်ပင်ပန်းပင်တို့ကို ခုတ်ပစ်

mgyoe.com

 gyoe.com 

ရန်အမိန့်ရောက်ရှိလေသည်။ သူကြီးမင်း၏ဝမ်းမြောက်ခြင်းကား မပြောပြနိုင်ပြီ။ မိမိအိမ်ဦးခန်းထဲတွင် ဆွဲ၍ထားသော မောင်းကွဲကြီးကို အကြိမ်ပေါင်းများစွာ ထု၏။ ရွာသားသုံးလေးဆယ်ခန့် ဓားကိုယ်စီ တုတ်ချွန်ကိုယ်စီနှင့် ရောက်လာလေပြီ။ သူကြီးမင်းလည်း ရွာသားသုံးဆယ်ကျော်တို့နှင့် ဦးဘိုးဆင်အိမ်ရှေ့သို့သွား၍ လမ်းတွင်ကျူးလွန်နေသော ဥယျာဉ်တွင်းရှိ သစ်ပင်ပန်းပင်တို့ကို စိစိ ညက်ညက်ကြေအောင် ဖျက်ဆီးလိုက်ကြလေပြီ။ ဦးဘိုးဆင်က တား၏။ သူကြီးမင်းက အရေးပိုင်မင်း၏အမိန့်ကိုပြ၏။ ဦးဘိုးဆင်၏ အသည်းကိုကျွဲဝင်ခတ်လေပြီ။ အဘယ်မှာအခဲကျေနိုင်မည်အံ့နည်း။

တစ်နေ့သော် မောင်ဟန်ကြီးနှင့် မပန်းစိန်တို့၏ မင်္ဂလာဆောင်တွင် ဦးဘိုးဆင်၏သမီး မပန်းအောင်က သူကြီးမင်း ဦးငွေလှသည် မတရားသောသူကြီး၊ ရွာသားရွာသူတို့အား နှိပ်စက်သောသူကြီး၊ ဘိန်းစားသောသူကြီးဟူ၍ ခပ်ကျယ်ကျယ်ကလေးဆိုလျက်နေလေသည်။ သူကြီးကတော်ကြီး ဒေါ်ရှု ကြားလျှင် မခံနိုင်၊ မင်္ဂလာဆောင်အိမ်တွင် ရန်ပွဲကြီးစလေတော့၏။ ဒေါ်ရှု၏ အဒေါ်တော်စပ်သူ ဒေါ်ရွှေခက်ကထဘီတစ်တောင်လောက်မြှင့်ကာ သူကြီးကတော်ဘက်မှဝင်၍ကူ၏။ ဦးဘိုးဆင်၏တူမ မပန်းရီက မပန်းအောင်ဘက်မှဝင်၍ရန်တွေ့၏။ ဤရန်ပွဲကား မိန်းမတွေနှင့်သာကိစ္စဘိုးမှုကား ကောင်းလေစွ။

ဟော. . .ဟော. . .သူကြီးသား မောင်ပွားနှင့် သူကြီးတူ ထွန်းတင်တို့ပေါက်၍ လာကြလေပြီ။ မောင်ပွားလက်ထဲတွင် ဓားမြှောင်နှင့်၊ ထွန်းတင် လက်ထဲတွင်သံဘုတ်နှင့်။ မိန်းမအချို့ မင်္ဂလာဆောင်အိမ်မှ ဆင်း၍ ပြေးကြလေပြီ။ သို့သော်မပန်းအောင်နှင့် မပန်းရီတို့ကား ထိပင်မထိ၊ ဂရုပင်မစိုက်၊ အရေးပင်မလုပ်။ ဆဲမြဲတိုင်း၊ တိုင်းမြဲတိုင်း၊ ဆိုမြဲတိုင်း။

မောင်ပွားနှင့် ထွန်းတင်တို့ ဒေါ်ရှုဘက်မှ ကူ၍ဆဲကြလေပြီ။ ရွာသားများမည်သူမျှမကပ်ဝံ့ကြ။ တော်တော်ဆိုးတဲ့အကောင်တွေ။ မပန်းအောင်၏ယောကျာ်းမောင်သာအိကအိမ်မှ ပြေးလာပြီးလျှင် ထွန်းတင်အား ဓားနှင့်ခုတ်လေပြီ။ မောင်ပွားက သာအိအား ဓားမြှောင်နှင့်ထိုး၏။ ထွန်းတင်နှင့် သာအိနှစ်ယောက်သားပုံလျက်ပေါက်ကြလေပြီ။ ဟောဟိုမှာသာအိညီ ကိုဇန်းနှင့် ဘိုးကျားတို့ ပေါက်လာကြပြီ။ ဆွဲကြပါဦး၊ ဆွဲကြပါဦး။ သည်တစ်ခါတော့ ခက်တော့မည်။ လုံ့တွေကိုယ်စီနှင့်၊ ဆွဲသူကဆွဲ၊ ဖက်သူကဖက်ထားကြ၏။ မနိုင်၊ မောင်ပွားဘက်မှကူညီရန် ထွန်းအောင်နှင့်

mgyoe.com

mgyoe.com

ထွန်းမောင်တို့ ညီအစ်ကိုလည်း မိုန်းကြီးတွေကိုယ်စီနှင့်။ ခက်ကုန်ပြီ၊ ခက်ကုန်ပြီ၊ လုပ်ကြပါဦး။ သူကြီးကို အကြောင်းကြားမှပေါ့၊ သူကြီးအိမ်မှမောင်းကွဲသံကြီး ဆူညံနေပြီ။ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်၊ သူကြီးလည်း မနိုင်တော့ပြီ။ သူကိုယ်တိုင်ပင် ဤစစ်ပွဲတွင် ပါဝင်နေသလား မပြောတတ်။ ဆွေမျိုးတွေအားလုံး မီးဆက်ကုန်ကြလေပြီ။ အနီးအနား ရွာများကပင် ဆူညံနေသောအသံကြီးကို ကြားကြရကုန်၏။ ဤရန်ပွဲကြီးမည်မျှ ကြာသည်မသိ၊ နောက်တစ်နေ့၌ တပေကုလား ရွာသူရွာသား အယောက်နှစ်ဆယ်ခန့်ဆေးရုံသို့ရောက်၍နေကြလေသည်။

တစ်ရွာလုံးတိတ်လျက်နေပေပြီ။ ဘုန်းတော်ကြီး ဦးဇဝနကျောင်းတွင် မွေးထားသော အောင်နက်၊ ဂျိုကာ၊ အာဝါဒေး စသောခွေးများလည်း ထမင်းငတ်နေကြကုန်၏။ ဘုန်းတော်ကြီး ဦးဇဝန ကိုယ်တိုင် ဆွမ်းမဝ တဝသာ ဘုဉ်းပေးမည်ဟူသော ဓူတင်ကို ကျင့်ရလေ၏။ ဆွမ်းပို့သူမရှိ၊ ဆွမ်းခံ၍ရသမျှနှင့်သာ တင်းတိမ်ရရှာလေတော့သည်။ အဆိုပါရန်ပွဲကြီးကား ရွာသူရွာသားတို့ကိုသာ ထိခိုက်သည်မဟုတ်၊ ဘုန်းတော်ကြီးဦးဇဝနကိုပင် ထိခိုက်သောဟူ၏။

ဘုန်းတော်ကြီး ဦးဇဝန တပေကုလားရွာသို့ ရောက်သည်မှာ သုံးဝါပင်ရှိလေပြီ။ ယခုကဲ့သို့ တစ်ခါမျှခေါင်းပါးခြင်းမဖြစ်ခဲ့ဖူး။ မိမိ တပေကုလားသို့ ကြွမလာမီ ထိုကျောင်းတွင် ထိုင်ခဲ့ဖူးသော ဘုန်းတော်ကြီး ဦးဝိဇယ လက်ထက်တော်အခါက မူကား ရွာသားများနှင့် မသင့်သောကြောင့် တော်တော်ပင် ခေါင်းပါးခဲ့လေသည်။ အကြောင်းကား ဦးဝိဇယကိုယ်တော်က ငါးဖမ်းခြင်း၊ ငါးပိလုပ်ခြင်းတို့ဖြင့် အသက်မွေးခြင်းသည် မကောင်းသော အသက်မွေးခြင်းဖြစ်သည်ဟူ၍ ဟောတော်မူသောကြောင့် ဖြစ်လေသည်။

ဘုန်းတော်ကြီးဦးဇဝနကား ဘုန်းတော်ကြီး ဦးဝိဇယမဟုတ်၊ အင်းသားတွေနှင့် ဆန့်ကျင်ဘက်ဖြစ်သောတရားကိုမဟော။ တစ်သက်ပတ်လုံး သူတကာ၏ အသက်များကို သတ်ဖြတ်၍ နေသော်လည်း သေခါနီး ကောင်းသောဇောကိုဝင်လိုက်လျှင် ကောင်းရာသုဂတိသို့လားရသည်ဟူ၍ ပုံတွေ၊ ဝတ္ထုတွေနှင့် ဟောလေ့ရှိ၏။ ထိုတရားကို ဟောကြားသည့်နေ့မှစ၍ ဘုန်းတော်ကြီး ဦးဇဝနကျောင်းတွင် ဆွမ်းအုပ်တွေ မနည်းပြီ။ ကျောင်းသားလည်းမနည်းပြီ။

ဘုန်းတော်ကြီး ဦးဇဝနမှာ တရားဟောသောနေရာတွင်သာ ခေတ်ဆန်သည် မဟုတ်၊ ကျောင်းသားများအား စာသင်ကြားသောနေရာတွင်လည်း ခေတ်ဆန်လေ

mgyoe.com

သည်။ ကျောင်းသားများ၏စိတ်ကိုချုပ်ချယ်ခြင်းမပြု။ ၎င်းတို့အား လွတ်လပ်စွာထား၏။ ကျောင်းသားများကျောင်းတက်ချင်သောအချိန်တွင် ကျောင်းတက်နိုင်၏။ အလျှင်း ကျောင်းမတက်ဘဲ နေလိုကနေနိုင်၏။ သင်ကြားလိုသောစာကို သင်ကြားနိုင်၏။ ထင်သလိုနေနိုင်သောကျောင်းတည်း။

ထိုသို့လွတ်လပ်ခွင့်ကို ပေးထားသောကြောင့် မဟုတ်လော၊ ကျောင်းသားများ ထမင်း၊ ဟင်းစားသောက်ပြီးကြလျှင် ကျောင်းတွင် တစ်ယောက်မှမရှိ၊ တပေကုလားချောင်းထဲတွင် ရေကူးသူကူး၊ ငါးဖမ်းသူဖမ်း၊ ကဏန်းနှိုက်သူနှိုက်၊ လွတ်လပ်လိုက်တဲ့ ကျောင်းသားတွေ။ အင်္ကျီလုံချည်ဆို၍မကပ်ကြ၊ ခေါင်းတုံး ပြောင်ပြောင်၊ ကိုယ်ရောင်မည်းမည်း၊ သရဲကလေးတွေနှင့်မခြား၊ ဆေးပြင်းလိပ်တွေ ပါးစပ်ထဲခဲထားကြသေး။ အရွယ်ကလေးတွေက ကိုးနှစ်၊ ဆယ်နှစ်သာ။

၎င်းကျောင်းသားများအနက် နှောင်နှစ်ပေါင်း လေး–ငါးဆယ် လွန်မြောက်လျှင် တစ်ယောက်တလေ မြန်မာပြည်သမ္မတမဖြစ်ဘူးဟူ၍ မည်သူ ပြောကြားနိုင်အံ့နည်း။ သမ္မတဆိုသည်မှာ အများသဘောတူလျှင် ဖြစ်စတမ်း။

❑

mgyoe.com

mgyoe.com

# ပေါ်တော်မူ

မင်းသုဝဏ်

သမ္မန်သမား ကိုမြတ်သာတို့ သားအဖ လင်မယား သုံးယောက်မှာ တစ်ဝမ်းတစ်ခါးအတွက် လုပ်နိုင်မှ စားကြရလေသည်။ တစ်နေ့နှင့်တစ်နေ့ အလျဉ်မိအောင် အလွန်ကြိုးစားရ၏။ ကြက်ဆင်းမှ ကြက်တက် နေထွက်မှနေဝင် ၁၂ နာရီအတွင်းတွင် အလုပ်လုပ်ကြရသဖြင့် အချိန်မကုန်၊ အလုပ်ရှာရသဖြင့် အချိန်ကုန်လေသည်။ အလုပ်လုပ်ရသဖြင့် မပန်း၊ အလုပ်လုပ်ရှာရသဖြင့် ပန်းလေသည်။ အိမ်ကြီးရှင်များမှာ အိုက်သောကြောင့်အိပ်မရ၊ ခြင်ကိုက်သောကြောင့် အိပ်မရ။ စေသောကြောင့် အိပ်မရ၊ လကလေးသာသောကြောင့် အိပ်မရ စသည်ဖြင့် တစ်ရာ့တစ်ပါးသော အကြောင်းများကြောင့် အိပ်မရသော်လည်း ကိုမြတ်သာတို့ သားအမိတစ်စုမှာ သူငယ်တိတ်ဆိတ်အချိန်တွင် သက်ကြီးများပါရောၡ ခေါင်းချကြလေတော့သည်။ တခေါခေါနှင့် ဟောက်ကြလေတော့သည်။ ကျန်းမာရေးနှင့် ညီညွတ်၏။ ချွေတာရေးနှင့် မျှတ၏။

ယနေ့ညအဖို့မှာကား ဂါတ်တဲဆီမှ ၁၁ နာရီထိုး၍ နာရီမွေသံကိုကြားရပြီ ဖြစ်သော်လည်း ကိုမြတ်သာမှာ မျက်စိကြောင်တုန်းပင် ဖြစ်၏။

mgyoe.com

ခေါင်ပေါက်ကလေးမှ အသွယ်သွယ်ထိုးဆင်းကျလာသော လရောင်ခြည်တန်းကလေးများကို ကြည့်ရင်း စဉ်းစားခန်းဝင်လျက်ရှိ၏။ ခြေရင်းနှင့် ခေါင်းရင်းမှားနေသော မိမိသားကလေး၏ ခြေထောက်သည် မိမိရင်ဘတ်ပေါ်သို့ ရောက်လာသည်ကိုမျှလည်း သတိမထားမိ။

မိမိနားထဲတွင် အသက်ကလေးရယ်တဲ့ ရှည်စေလို၊ မြစန်းရှင် သွယ်သွယ်အေးရယ်နဲ့၊ ဒေးသုံးလုံးခို..... ဆိုသော တေးသံကိုသာ ကြားယောင်လျက်ရှိ၏။ ဤသီချင်းကို ကလေးလူကြီးဆိုလျက် ဒေးသုံးလုံး ပေါ်တော်မူသို့ နေ့မစဲညမစဲ သွားလာကြသည်မှာ ဆယ်ရက်မျှရှိလေပြီ။ မိမိတို့မြို့ကလေးမှာ ဤတေးသံဖြင့် တွန်မြည်ကြွေးကြော်လျက်ရှိ၏။ တွတ်တီးတွတ်တာ ပြောတတ်ခါစ ကလေးများပင် အတက်ကလေးရယ်တဲ့ချေျချေလိုဟူသော တေးကို မိခင်နှုတ်မှ အမွေရကြလေပြီ။ တောင်ပိုင်း ကိုသူတော်၏ အဘွား ဒေါ်သာလိ၏ အမေ အသက်ရှစ်ဆယ်ကျော်ပြီဖြစ်သော ဘွားကလီစာပင်လည်း သွားကြားလေထွက်သံဖြင့် ဤတေးကိုသီ၍ ထိုပေါ်တော်မူကို အဖူးအမြော်ရောက်ခဲ့လေပြီ။ တစ်ခါရောက်လျှင်တစ်ကပ်၊ နှစ်ခါရောက်လျှင်နှစ်ကပ်၊ သုံးခါရောက်လျှင် ကပ်ကြီးသုံးကပ်ကို ကျော်နင်းနိုင်ပြန်လေတော့သည်။ ကိုမြတ်သာတို့အပိုင်းမှ ဒေါ်ရွှေဥမှာ သုံးခေါက်ပြည့်အောင် မီးထွက်မှ တစ်ခေါက် သွားလိုက်ဦးမည်ဟု မီးတွင်းထဲမှနေ၍ ကြိမ်းဝါးအားခဲလျက်ရှိ၏။ အင်္ဂလိပ်အရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့ပင်လည်း တစ်နေ့ကရောက်ပြီးလေပြီ။ ကိုမြတ်သာတို့ အိမ်သားသုံးယောက်မှာ မရောက်သေး။ ယခုအခါ တရုတ်စစ်ရောက်လာပါလျှင် တစ်မြို့လုံးတစ်နယ်လုံး ချမ်းသာ၍ မိမိအိမ်သားတစ်စုသာ ကပ်ထဲပါသွားမည်ကို တွေးလျက်ကြောက်၏။ ရှေးအခါကကဲ့သို့ တုပ်ကွေးကြီးထလျှင် မိမိတို့အိမ်သားတစ်စုသာ ကပ်ထဲတွင်ပါသွားရမည်ကိုတွေးလျက်ထိတ်၏။ အဘိုးအဘွားများ ပြောဖူးသကဲ့သို့ သရောကြီးခိုင်းလျှင် မိမိတို့အိမ်သားတစ်စုသာ ကပ်ထဲပါသွားရမည်ကို တွေးလျက် လန့်၏။ ကိုမြတ်သာ အိပ်မပျော်သည်မှာ အံ့ဩဖွယ်မရှိပေ။

ဒေးသုံးလုံးပေါ်တော်မူကား မိမိတို့မြို့ကလေးမှ သုံးမိုင်ခန့်သာဝေးသော ပုတတ်စာငူ၏ အရှေ့တောင်ဘက် သင်္ကန်းပင်ပျိုတောထဲတွင် တည်ရှိ၏။ စစ်ကိုင်းချောင်မှ ဆံရှည်ကိုယ်တော်ပေါ်လာသော ရှေးတလိုင်း စေတီဟောင်းများ ဖြစ်လေသည်။ ဖိုခုံလောက်ဆိုင် ကုန်းကလေးသုံးကုန်းပေါ်တွင် စေတီညီနောင်သုံးဆူ အလွန်ကြည်နူးဖွယ်ကောင်း၏။ ကုန်းတော်ပေါ်တွင် နံကရိုင်းကျွဲမ၏ နို့ရည်တို့သည် ခဲကုန်သဖြင့်

mgyoe.com

 mgyoe.com


ကျောက်ခဲကလေးများဖြစ်၍ ကျန်ခဲ့သည်မှာ အများအပြားပင် ဖြစ်၏။ ၎င်းကျောက်ခဲကလေးများကို သောက်ရေအိုးတွင် ထည့်၍သောက်လျှင် ဝမ်းနာပမ်းနာကောင်း၏။ ရေချိုးအိုးထဲတွင်ထည့်၍ချိုးလျှင် ညှင်းဖြူတင်းတိပ် ပျောက်၏။ ကန်ကြီးဒကာဦးသာရောက်သည် လပြည့်နေ့က ကျောက်ခဲတစ်တင်းကျုံးခဲ့၍ မြို့ထိပ်ကန်ကြီးတွင် ထည့်ပြီးဖြစ်လေသည်။ လူပျိုကြီးကိုရွှေမိတ်သည် ကျောက်ခဲတစ်ဆုပ်ကို ပဝါဖြူနှင့် ထုပ်၍ မိမိပိုးပန်းနေသော၊ နဖူးဆီတွင် ညှင်းနှင်းပွင့်ကလေးများ အနည်းငယ်ရှိသော အပျိုကြီးမလှမင်း ရေချိုးလေ့ရှိသည့် ဝါးတံတားတွင် ချည်နှောင်ထားပြီး ဖြစ်လေသည်။

တစ်ခုသောကုန်းတွင် အချင်းတစ်လက်ဝါး၊ အဝန်းသုံးလက်ဝါး၊ အစောက်တစ်မိုက်ခန့် နက်သော နတ်ရေတွင်းကလေးသည် ကုန်းခေါင်ခေါင်တွင် ဖြစ်သော်လည်း ရေထွက်၍ ဘုန်းတော်ကြီးတစ်ပါးသည် အစောင့်နေလျက် ဘုရားဖူးတို့အား နတ်တွင်းရေကို ပေးလှူလေသည်။ တွင်းပတ်လည်တွင် ဆူဆူညံညံနှင့် လူအသွားအလာ ရှုပ်သောအခါ နတ်တွင်းရေသည် မထွက်လာ၊ လူရှင်းမှ ထွက်လာလေသည်။ ၎င်းနတ်တွင်းရေ၏ အကျိုးကား ကိုးဆယ့် ခြောက်ပါးသော ရောဂါတို့ကို ပျောက်ကင်းစေ၏။ စုန်း၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတို့ကို နိုင်၏။ ကိုမြတ်သာသည် ဘုရားဖူးတစ်ဦးထံမှ အနည်းငယ် သောက်ခဲ့ရပြီဖြစ်၏။ သို့ပါသော်လည်း မိမိသား၊ မယားတို့အား ခေါ်သွား၍ တိုက်ချင်သေး၏။ အဘယ်အခါ တိုက်ရပါအံ့နည်း။

တစ်ခုသော ကုန်းထိပ်တွင်လည်း တွင်းတစ်ခုရှိ၏။ ထိုတွင်းမှ ရေမထွက်သော်လည်း ကံကောင်းသူတို့သည် တွင်းထဲ၌ ဘုရားရှင် ရုပ်ပွားတော်တစ်ဆူ ဈာန်ကြွနေသည်ကို ဖူးမြင်ကြရ၏။ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ် သပ္ပာယ်လှသည်ဟု ပြောကြ၏။ ကိုမြတ်သာတို့ ဘယ်အခါ ဖူးရပါအံ့နည်း။

ညဥ့်သန်းခေါင်အချိန်သို့ ရောက်သောအခါ ဒေးသုံးလုံး ကုန်းတော်တို့တွင် ဘာဝနာ ပွားများနေကြသော သူများသည် ညို့မှိုင်းသော သင်္ကန်းပင်ပျိုတောတွင်းမှ ထူးဆန်းသော ကြေးစည်သံ၊ ခရုသံတို့ကို ကြားကြရကုန်၏။ အလွန်သာယာကြည်နူးဖွယ်ကောင်းလေသည်။ ၎င်းသင်္ကန်းပင်ပျိုများ ယောက်ျားကြီးတစ်ဖက်မျှ ကြီးထွားလာသောအခါ ၎င်းတောအတွင်းမှ လူစွမ်းကောင်း မောင်ပေါက်ကျိုင်းပေါ်ထွက်၍လည်းကောင်း၊ သင်္ကန်းပင်တို့ကို တံခွန်တိုင်ပြုလျက်လည်းကောင်း ဒေးသုံးလုံးစေတီတို့တွင် လှူလိမ့်မည်ဟု ရှေးမိနောက်မိ ဘုရားကိုးဆူဆရာကြီး ဦးမြထွန်းသည်

mgyoe.com

အလှူအိမ်တစ်ခုတွင် ပြောပြသည်မှာ သုံးရက်မျှသာ ရှိသေး၏။ မောင်ပေါက်ကျိုင်းနှင့်တကွ မောင်းမမိဿံ အခြွေအရံသင်းပင်းတို့သည် ၎င်းတောကြီးအတွင်းဝယ် နန်းပြာသာဒ်အဆောင်ဆောင်နှင့် နေသည်ကို တောရကျောင်း ဖိုးသူတော်ကြီးကို မကြာခဏတွေ့မြင်ရသည်ဟု ဆွမ်းခံလာတိုင်း ပြောလေသည်။ သန်းခေါင်အချိန်တွင် ဘုရားဝတ်တက်လေ့ရှိသည်ဟုလည်း ပြော၏။ သိုက်သမိုင်းအရဆိုရင် မောင်ပေါက်ကျိုင်းသည် ဒေးသုံးလုံးစေတီတို့ကို မြို့ဦးစေတီပြု၍ ထိုတောအရပ်၌ ပေါက္ခဝတီမြို့ကြီးကို တစ်နေ့နေ့တွင် တည်မည်ဖြစ်လေသည်။ ကိုမြတ်သာတို့သည် မြို့တော်ရာသို့ ဘယ်အခါသွား၍ ကြေးစည်သံ၊ ခရုသံတို့ကို ဘယ်အခါကြားရပါမည်နည်း။

ကိုမြတ်သာသည် အလွန်သွားလို၏။ သို့သော် တစ်နေ့ အလုပ်မလုပ်လျှင် တစ်နေ့ငတ်မည်ဖြစ်၏။ အရဏ်ကျင်း၍အလင်းရောက်မည်ဖြစ်သော နောက်တစ်နေ့အဖို့ ရေအိုးထဲတွင် ဖားဝပ်ရုံမျှလည်း ရေမရှိသေး၊ သို့သော် မိမိအနားတွင် စောင်ကလေး မလုံ့တလုံခြုံလျက် ကွေးကွေးကလေး အိပ်မောကျနေရှာသော မိမိ၏ဇနီးသည်အား ကပ်သုံးပါးကို ကျော်နင်းနိုင်အောင် ဘုရားသို့ပို့ချင်၏။ သားကလေး အသက်ရှည်သည်ကိုလည်းမြင်လို၏။ ကိုမြတ်သာ အစဉ်းစားရခက်လှသည်တကား။

ဘုန်းတော်ကြီး ဦးဇာဂရကျောင်းမှ လေးနာရီ ကုလားတက်ခေါက်သံကို ကြားရပြီဖြစ်သော်လည်း ကိုမြတ်သာ စိတ်ကိုဆုံးဖြတ်၍မရသေး၊ ထိုခဏ၌ လမ်းမကြီးဆီမှ လှည်းတစ်စီး၏ ငါးဆီမထိုးသော ဝင်ရိုးကြိတ်သံကို မြုပ်ချည်ပေါ်ချည်နှင့် ကြားရလေ၏။ ဘုရားဖူးလှည်းဖြစ်လေသည်။ ကိုမြတ်သာ၏ စိတ်သည် ခါတိုင်းထက် လှုပ်ရှား၍လာ၏။ "ဟေ့ကိုရွှေထူးတို့ မယ်ရင်တို့၊ အရဏ်အမီသွားရအောင် ပြင်ကြဆင်ကြလေ"ဟူသော နိဗ္ဗာန်ဆော် ဦးချစ်ဦး၏ အသံကို ကြားရသောအခါ ကိုမြတ်သာသည် ထ၍ထိုင်လိုက်လေ၏။ အသက်ကလေးရယ်တဲ့ ရှည်စေလို....ဟု သာသာယာယာသီဆိုလိုက်သော တေးသံကိုကြားရသောအခါတွင်ကား ကိုမြတ်သာသည် မယားနှင့်သားကို တင်ပါးပုတ်၍ နှိုးလေတော့သည်။

အရဏ်တက်စအခါတွင် ကိုမြတ်သာ၏ ဘုရားရှိခိုးသံကို ဒေးသုံးလုံးကုန်းတော်ပေါ်တွင် ကြားရလေ၏။ ကိုမြတ်သာ ဇနီး၏ဆုတောင်းသံကိုလည်း ကြားရလေ၏။ ကိုမြတ်သာ သားကလေး၏ အတက်ကယ်တဲ့ ချော့ချော့လို....ဟူသော သာသာယာယာ သီဆိုလိုက်သော တေးသံကိုကြားရလေ၏။

နံနက် ၈ နာရီလောက်ရှိသောအခါ ကိုမြတ်သာတို့သည် ရွှေတွင်းအောင်ကိုယ်

mgyoe.com

mgyoe.com

တော်ကိုလည်းဖူးပြီးကြလေပြီ။ နတ်တွင်းရေကိုလည်း သောက်ပြီးကြလေပြီ။ သားငယ်၏အိတ်ထောင်ထဲတွင် နံကရိုင်းကျွဲမ၏ နို့ခဲတို့သည်လည်း ပြည့်နေလေပြီ။ ထိုခဏတွင် ယာယီစတုဒိသာဇရပ်ကလေးတစ်ဆောင်အတွင်းမှ ဝတ်ဖြူစင်ကြယ်နှင့် ဥပါသကာကြီးတစ်ဦးသည် ကိုမြတ်သာနှင့်တကွသော ဘုရားဖူးများအား ဖိတ်၍ ထမင်းကျွေး၏။ မောမောနှင့် အလွန်မြိန်ကြလေသည်။ သကၠန်းပင်ရိပ်တစ်ခုမှ ကရင်မကြီးတစ်ဦးက ကောက်ညှင်းထုပ်တစ်ဆိုင်းကို သားငယ်ဖို့ဟု ပေးလိုက်သေး၏။ သားငယ်ကလေးကား ခုန်ပေါက် ခုန်ပေါက်နှင့် အပျော်ကြီး ပျော်လျက်ရှိ၏။ ထိုအခိုက်တွင် "ဗျို့.... ကိုမြတ်သာ၊ မြစ်ဟိုဘက်က ကျုပ်မိတ်ဆွေများက ဒီနေ့ပြန်ချင်လို့တဲ့၊ ခင်ဗျားသမ္ဗန်နဲ့ လိုက်ပို့နိုင်ပါ့မလား"ဟူသော ဝမ်းသာဖွယ်သတင်းကို ကြားရသောအခါ ကိုမြတ်သာသည် အစစ်ပေါ့ဗျဟု ပြန်ပြောပြီးနောက် ဘုရားဖူးတစ်စုတို့သည် သမ္ဗန်ဆိပ်ရှိရာ ကိုမြတ်သာတို့ မြို့ကလေးဆီသို့ သီချင်းတကြော်ကြော်နှင့် ရှေးရှုသွားကြလေသတည်း။

❑

mgyoe.com

mgyoe.com

# ငွေစိန် လှေလှော်ရင်း တက်ကျိုးခြင်း

သိန်းဖေမြင့်

တစ်ခုသော ဧပြီလ၏ စနေနေ့တစ်နေ့တွင် ကျွန်တော်သည် အနောက်ပိုင်း (၂) ရာဘက်တရားသူကြီးရုံးတွင် အမှုတစ်မှု၌ ရှေ့နေလိုက်ပြီးနောက် ဘားလမ်းရှိ ကျွန်တော်၏အလုပ်ခန်းသို့ ပြန်လာခဲ့လေသည်။

အချိန်မှာ တစ်နာရီခန့်မျှ ဖြစ်၍ နေ ပြင်းထန်စွာပူလျက်ရှိ၏။ လမ်း၏ကတ္တရာစေး မျက်နှာပြင် ပေါ်တွင် အပူအခိုးအငွေ့သန်းနေသည်ကိုပင် မြင်ရလေသည်။ ရန်ကုန်မြစ်မှ ဝေ့ဝိုက်တိုက်ခတ်လာသော လေပြည်ကလေးသည်ပင် အေးမြအောင် မစွမ်းနိုင်ချေ။

ကျွန်တော့်အလုပ်ခန်းမှာ တိုက်၏ တတိယထပ်မှာရှိသဖြင့် ဟောဟဲလိုက်အောင် တက်ယူရလေသည်။ ခေါင်းပေါင်းစ တလူလူ၊ လက်ထဲက ဝတ်လုံအကျီနက် တယမ်းယမ်း၊ ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနှင့် ခံ့ညားသော အသွင်ကိုဆောင်မည်ဖြစ်သော်လည်း ဝတ်ဆင်ရသော ကျွန်တော့်မှာ မသက်သာလှပါချေ။ ခေါင်းပေါင်းသည် အိုက်ရုံမက နားထင်ကိုက်စေသည်။

ရှေ့နေလိုက်ရာ၌ အကြောကြီးတွေ ဆောင်

mgyoe.com

mgyoe.com

လာအောင် စကားပြောရလေလေ ခေါင်းပေါင်း၏ဒဏ်ကို ခံစားရလေဖြစ်ပေသည်။ ဝတ်လုံနက်ကို ပိုက်ပြီး အမှုတွဲများကို ကိုင်ရသောလက်၊ ဘန်ကောက်ပုဆိုးစကို ဆွဲကိုင်ရသော လက်တို့မှာလည်း ညောင်းလှချေပြီ။ မတပ်မဖြစ် တပ်ထားရသော စတစ်ကော်လာမှာလည်း လည်အစ်၊ ကုပ်အိုက်အောင် အထူးတလည် စီမံထားသည်နှင့် တူသည်။ အကယ်၍ တရားဥပဒေဆိုင်ရာ စနစ်သစ်တစ်ခုခုပေါ်အံ့။ ထိုစနစ်သစ်တွင် ဖော်ပြပါ ဝတ်လုံတော်ရ ရှေ့နေအဆောင်အယောင်တို့ကို ပယ်ထားငြားအံ့။ ကျွန်တော်သည် အခြားအချက်အလက်တို့ကို ဂရုမမူတော့ဘဲ ဤတစ်ချက်တည်းနှင့်ပင် ထိုစနစ်သစ်ကို ထောက်ခံမိပေလိမ့်မည်။

ကျွန်တော်သည် အလုပ်ခန်းတွင်းသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် လက်ထဲမှ အမှုတွဲဖိုင်ကို စားပွဲပေါ်ပစ်တင်လိုက်သည်။ ဝတ်လုံ အင်္ကျီနက်ကြီးကို ချိတ်မှာ ချိတ်လိုက်သည်။ ခေါင်းပေါင်းကို ချွတ်၍ ဂျပ်ဘူးထဲ ထည့်ထားလိုက်သည်။ ကိုယ်ရော စိတ်ပါ လွတ်လပ်ပေါ့ပါးသွားလေတော့သည်။

ပန်ကာဖွင့်ပြီးမှ ကုလားထိုင်မှာ ထိုင်လေသည်။ သတင်းစာကောက်ဖတ်မည် လုပ်ရင်း ခြေကပါအိုက်လာသည်ထင်သဖြင့် ရှူးဖိနပ်နှင့် ခြေအိတ်များကို ချွတ်ပစ်ရပြန်လေသည်။ သည်တော့မှ အလုပ်ခန်းတွင် အသင့်ထားသော ပိန်းတန်းဖိနပ်မှာ သဲကြိုးပြတ်ခါနီး တဲတဲသာကျန်သဖြင့် အသစ်ဝယ်ရန်ရှိသည်ကို သတိရလေတော့သည်။

ဒိုင်ယာရီတွင် တနင်္လာနေ့ အမှုရုံးချိန်းများကို ကြည့်သည်။ ပြီးတော့ ဆိုင်ရာနေ့အမှုတွဲများကိုစားပွဲအံဆွဲမှထုတ်ယူ၍ အသော့လှန်ကြည့်ပြီး အိမ်မှာ ဘယ်ဥပဒေစာအုပ်များဖတ်ရမည်ကို မှတ်သားထားလိုက်သည်။ ထိုနောက် မကျေသေးသော အမှုတွဲကို စေ့စေ့စပ်စပ်ဖတ်၏။ ကျွန်တော်သည် အမှုကိုစေ့စေ့ စပ်စပ်လေ့လာ၍ ပြင်ဆင်မှု ဖူလုံအောင်လုပ်သော ဝတ်လုံတော်ရ ရှေ့နေတစ်ယောက်ဖြစ်ပေသည်။

သို့ဖြင့် သုံးနာရီထိုးသွားလေ၏။ ရှေ့နေစာရေးတို့၏ လက်နှိပ်စက်ရိုက်သံတွေလည်း စဲလေပြီ။ အမှုသည်နှင့် ဧည့်သည်တို့၏ ဖိနပ်သံများလည်း ဆိတ်လေပြီ။ ကျွန်တော်နှင့် အခန်းစပ်တူ ခွဲယူထားသော ရှေ့နေများလည်း တစ်ယောက်မကျန် ပြန်ကြလေပြီ။ တစ်ဖက်ခန်းမှ ကုမ္ပဏီအလုပ်တိုက်ပင် ပိတ်သွားပေပြီ။

ကျွန်တော်သည် ရှူးဖိနပ်ကို ပြန်စီး၏။ အပြန်တွင် ပိန်းတန်းဖိနပ် တစ်ရန်ဝယ်ရမည်ကိုလည်း သတိရပြန်၏။

mgyoe.com

ကျွန်တော်သည် နေရန်တိုက်အိမ် ပိုင်သူဖြစ်သော်လည်း စီးရန် မော်တော်ကား ပိုင်သူမဟုတ်ပေ။ စားပွဲအံဆွဲ၊ ဗီရိုနှင့် အခန်းများကို သော့ခတ်ပြီးနောက် အောက်သို့ ဆင်းလာ၍ ကားလမ်းအတိုင်း ဖရေဇာလမ်းသို့ လျှောက်လာခဲ့လေသည်။ နေမှာပူ၍ ကောင်းတုန်းပင် ဖြစ်သည်။ သို့သော်မြစ်ဘက်မှ လေသည်တဟူးဟူးတိုက်ခတ်နေ သဖြင့် အပူရှိန် တော်တော်လျော့နေသည်ဟု ထင်မိ၏။

စနေနေ့ ခုလိုအချိန်တွင် ပုလိပ်ရုံးကြီး၊ ဟိုက်ကုတ်မြူနီစီပယ်ရုံးကြီးနှင့် ဘား လမ်းတစ်ဝိုက်တွင် လူပါးသည်။ အသွားအလာ အရှုပ်အထွေးနည်းသည်။ ထို့ကြောင့် ကျွန်တော့်မှာ စိမ်ပြေနပြေ လျှောက်နေနိုင်ပေသည်။

ဖရေဇာလမ်းသို့ရောက်သောအခါ ဘယ်ဘက်ချိုး၍ သိမ်ကြီးဈေးဆီသို့ ဦးတည်၍ လျှောက်ခဲ့လေသည်။ ဟိုဘက်မှာ လူပါးပြီး အသွားအလာနည်းသလောက် ဒီဘက်ကျတော့ လူများ၍ အသွားအလာရှုပ်လေသည်။ ကျွန်တော် လိုချင်သော ဖိနပ် အတွက် သားနား၍ တော်တော်ကြီးမားသော ဖိနပ်ဆိုင်များတွင် ကြည့်သည်။ ပုံကြိုက် ၏ အမျိုးမကြိုက်၊ ခုံကြိုက်၏ သဲကြိုးမကြိုက်၊ အကြိုက်မတွေ့သဖြင့် ဈေးပင်မဆစ်ဘဲ ထွက်ခဲ့သည်။ သည်လိုနှင့် ဆူးလေဘုရားလမ်း၊ နောက် စစ်ကဲမောင်ထော်လေးလမ်း စသည်တို့ကို ဖြတ်ကျော်ခဲ့လေသည်။ နောက်တွင်ကား အကြိုက်တွေ့သော်လည်း ဈေးမတည့်ဖြစ်ရပြန်၏။ သို့ဖြင့် မဂိုလမ်းရောက်ခါနီး ဆိုင်ကြီးကြီးတစ်ခုတွင် ရှာပြန် သောအခါ ကြိုက်သောပုံ၊ ကြိုက်သောခုံ၊ ကြိုက်သော သဲကြိုး၊ ကြိုက်သော အမျိုးနှင့် ဖိနပ်ကို တွေ့လေသည်။ သို့သော်......ဈေးရောင်း သူသည် ကျွန်တော့်အား အဖက် မတန်သလိုကြည့်ပြီး မောက်မာသောလေသံဖြင့် ပြောဆိုလေရာ ငါ့လိုဝတ်လုံတော်ရ ရှေ့နေတစ်ယောက်ကို ဤအကြည့်၊ ဤလေမျိုးဖြင့် ဆက်ဆံရသလောဟု စိတ်ထဲက ကျိတ်ဒေါ်ဖောင်းပြီး မဝယ်ဖြစ်ဘဲ ထွက်လာခဲ့လေသည်။

မဂိုလမ်းလွန်သောအခါမှာမူကား ဖိနပ်ဆိုင်ကြီးများမတွေ့ရတော့ပေ။ ထင်းရှူးပြားများကို ဗန်းလုပ်လျက် ဖိနပ်အရန် ၂၀ သို့မဟုတ် ၃၀ မျှကို ခင်းပြရောင်းချ နေကြသော လမ်းပေါ်ဈေးသည်ကလေးများကိုသာ တွေ့ရလေတော့သည်။ သူတို့သည် ထင်းရှူးသေတ္တာခပ်ငယ်ငယ်ကို ထောင်၍ထိုင်သူထိုင်၊ ခွေးခြေခုံကလေးများတွင် ထိုင်သူထိုင်၊ တိုက်ပျက်မှအုတ်ခဲများကိုပုံ၍ ထိုင်သူထိုင်ကာ ရောင်းချနေကြ၏။ နေပူရောင် တိုက်ရိုက်ထိုးနေသဖြင့် ယောကျ်ားများမှာ ဦးထုပ်ဆောင်းပြီးရောင်း၍ မိန်းမများမှာ ထီးမိုး၍ရောင်းနေကြလေသည်။ သူတို့ဆိုင်များမှ ဖိနပ်များမှာ နာမည်ကြီး

mgyoe.com

mgyoe.com


တံဆိတ်ခပ်နှိပ်ထားခြင်းမရှိချေ။ သူတို့ဆိုင်များသို့ ကျွန်တော့်လို ဝတ်လုံတော်ရ ရှေ့နေမဆိုထားဘိ ရုံးစာရေးများပင်ဝင်ကြဟန်မတူ။ မြို့နေအလုပ်သမား ဆင်းရဲသားများနှင့် ရန်ကုန်သို့ တစ်ခါတစ်ခေါက် ရောက်လာသော အသွင်အပြင် ခြားနားသည့် တောနေ ဆင်းရဲသားများသာ ရွေးချယ် ဈေးဆစ်နေသည်ကို တွေ့မြင်ရပေ၏။ ကျွန်တော်သည် အစဦး၌ သူတို့ဆိုင်ဝင်ရန် နှောင့်နှေးနေမိသည်။ နောက်မှမောက်မာသော ဆိုင်ကြီးရှင် အပေါ်တွင် မကျေသောအခဲကို ချေပသောသဘောဖြင့် အဝယ်အခြမ်းမရှိသော ဆိုင်ကလေးရှင်တစ်ဦးထံ ချဉ်းကပ်လေတော့သည်။

ထိုသူကား အသက် ၃၀ကျော်လောက် ရှိပေလိမ့်မည်။ အရပ်အမောင်းကောင်း၏။ ရင်ဘတ်ကျယ်၏။ လက်မောင်းနှင့် ခြေသလုံးတို့တွင် ကြွက်သားများကို မြင်နိုင်၏။ မျက်နှာမှာ ခပ်ပြားပြားဖြစ်ပြီး နှုတ်ခမ်းထော်၏။ မေးကား၏။ သူ့ခေါင်းပေါ်တင်ရုံတင်ထားသော ဖော့ဦးထုပ်မှာကား ပုံပျက်နေရုံမက ညစ်ပတ်ပေကျံနေလေသည်။ သူသည် အရှေ့ဘက်ဆီသို့ မကြာခဏလှမ်းကြည့်၏။ သူ့အကြည့်ကား မျှော်လင့်တောင့်တသော အကြည့်မဟုတ်ဘဲ စိုးရိမ်ကြောင့်ကြသော အကြည့်ဖြစ်သည်ဟု ကျွန်တော် ခန့်မှန်းလိုက်လေသည်။။ အကယ်၍သာ မျှော်လင့်တောင့်တသော အကြည့်ဖြစ်ပါမူ အရှေ့ဘက်မှ သူ့ဆီ ချဉ်းကပ်လာသော ဈေးဝယ်လာသူကျွန်တော့်အား ပြုံးရွှင်စွာ ခရီးဦးကြိုဆိုပေလိမ့်မည်။ ကြွရောက်ရှုစားပါ၊ ဝယ်လှည့်ပါဟု ဈေးခေါ်ဖိတ်ကြားပေလိမ့်မည်။ ခုတော့ ဤသို့မဟုတ်ပေ။ ကျွန်တော်က သူ့ဗန်းထဲမှ ဖိနပ်တစ်ရန်ကောက်ကိုင်လိုက်တော့မှ ပျာပျာသလဲ ဖြစ်လာပြီး......

"ဘယ်လိုအမျိုးလိုချင်ပါလို့လဲခင်ဗျာ......."

"မင်းဖိနပ်တွေက အမျိုးအစားညံ့တယ်ကွ...."

"အမျိုးအစား မညံ့ပါဘူးခင်ဗျာ၊ နာမည်မရသေးတဲ့ တံဆိပ်တွေမို့လို့ပါ။ အရည်အသွေးကတော့ နာမည်အကြီးဆုံးတွေနဲ့ ပြိုင်နိုင်ပါတယ်။ ကြည့်ပါလား ခင်ဗျာ....."

သူသည် ပြောပြောဆိုဆို ဖိနပ်တစ်ရန်ကောက်ယူပြီး ကော့ပြ၊ ကွေးပြ၊ ရိုက်ခတ်ပြ ပြလေသည်။ ကျွန်တော်သည် သူ၏ချက်ကျသောစကားနှင့် သွက်လက်ချက်ချာသော အမူအရာများကို နှစ်သက်မိပေ၏။

"မင်းဆိုင်က ဘာဖြစ်လို့ နာမည်ရပြီးသားတံဆိပ်နဲ့ ဖိနပ်တွေကို မထားသလဲကွ......"

mgyoe.com

သူသည် အရှေ့ဘက်သို့ စိုးရိမ်စွာလှမ်းကြည့်ပြီး ကျွန်တော့်စကားကို မကြားသလိုနေလိုက်လေသည်။ ဘတ်စ်ကားသံတွေမှာလည်း ဆူညံပြီး အသံတကာကို လွှမ်းမိုးနေ၏။ အတန်ကြာမှ အရှေ့ဘက်ဆီသို့ စိုးရိမ်စွာ မျှော်ကြည့်နေသော မျက်လုံးများကို ကျွန်တော့်ဆီသို့ လွှဲယူလိုက်ပြန်ပြီး...

"ဘာတဲ့ဆရာ......"

"မင့်ဆိုင်က ဘာဖြစ်လို့နာမည်ရပြီးသားတံဆိပ်နဲ့ ဖိနပ်တွေကို မထားတာလဲလို့ မေးနေတယ်"

"ဆရာကြီးရဲ့....၊ ဒီကိစ္စက စီးပွားရေးသဘောတရားတစ်ခုဖြစ်နေလို့ အကျယ်ရှင်းပြဖို့လိုပါတယ်။ ဆရာကြီးမှာ အချိန်ရမယ် မထင်ပါဘူး။ ဒီတော့ လိုရင်း အစီရင်ခံပါမယ်။ တံဆိပ်ဟာ အမည်သညာသာ ဖြစ်ပါတယ်။ နှင်းဆီပန်းဟာ ဘယ်နာမည်နဲ့ ခေါ်ခေါ် မွှေးမှာ၊ လှမှာတော့ အမှန်ပဲဆိုတာလို ကျွန်တော်ရောင်းချနေတဲ့ဖိနပ်တွေဟာ ဘယ်တံဆိပ်တပ်တပ် အကောင်းချည်းဖြစ်ပါတယ်"

ကျွန်တော်က ပြုံးမိလေသည်။ ဒီလိုလမ်းပေါ်က အနုပ်စုတ် ကုပ်စုတ် ဈေးသည်ကလေးထံမှ ဤမျှ တောက်ပြောင်ဝင်းလက်သော စကားမျိုး ကြားရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့မိချေ။

"မင်း ပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ တို့ဈေးဝယ်တွေဘက်ကကြည့်ရင် တံဆိပ်က အရေးကြီးနေပြန်တယ်။ တို့မှာ အမျိုးအစား ကောင်းမကောင်း အလွယ်တကူ သိနိုင်စွမ်းမရှိကြဘူး။ ဒါ့ကြောင့် နာမည်ရပြီးသား၊ လူကြိုက်များပြီးသား တံဆိပ်ကို ရွေးကြရတာပဲ"

သူသည် အရှေ့ဘက်ဆီသို့ စိုးရိမ်ကြောင့်ကြစွာနှင့် ကြည့်နေရာမှပင် လေသံခပ်ပြတ်ပြတ်ဖြင့်. . . .

"နာမည်ကြီး တံဆိပ်လိုချင်ရင် ဆိုင်ကြီးတွေဆီ သွားပေတော့၊ ကျွန်တော့်ဆီမှာ မရနိုင်ဘူး၊ အဲဒီဟာ လိုချင်ရင် လေးကျပ်နဲ့ ယူသွား"

ထိုဖိနပ်မှာ ကျွန်တော်ကြိုက်သောပုံ၊ ခုံသဲကြိုးတို့နှင့် ဖြစ်နေပေရာ တောင်းဆိုသော လေးကျပ်ပေးရန် ဝန်မလေးပါချေ။ ထို့ပြင် အခြားဆိုင်မှ တန်းတူအမျိုးအစားများနှင့်ယှဉ်သော် ဈေးချိုသည်ဟုပင် တွက်မိလေသည်။ ထို့ကြောင့် ဝယ်တော့မည်လုပ်နေဆဲ ဈေးတန်းတစ်တန်းလုံး ရုတ်ရုတ်သဲသဲ ဖြစ်လာသည်ကို တွေ့ရလေ၏။ ရုတ်ရုတ်သဲသဲဖြစ်လာခြင်းသည် မဂိုလမ်းဘက်မှ စလာဟန်ရှိပြီး လျင်မြန်စွာ သိမ်ကြီး

mgyoe.com

mgyoe.com
ဈေးဘက်သို့ ကူးစက်သွားလေသည်။

"လာနေပြီဟေ့"

"လာပြီဟေ့"

"သိမ်းကြ–သိမ်းကြ"

"ပြေးကြ–ပြေးကြ"

အချက်ပေးကြ၊ လှမ်းပြောကြခြင်းဖြင့် ခဏချင်းပင် သိမ်းငှက်ကြီး ထိုးဆင်းစဉ် ကြက်ကလေးများ ပြေးလွှားပုန်းကွယ်ကြသကဲ့သို့ ဗျပ်ရွက်–ဗန်းထိုးဈေးသည် အပေါင်းသည် ဆိုင်များကို ရုပ်သိမ်းကြလေသည်။ ရုပ်သိမ်းပြီး ဆိုင်ကလေးများကို တိုက်ကြို တိုက်ကြား ဆိုင်ကြီးကနားကြီး နောက်ကွယ်များတွင် ပြေးဝှက်ကြလေသည်။

ထိုအခါမှ ကျွန်တော်သည် ဖိနပ်ကို ပိုလို့နှစ်သက်လာပြီး......

"ကဲ–မင်းတောင်းတဲ့ဈေးနဲ့ ငါယူမယ်ဟေ့"

"ယူ–ယူ"

သူသည် ပြောပြောဆိုဆိုခင်းထားသော ဖိနပ်ဗန်းကို သိမ်းရန်ဟန်ပြင်လေသည်။ ကျွန်တော် ငါးကျပ်တန်တစ်ချပ် ထုတ်ပေးနေစဉ် သူသည် အမ်းရန် အနုပ်မရှိသဖြင့် အခက်အခဲတွေ့နေလေသည်။ ထိုခဏ၌ မိန်းမတစ်ယောက်သည် အပြေးရောက်လာပြီး.......

"ကိုထွန်းခင် ဘာလုပ်နေတာလဲ၊ ဆိုင်ကိုသိမ်းလေ။ စောစောကလည်း သတိပေးထားရက်သားနဲ့....."

ထိုမိန်းမသည် ဖိနပ်တွေကို ပွေ့ယူကာ ထိုထွန်းခင် ထိုင်နေသော ထင်းရှူးသေတ္တာထဲသို့ထည့်လေ၏။ ပါးစပ်မှလည်း.....

"စောက်...... ပုလိပ်တွေကလည်း စနေနေ့လည်း ကောင်းကောင်း မရောင်းရဘူး။ ခါတိုင်း စနေနေ့ဆို မလာပေါင်တော်၊ ခုတော့ လွန်ပဲ လွန်လွန်းတယ်"

ကိုထွန်းခင်သည် ကျွန်တော့်အား အားနာသောမျက်နှာဖြင့်.....

"ဆရာကြီး ခဏနေဦးနော်......၊ ကျွန်တော်တစ်ကျပ်ပြန်အမ်းပါ့မယ်"

သည်တော့မှ ထိုမိန်းမသည် ကျွန်တော့်အား မော့ကြည့်လိုက်သည်။ ကျွန်တော်သည် သူမအား အကျွမ်းတဝင်ပင် မြင်ဖူးသည်ထင်၏။ သို့သော် ရုတ်တရက်အားဖြင့် ဘယ်တုန်းက ဘာကိစ္စနှင့် ပတ်သက်၍ မြင်ဖူးတွေ့ဖူးသည်ကို သတိမရဖြစ်နေလေသည်။ ထိုအခိုက် မြူနီစီပယ် လော်ရီကားကြီးသည် သူတို့ရှေ့မှာ ထိုးရပ်
mgyoe.com

mgyoe.com

လိုက်၏။ လော်ရီကားပေါ်မှ ပုလိပ်များလည်း စက်မရပ်မီပင် ခုန်ဆင်းလာကြလေသည်။ ထွန်းခင်တို့ကား ဆိုင်ကို အပြီးသိမ်းရန် အချိန်မရလိုက်တော့ပြီ။ ပုလိပ်တို့က ဈေးဗန်း၊ ဖိနပ်ထည့်ထားသော ထင်းရှူးသေတ္တာနှင့် ဗန်းတင်သည့် ခုံ၊ အလုံးစုံကို ဖမ်းယူသိမ်းဆည်းကာ လော်ရီကားပေါ်သို့ တင်လေသည်။ ထွန်းခင်နှင့် ထိုမိန်းမကား ဤကိစ္စများတွင် အရေထူကြပြီး ဖြစ်ဟန်ရှိသည်။ အေးအေးဆေးဆေးပင် ကြံစည်တိုင်ပင်နေကြလေသည်။ သူတို့ပြောဆိုနေသော စကားအစုံအလင်ကို မကြားရသော်လည်း နောက်ဆုံး၌ ထွန်းခင်က......

"ငွေစိန် ကောင်းမယ်ထင်သလို ကြည့်လုပ်လိုက်ပေါ့ကွာ"ဟူသော စကားကိုကား ပြတ်သားစွာကြားရလေသည်။

သူတို့ပြောဆိုတိုင်ပင်ပြီးနောက် ထွန်းခင်က ကျွန်တော့်အား အားနာစွာ လှည့်ကြည့်သည်။ ငွေစိန်က ထွန်းခင်နှင့်အတူရောကာ ကျွန်တော့်အား တောင်းပန်သည့်သဘောနှင့် ပြုံးကြည့်လိုက်လေသည်။ သို့သော် အပြုံးမှာ လျှပ်စီးလက်သလိုသာ ရှိလေသည်။ ကျွန်တော့်အား သတိရသွားလေဟန်ရှိ၏။ ငြိမ်ကျသွားသော မျက်နှာကိုငုံ့ပြီး လက်မကိုကိုက်လျက် နေလေသည်။ ထွန်းခင်က ကျွန်တော့်ထံလာရင်း မငွေစိန်အား......

"ကဲ–သွား......၊ ပြီးအောင်လုပ်လိုက်ဦး"

ငွေစိန်သည် ပုလိပ်များထံသို့ မျက်နှာချိုသွေး၍ ချဉ်းကပ်သွားလေ၏။ သူမသည် အသက်အစိတ်ထက် မကျော်သေးသော အရွယ်မှာရှိသည်။ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားလှပပြီး မျက်နှာမှာ အဆင်ပြေသည်။ အဝတ်အဆင်ကား တောက်ပြောင်ဆန်းပြားခြင်းမရှိသော်လည်း ခေတ်မီသည်။ သူမကို မြင်ဖူးသလို လိုရှိသည်ဟု ထင်မိကတည်းက ကောင်းစွာ သတိရရန် ကြိုးစားခဲ့သည်။ မြူနီစီပယ် ပုလိပ်များထံသို့ "ပြီးအောင်လုပ်ရန်" ချဉ်းကပ်သွားသောအခါမှ သူမကို ဘယ်တုန်းက ဘယ်ကိစ္စနှင့်ပတ်သက်၍ တွေ့ဖူးကြောင်း ကောင်းစွာ သတိရလေတော့သည်။ ကျွန်တော်တို့ တွေ့ဖူးကြသည့်အချိန်အခါနှင့် တွေ့ဖူးကြသည့် ကိစ္စများကို ပြန်လည်တွေးတောရင်း ငေးမောနေမိရာ အနားသို့ ထွန်းခင်ကပ်လာသည်ကိုပင် အမှတ်မထားမိတော့ချေ။ ငွေတစ်ကျပ် ပြန်ရရန်အတွက်လည်း သတိမရတော့ချေ။

mgyoe.com

mgyoe.com

(၂)

ကျွန်တော်သည် အမှုသည်အား အိမ်မှာ လက်ခံစကား ပြောသူ မဟုတ်ချေ။ သူငယ်ချင်းမိတ်ဆွေပင် ဖြစ်လင့်ကစား ရုံးအမှုနှင့် ပတ်သက်လာလျှင် ကျွန်တော့် အလုပ်ခန်းမှာသာ လက်ခံစကား ပြောလေ့ရှိပေသည်။

ရုံးအားသော တစ်နေ့သ၌ ကျွန်တော့်နေအိမ် စာဖတ်ခန်းတွင် အင်္ဂလန်မှ ပူပူ နွေးနွေး ဆိုက်ရောက်လာလော ဥပဒေ ဂျာနယ်တစ်စောင်ကို ဖတ်နေခိုက် အစေခံ ကောင်ကလေးက အိမ်ရှေ့မှာ မိန်းမငယ်သည် တစ်ယောက် ရောက်နေသည်ဆို သဖြင့် ထွက်လာခဲ့ရာ ထွန်းခင်က ငွေစိန်ဟု ခေါ်လိုက်သော အဆိုပါ မိန်းမကို တွေ့မြင်ရလေသတည်း။

ငွေစိန်သည် ဆံပင်ကို တစ်ပတ်လျှို နောက်တွဲ ထုံးထား၏။ မျက်နှာချေကို ထူထူဖွာလိမ်း၍ ပေါင်ဒါဖြင့် မှုန်းထားသော်လည်း ပူပင်သောကကိုကားဖုံးမထားနိုင်။ မျက်ခုံးမွေးမဆွဲ၊ နှုတ်ခမ်းနီမဆိုးထားသဖြင့် အလှပြင်သည်ဟုမဆိုနိုင်။ ကြည့်ပျော် ရှုပျော် ရှိရုံသာပြုပြင်ထားသည်ဟုဆိုရပေမည်။ ငွေစိန်၏ အဝတ်အစားမှာလည်း ညစ်ပတ် သည် မဟုတ်သော်လည်း ဟောင်းရိနေပြီကိုကား တွေ့နိုင်၏။ အထူးသဖြင့် အင်္ကျီ လက်ပြတ်မှာ အသစ်ချုပ်ထားခြင်း မဟုတ်ဘဲ လက်ရှည်အဟောင်းကို ဖြတ်ထား ခြင်းသာဖြစ်ကြောင်းနှင့် ဘယ်ဘက်လက် အနားသတ်အပေါ်နား၌ အစုတ်ကလေး ရှိနေကြောင်းကို ကျွန်တော် သတိထားလိုက်မိပေသည်။

ကျွန်တော်သည် ငွေစိန်အား ကုလားထိုင်မပေး၊ ကျွန်တော် ကိုယ်တိုင်လည်း မထိုင်ဘဲ.......

"ဘာကိစ္စလဲ"ဟု ခပ်မာမာမေးလိုက်သည်။

ယို့ယို့ကလေးရပ်နေသော ငွေစိန်သည် လက်ထဲက ဖဲထီးလေးကို နံရံမှာ ထောင် ထားလိုက်ရင်း......

"ဝတ်လုံတော်ရမင်းဆီ အမှုတစ်ခုအပ်ချင်လို့ပါရှင်"

"အင်း... အမှုကိစ္စဆိုရင် မနက်ဖြန်ခါညနေ ၄ နာရီမှာ အလုပ်တိုက်ကိုလာခဲ့၊ ကဲ.... သွားတော့"

ငွေစိန်သည် ရပ်မြဲရပ်နေသည်။

"သွားတော့လေ"

"ကျွန်မယောကျ်ား......"

mgyoe.com

"အေး–ဘယ်သူဘာဖြစ်နေနေ အမှုကိစ္စဆိုရင် အလုပ်ခန်းမှာမှ စကားပြောမယ်။ အလုပ်ခန်းနေရာသိတယ်မဟုတ်လား"

"မသိဘူးရှင့်......၊ ကျွန်မတို့က ဒီအရပ်ထဲမှာနေလို့"

"အေး.....ဘယ်မှာနေနေ.....အလုပ်ခန်းကိုလာမှ အမှုကိစ္စ စကားပြောနိုင်တယ်....."

ထိုသို့ပြောပြီးနောက် ကျွန်တော့်အလုပ်ခန်းသို့ သူမ သွားလာတတ်အောင် လိပ်စာနှင့်တကွ နေရာအထားအသိုပါ ဖော်ပြညွှန်ကြားပေးလိုက်လေသည်။

ငွေစိန်သည် ထီးကလေးဆွဲယူပြီး ထွက်သွားလေ၏။ ဖဲထီးမှာကိုင်းတံတစ်ချောင်း ကျိုးနေသည်ကိုလည်း ကျွန်တော် မြင်လိုက်မိလေသည်။

နောက်တစ်နေ့ညနေ ၄နာရီသာသာတွင် ကျွန်တော့်အလုပ်ခန်းသို့ ငွေစိန်သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။ သူမ၏အမူအရာမှာ မနေ့ကနှင့်စာသော် တော်တော်ပြောင်းနေ၏။ ဆံပင်ကိုဖွာချထားသည်။ မျက်ခုံးမွေးဆွဲပြီး နှုတ်ခမ်းနီဆိုးထားသည်။ အပွင့်ထိုးနိုင်လွန်လက်ပြတ်အင်္ကျီသစ်ကို စတိုင်ကျကျဝတ်ထားသည်။ တိုဘရယ်ကို လုံချည်မှာ အဖိုးတန်ထဲက မဟုတ်သော်လည်း အဆင်လှသည်။ ခုံမြင့်ဖိနပ်ကိုလည်း စီးထား၏။

ကုလားထိုင်ကိုညွှန်ပြရင်း ကျွန်တော်က ညင်သာစွာဖြင့်......

"ထိုင်ဟော့......သူငယ်မ ထိုင်ကွယ်......."

ကျွန်တော်ကား......အလုပ်ခန်းရောက်၍ အမှုသည်နှင့် ဆက်ဆံရသောအခါ ရောင်းသူနှင့်ဝယ်သူသဘော ညက်ညောအောင် ဆက်ဆံတတ်လေသည်။ ကျွန်တော်၏ ညက်ညောသောဆက်ဆံမှုကြောင့် သူမသည် အားတက်သွားဟန်တူသည်။ သူမ ထိုင်ပြီးသည်နှင့်တစ်ပြိုင်နက်......

"ကဲ.....သူငယ်မ အမှုက ဘယ်လိုလဲ......၊ မင်းယောကျ်ား ဘာဖြစ်သလဲ......"

"ကျွန်မ ယောကျ်ားမှာ မဟုတ်ဘဲနဲ့ ခိုးရာပါပစ္စည်း လက်ခံမှုနဲ့ အချုပ်ခံထားရပါတယ် ဝတ်လုံတော်ရမင်းရဲ့"

သူမ၏ ယောကျ်ားမှာ ဈေးသည်ကလေး ဖြစ်သည်ဟု ဆိုသည်။ သိမ်ကြီးဈေးတစ်ဝိုက်တွင် ကျက်စားနေသော ခါးပိုက်နှိုက် ဂိုဏ်းတစ်ဂိုဏ်းသည် အခါများစွာ သူမ၏ယောကျ်ားက သူတို့၏အစာကို ဟန့်သည်ဟု ယူဆပြီး အငြိုးထားလေသည်။ တစ်ခါသော် ငွေနှင့် ရွှေပါသော မိန်းမလက်ကိုင်အိတ်တစ်လုံးကိုဆွဲလုလာပြီး ရှမ်း

mgyoe.com

mgyoe.com


လွယ်အိတ်မှာထည့်၍ သူမ၏ ယောကျ်ားထံသို့ ယူလာလေသည်။ ထိုရှမ်းလွယ်အိတ်ကို ခဏကလေးပါဆို၍ အပ်ထားခဲ့ပြီးနောက် ထိုခါးပိုက်နှိုက်အလစ်သမားသည် အဖမ်းခံရသည်။ ခိုးထုပ်ခိုးထည်ကို သိမ်းထားမိသော သူ့ယောကျ်ားလည်း အဖမ်းခံရလေသည်။

ကျွန်တော်သည် အမှုသွား အမှုလာကို အကျယ်မဆွေးနွေးဘဲ ဤမျှ သိရုံဖြင့်ပင် အမှုချေးဖြတ်နိုင်ပြီဖြစ်၍ သူမအား မေးလိုက်သည်။

"တို့ရှေ့နေဆိုတာ မှန်တာမှားတာအပထားပြီး အမှုငှားသူဘက်က အနိုင်ရအောင် သို့မဟုတ် သက်သာအောင် ကြိုးစားဆောင်ရွက်ရတာပဲကွယ်"

"အားကိုးပါတယ်... ဝတ်လုံတော်ရမင်းရယ်"

"အေး..... အားကိုးတာကတော့ အရေးမကြီးဘူး၊ တောင်းတဲ့ချေးပေးနိုင် မပေးနိုင်က အရေးကြီးတယ်။ သိတဲ့အတိုင်း တို့ကဝတ်လုံတော်ရ ရှေ့နေဆိုတော့ ချေးကြီးတယ်"

"သိပါတယ် ဝတ်လုံတော်ရမင်းရဲ့...၊ ဝတ်လုံတော်ရမင်း လိုက်ရင်တော့ ကျွန်မယောကျ်ား အာမခံလည်းရမယ်၊ လွတ်လည်းလွတ်မယ် ဆိုတာသိလို့ လာတာပါ"

"မင်းယောကျ်ား တစ်နေ့ဝင်ငွေ ဘယ်လောက်ရှိသလဲ"

"ငါးကျပ်၊ ခြောက်ကျပ် ရှိပါတယ်"

"မင်းကရော အလုပ် လုပ်သေးသလား၊ ကလေးတွေနဲ့လား"

"ကျွန်မ ကလေးမရှိပါဘူး"

"အင်း... ကလေးရှိမယ်တော့ မထင်ပါဘူး. . . . အလုပ်ရော"

"အလုပ်က ရှိတဲ့အခါ လုပ်တာပဲ၊ ခုတော့ ဘာအလုပ်မှ မလုပ်နိုင်ပါဘူး။ ဝတ်လုံ တော်ရမင်းရယ်......၊ သူ့ကိုကူညီရောင်းချပေးတာနဲ့ ထမင်းချက်ရတာနဲ့ ပြီးတာပါပဲ......"

"အင်း......ဒီလိုဆိုရင် တောင်းတဲ့ချေး ပေးနိုင်မယ်မထင်ဘူး၊ ကဲ.....တတိယတန်း၊ ဒုတိယတန်းရှေ့နေတွေဆီ သွားပေတော့......"

"ဘယ်လောက်များ မို့လို့ပါလဲ ဝတ်လုံတော်ရမင်းရယ်"

ကျွန်တော်သည် မေးကိုမော့၍ လည်ပင်းကို လက်နှင့် ကုတ်ခြစ်ရင်း ရှေ့နေခကို တွက်လိုက်သည်။ သူမသည် မျက်စိသူငယ်နှင့် ကျွန်တော့်အားစိုက်ကြည့်နေသည်။ သူမ၏ မျက်စိများမှာ ဝိုင်းစက်လှပ၍ အေးမြကြ၏။

mgyoe.com

mgyoe.com

"အင်း....အမူအပ်ချိန်မှာ ငွေတစ်ရာပေးရမယ်၊ နောက်အမှုပြီးခါနီးမှာ တစ်ရာထပ်ပေးရမယ်"

သူမသည် မျက်စိသူငယ်နှင့် ကျွန်တော့်အား ငေးကြည့်နေရာမှ ဘေးပတ်လည်ကို လူသူလေးပါး အကဲခတ်သည့်သဘောဖြင့် လှည့်ကြည့်နေလေသည်။ အနားတွင်မည်သူမျှမရှိပေ။ နောက်မျက်စိ ပေကလတ် ပေကလတ်လုပ်ပြီး နှုတ်ခမ်းကိုကိုက်နေသည်။

ကျွန်တော်က စားပွဲကို ဒူးနှင့်တွန်းပြီး ကုလားထိုင်ကို နောက်ယိမ်းသွားအောင်ထိုင်လိုက်ပြီးကာ

"ဘယ့်နှယ်လဲ သူငယ်မ....ပေးနိုင်ပါ့မလား" သူမသည် သက်ပြင်းကြီးချလိုက်ပြီး။

"ငွေတော့ မပေးနိုင်ပါဘူးရှင်၊ အဟမ်း.....ကျွန်မ ဆီက ဝတ်လုံတော်ရမင်းလိုချင်တာ စိတ်ရှိလက်ရှိယူပါ"

ကျွန်တော်ကား ရင်ထဲမှာ ဒိတ်ခနဲနေအောင် အံ့အားသင့်သွားလေသည်။ ဒီလိုရှေ့နေခမျိုးကို လုံးဝမမျှော်လင့်ခဲ့ပေ။ စားပွဲကိုတွန်းထားသော ဒူးများကို ချလိုက်ရာကြွနေသော ကုလားထိုင်ရှေ့ ခြေနှစ်ချောင်းသည် ကြမ်းပြင်ပေါ်သို့ ဒိန်းခနဲကျသွားလေသည်။

"ဟေ့....နင်ငါ့ကို ဘယ်လိုရှေ့နေမျိုး မှတ်လို့လဲ၊ သွား–သွား–ငါ့ဆီ ဘယ်တော့မှမလာနဲ့၊ သွား ခုထွက်သွား" ဟု အော်ကြီး ဟစ်ကြီး ငေါက်လိုက်လေသည်။ ထိုတွင် ငွေစိန်သည် စားပွဲပေါ်မှာ မျက်နှာမှောက်ပြီး သည်းထန်စွာ ရှိုက်၍–ရှိုက်၍ ငိုချလေ၏။

ယင်းကဲ့သို့ ငိုလိုက်ခြင်းအတွက် ကျွန်တော့်မှာ စိတ်ရှုပ်သွားလေသည်။ အကယ်တိ လမ်းပေါ်က မိန်းမရှုပ်တစ်ယောက်ဖြစ်ဘိမူ ကျွန်တော်၏ ငြင်းပယ်ချက်ကို အပြုံးမပျက်ဘဲ လက်ခံကာ ထွက်ခွာသွားပေးလိမ့်သည်။ အခြားတစ်နေရာမှာ ကိုယ်နှင့်ရင်းနှီးပြီး ရှေ့နေကြီးတစ်ယောက်ကို ရှာပေလိမ့်မည်။ ယခုမူကား ကျွန်တော့်ငြင်းချက်ကြောင့် အရှက်ကြီးရပြီး ချုံးချကာ ငိုနေချေပြီးတကား။

"ဟေ့ သူငယ်မ ငိုမနေနဲ့၊ ငါက ငွေသားနဲ့ချေမှ ကျေနပ်တဲ့ ရှေ့နေ။ မင်းဆီကလည်း ငါဘာမှ မလိုချင်ဘူး။ ကဲကဲ–သွားပေတော့ ငိုမနေနဲ့"

သူမ သည် သန္နိဋ္ဌာန်ဖြင့် အငိုတိတ်ပစ်လိုက်သည်။ အငိုတိတ်သော်လည်း

mgyoe.com

mgyoe.com

အရိုက်ပင်မကျန်ရစ်၊ မျက်ရည်ကို သုတ်ပြီး ကျွန်တော့်အား တစ်ချက်မော့ကြည့်လိုက်သည်။ သူမ၏ မျက်နှာကား တင်းမာနေ၏။ ရှက်ကြောက်မှုလည်း အရိပ်မထင်။ ရိုသေကိုင်းရှိုင်းမှုလည်း မမြင်ရ။

ထိုအခါ ကျွန်တော် တစ်မျိုးလှည့်တွေးလိုက်ပြန်သည်။ လမ်းပေါ်က အရှုပ်မကလေးမို့ ငါသနားသွားအောင် မူရာမာယာဆောင်၍ ငိုပြခြင်းများဖြစ်နေလေသလော။ ခါးပိုက်နှိုက် အလစ်သမားတွေနှင့် အမှုပတ်တဲ့ လင်တော်မောင်ကကော သူပြောသလို လူရိုးလူကောင်း ဖြစ်နိုင်ပါ့မလား။ အို....ဒီအရှုပ်ကြားတွေမှာ ညပ်ပါ မသွားအောင် ရှန်းထွက်လေမှ တော်တော့မည်။ သို့သော်.....ကျွန်တော်က တစ်စုံတစ်ရာ ထပ်မပြောရသေးမီပင် သူမက. . . .

"ကျွန်မလင်လွတ်ဖို့ သည့်ပြင်နည်း မရှိလို့ ကြံမိကြံရာ ကြံတာပါ ဝတ်လုံတော်ရမင်းရယ်၊ ငွေတော့ဖြင့် ဘယ်နည်းနဲ့မှ ရှာနိုင်ဖို့ မမြင်ပါဘူး။ ဒါပါပဲ ကျွန်မသွားပါတော့မယ်"

"အေး....အေး သွားပေရော့၊ ငါကတော့ ငွေဆိုငွေနဲ့မှပဲ၊ တို့က ဒီအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းရတာဆိုတော့ အလကားလည်း လိုက်မပေးနိုင်ဘူးကွယ်။ ဒါကို မင်းနားတော့လည်စေချင်တယ်"

ငွေစိန်သည် ထိုင်ရာမှထရင်း မာနရောင်လက်နေသော မျက်လုံးများကို ကျွန်တော့်မျက်နှာ တည့်တည့်တွင် စူးစိုက်ထားရင်း အံကြိတ်၍–

"နားလည်ပါတယ်ရှင်၊ ကျွန်မကိုလည်း နားလည်စေချင်ပါတယ်" ဟု ပြောပြောဆိုဆို ခုံမြင့်ဖိနပ်တဒေါက်ဒေါက် စီး၍ ထွက်သွားလေသည်။

သူ၏မျက်လုံးများမှ လွှတ်လိုက်သောမာနရောင်များသည် ကျွန်တော့် အသည်းနှလုံးထဲသို့ပင် ထိုးဖောက် ထွန်းလင်းသွားလေသည်။ နောက်ဆုံး သူမပြောဆိုသွားသော "ကျွန်မကိုလည်း နားလည်စေချင်ပါတယ်"ဟူသော စကားသည် ကျွန်တော့်နားတွင်းမှာ အကြိမ်ကြိမ်ပဲ့တင်ခတ်နေလေတော့သည်။

အကယ်စင်စစ် ကျွန်တော်သည် လူပျိုကြီးပင် ဖြစ်သော်လည်း မိန်းမဟူသမျှ ရှောင်ရှားနေသူ မဟုတ်ပါ။ အလွန်အကျွံမဟုတ်စေကာမူ ရောဂါနှင့် အခြားဘေးအန္တရာယ်လွတ်ကင်းပြီး ရှုပ်ရှုပ်ထွေးထွေးမရှိလျှင်၊ အားလည်း အားမည်ဆိုလျှင် အပျော်အပါး လိုက်တတ်ပေသည်။ သို့သော်......ဝတ်လုံတော်ရရှေ့နေဟူသော အလုပ်နှင့် ဂုဏ်ပုဒ်များကို ထိခိုက်စေသော အပျော်အပါး လိုက်စားမှုကိုကား အထူးထား၍

mgyoe.com

 mgyoe.com 

ရှောင်ရှားပေသည်။ ကာယကံရှင်က သဘောတူကြည်ဖြူသည် ဖြစ်စေ၊ သဘောမတူ မကြည်ဖြူသည်ဖြစ်စေ ရှေ့နေခအဖြစ်ဖြင့် ကာမကို ခံယူသည်ဆိုလျှင် ရှေ့နေဟူသော အလုပ်နှင့် ဂုဏ်ပုဒ်ကို မစင်ထဲ ဆွဲနှစ်သည်ထက် ဆိုးပေလိမ့်ဦးမည်။

သည်ဟာကို ငွေစိန်အား နားလည်စေလိုသဖြင့် ငွေသားမှတစ်ပါး ဘာမျှ လက်မခံနိုင်ဟု ပြောခဲ့ရခြင်း ဖြစ်သည်။ ငွေစိန်က နားလည်ပါသည်ဟု ပြောသွား၏။ သူမအားလည်း နားလည်စေချင်ပါသည်ဟု ချက်ပိုင်ပိုင် ခွပ်သွားသေး၏။ သူမကို တော့ ကျွန်တော် ကောင်းစွာနားမလည်ပါ။

ကျွန်တော် နားမလည်နိုင်သော ငွေစိန်။

လင်ကိုကယ်တင်ရန် ကြံမိကြံရာ ကြံသော ငွေစိန်လော။

မူရာမာယာများသော လမ်းပေါ်က မိန်းမရှုပ် ငွေစိန်လော။

ထိုငွေစိန်ကို ပြန်တွေ့ရန် မမျှော်လင့်ခဲ့၊ တွေ့မည့်တွေ့တော့ အမှုသစ်တစ်မှု ဖြစ်ပွားနေဆဲတွင် တွေ့နေရပြန်သည်။

ငွေစိန်သည် မြူနီစီပယ် လော်ရီကားကြီးပေါ်သို့ တက်သွားလေသည်။ ထို ခဏ၌ မြူနီစီပယ်မြို့တော်ဝန်နှင့် မင်းကြီးတို့၏ ကားများသည် ဖြတ်မောင်းသွား လေသည်။

ထွန်းခင်က ဖြစ်သမျှကို ကြောင်ကြည့်လျက် စိတ်တွင်းမှာကား အတိတ်ဆောင် နေသော ကျွန်တော့်အား–

"ဆရာကြီးရဲ့၊ အဲဒီလူကြီးတွေက ဖမ်းရမယ်ဆိုလို့ ဒီနေ့ စနေနေ့ အထူးဖမ်း တာ။ ခါတိုင်းဆိုရင် စနေနေ့ ညနေနဲ့ တနင်္ဂနွေနေ့မှာ အဖမ်းအဆီးမရှိဘူး။ ဖမ်းနိုင်မှ လမ်းပေါ်မှာနေပြီး လမ်းပေါ်မှာ အလုပ်လုပ်နေတဲ့ ကျွန်တော်တို့တစ်တွေ ရှင်းမယ်လို့ ထင်ကြတာကိုး၊ စင်စစ်မှာတော့ ကျွန်တော်တို့က ဒီလိုအလုပ်မျိုးကို မလုပ်ချင်ပါဘူး၊ သည့်ပြင်အလုပ်သာ ရှာပေးရင် လမ်းပေါ်က ကျွန်တော်တို့တစ်တွေ ရှင်းကုန်မှာပါပဲ"

"ခုနင်က ဖိနပ်ဖန်းကို ဖမ်းသွားပြီး လော်ရီကားပေါ် တက်လိုက်သွားတာက ဘယ်သူလဲ....."

"ကျွန်တော့်မိန်းမပါခင်ဗျား။ ကျွန်တော်က ရုံးတို့ ဂါတ်တို့၊ ထောင်တို့၊ စာရေး စာချီရှေ့နေရှေ့ရပ်တွေနှင့် မဆက်ဆံချင်ဘူး ခင်ဗျ။ သို့ပေမဲ့ ဖြစ်လိုက်မှဖြင့်လည်း ရုံးကိစ္စ၊ ဂါတ်ကိစ္စချည်းပဲဗျ။ ကျွန်တော့်မိန်းမရှိပေလို့သာပေါ့ဗျာ။ သူက ဒီလူတွေနဲ့ ဆက်ဆံတတ်တယ်။ ကြံတတ်ဖန်တတ်တယ်။ ဩော် ဒါထက် ဆရာကြီးကို ငွေ

mgyoe.com

mgyoe.com

တစ်ကျပ် ပြန်မအမ်းရသေးဘူး။ ကဲ ဆရာကြီးရယ်၊ ဟိုနားက ဒိန်ချဉ်အေးဆိုင်မှာ သွားသောက်ရအောင်၊ အင်မတန် ကိုယ်တွင်းအေးပါတယ်။ ကျွန်တော်ကပဲ တိုက်ပါရစေ၊ အနုပ်လည်းရအောင် ဆရာကြီးရဲ့.......”

ယခုအချိန်တွင် ကျွန်တော်သည် သူတို့အကြောင်းတွင် များစွာ စိတ်ဝင်စားနေလေပြီ။ ဒိန်ချဉ်အေးကိုလည်း ကြိုက်တတ်သည်ဖြစ်ရကား–

“ကောင်းသားပဲ၊ ဒါပေမဲ့ ကိုယ်က အတိုက်ဖြစ်ရမယ်”

“ဟာ..... ဘယ်ဟုတ်မှာလဲ ဆရာကြီး၊ ကျွန်တော့်ဆီလာပြီး စျေးဝယ်တဲ့ ကျွန်တော့် ဧည့်သည်ပဲဟာဗျာ”

ဒိန်ချဉ်အေးဆိုင်တွင် ထိုင်မိကြသောအခါ ကျွန်တော်က. . . .

“အဖမ်းမခံရအောင် ပိုက်ဆံကလေးဘာကလေး ဆို့မထားဘူးလား”

“ဘယ်နေမှာလဲဆရာ၊ ဆို့ရတာပေါ့၊ ဆို့ပေတဲ့လည်း သူတို့မှာလည်း မနေသာတော့ ဖမ်းရတာပေါ့။ သို့ပေမဲ့ ဆို့ထားတော့ အကြိမ်ကြိမ် ဖမ်းမယ့်အစား တစ်ကြိမ်နှစ်ကြိမ်သာ ဖမ်းတာပေါ့......”

“ဘယ်လိုပေးရသလဲ”

သူသည် ဒိန်ချဉ်အေးဆိုင်ကုလားကို လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်ပြီးနောက်။

“ကျွန်တော်တော့ တစ်လကို နှစ်ကျပ်ပေးရတယ်။ တချို့ဆိုင်တွေတော့ သုံးကျပ်ပေးရတယ်။ မြူနီစီပယ်ပုလိပ်ကို တိုက်ရိုက်ပေးရတာလည်း ရှိတယ်၊ သူတို့ကိုယ်စားလှယ်တွေဆီက တစ်ဆင့်ပေးရတာလည်း ရှိတယ်”

“ဩော်......သူတို့ကလည်း ကိုယ်စားလှယ်တွေနဲ့ကိုး”

“ဒီလို ဆရာကြီးရဲ့၊ မြူနီစီပယ်က ဟောဒီ ဖရေဇာတစ်လျှောက် မဂိုလမ်းကနေပြီး သိမ်ကြီးစျေးအထိ ပုလိပ် သုံးယောက် ချထားတယ်။ သူတို့အပေါ်က အိပ်ချ်စီ တစ်ယောက်ရှိတယ်။ အပိုင်စားနယ်သတ်ပေးထားတဲ့ သဘောပေါ့ ဆရာရယ်။ ဘုမသိ ဘမသိ အပေးအကမ်းမရှိဘဲ ဗန်းလာခင်းတဲ့ စျေးသည်သစ်တွေကို တစ်လနှစ်ခါ၊ သုံးခါ ဖမ်းလိုက်တယ်။ ပေးထားတဲ့ ဆိုင်တွေကိုတော့ သုံးလနေမှ တစ်ခါလောက် ဖမ်းတာပေါ့။ ဒီတော့ ခဏခဏ အဖမ်းခံရတဲ့ စျေးသည်သစ်မှာ စိတ်ညစ်လာတာပေါ့”

ကျွန်တော်က မှိန်းသောက်နေသော ဒိန်ချဉ်အား ဖန်ခွက်ကို ချထားလိုက်ပြီး–

“အင်း......စိတ်ညစ်ရပုံ ပြောပြစမ်းပါဦး”

mgyoe.com

"အဖမ်းခံရတဲ့နေ့ဟာ ဂြိုဟ်ဆိုးမွှေတာပါပဲ၊ ခုအချိန်က ဖမ်းသွားရော ဆရာ၊ ချက်ချင်းဒဏ်တပ်၊ ချက်ချင်းပြန်လွှတ်ရင် ကိစ္စမရှိဘူး။ နောက်တစ်နေ့ နှစ်နာရီနဲ့ လေးနာရီကြားမှ ရုံးချိန်းတယ်။ ကျွန်တော်တို့သွားရတဲ့ ရုံးနာမည်ကို ဆရာသိလား"

သူ့အမေးကိုမဖြေတတ်သော ကျွန်တော်သည် အနေရအထိုင်ရကျပ်နေသည်။ ကျွန်တော်သည် ရုံးတကာရှေ့တွင်ရပ်ရသော ရှေ့နေဖြစ်သည်ကို သူမသိ၍သာ တော်ပေတော့၏။

"ကျွန်တော်တို့သွားရတဲ့ ရုံးက မြူနီစီပယ်ရုံးကြီးအောက်ထပ်မှာရှိတဲ့ နဝမရာဘက်တရားသူကြီးရုံး ဆရာရဲ့၊ ဖမ်းတာနဲ့ ရုံးချိန်းတာနဲ့ စီရက်ချက်ချတာနဲ့ဆိုရင် အဖျင်းဆုံး တစ်ရက်နှစ်ရက်တော့ ဈေးရောင်းပျက်သွားတာပဲ။ ကျွန်တော်တို့ ဈေးသည်တွေမှာ ဒီနေ့ရမှ ဒီနေ့စားရသူတွေဆိုတော့ တစ်လနှစ်ကြိမ်သုံးကြိမ် ဂြိုဟ်ဆိုးအမွှေခံရတယ်ဆိုရင် စိတ်မညစ်ဘဲ နေပါ့မလား။ ဒီတော့ အဖမ်းမခံရတဲ့ နည်းကလေးများ ရှာရတာပေါ့။ ဘေးမှာရှိတဲ့ နေသားကျပြီး ဈေးသည်များကလည်း မင်းဒီလိုဆိုရင်မဖြစ်ဘူး၊ သူတို့ကို ဆို့ရတယ်လို့ သင်ကြားကြတာပေါ့။ ဘယ်မှာ ပေးရမှာလဲဆိုရင် ဈေးသည်ထဲမှာပဲ ပုလိပ်ထားတဲ့ ကိုယ်စားလှယ်ရှိတယ်။ ဒီတော့ အလွယ်တကူဆက်လို့ရတာပေါ့၊ တရားသူကြီး လာဘ်ထိုးချင်စာရေးကြီးကို ကပ်ရသလိုပေါ့"

"အင်း......မင်းတို့ကိစ္စတွေက စိတ်ဝင်စားစရာ အကောင်းသားပဲ၊ ကဲ...... ဆက်စမ်းပါဦး"

"သူတို့အချင်းချင်းအဝေမတည့်တဲ့အခါမှာ ဈေးသည်တွေ ဒုက္ခရောက်ကြသေးတယ်။ သူ့ပိုင်တိုက် ငါ့ပိုင်တိုက် အာဏာလာပြနိုင်တာက ရှိသေးတော့ နှစ်ထပ်ကွမ်းပေးရတာတွေ ဖြစ်လာတာပေါ့ဆရာရယ်။ အရေးကြီးတာကတော့ မြူပုလိပ်နဲ့ မိတ်ဆွေဖြစ်ဖို့ပဲ၊ ပုလိပ်နဲ့ မိတ်ဆွေလည်း မဖြစ်ဘူး၊ ပေးလည်းမပေးဘူးဆိုရင် မြူလော်ရီကြီးပူးခနဲထိုးဆိုက်ပြီး အတင်းဝင်ဖမ်းတာပဲ။ ပြေးလည်းမလွတ်ဘူး၊ လိုက်ဖမ်းတာပဲ။ ခုလို အထူးမင်းကြီးတွေ မြို့တော်ဝန်တွေ ကြည့်တဲ့ နေ့ကျတော့ တစ်ခါတစ်ခါ ပုလိပ်က ကျွန်တော်တို့ကို ကြိုတင်အကြောင်းကြားနိုင်တယ်၊ တစ်ခါတစ်ခါတော့လည်း အကြောင်းမကြားနိုင်ဘူး"

သူသည် ဒိန်ချဉ်အေးကို မော့ချနေသည်။ အတန်ကြာတော့ ကျွန်တော်က–

"ဒီနေ့တော့ အကြောင်းမကြားထားလို့ ခံလိုက်ရတယ်ထင်တယ်"

"ကျွန်တော့် မိန်းမ သတင်းတော့ရခဲ့သားဆရာရဲ့၊ သို့ပေမဲ့...ဒီလောက်မြန်မယ်

mgyoe.com

mgyoe.com
မထင်ဘူး။ ပြီးတော့လည်း ဈေးကလည်းတစ်ဖက်ရောင်းရသေးတာကိုး.....။ ဘယ်တတ်နိုင်မှာလည်း ဆရာရယ် ဒီလိုပေါ့"

နောက်ဆုံးအသံမှာ အဖြစ်အပျက်တစ်ရပ်လုံးမှ အဘိဓမ္မာထုတ်ပြီး တရားချလိုက်သော အသံဖြစ်ပေ၏။

သူသည် ကျွန်တော် ပေးထားသော ငါးကျပ်တန်စက္ကူဖြင့် ဒိန်ချဉ်အေးဖိုးထုတ်ပေးသည်။ ထို့နောက် ကျွန်တော့်အား ငွေတစ်ကျပ်ပြန်ပေးရာ ကျွန်တော်ကလက်မခံဘဲ ထိုင်ရာမှ ထလိုက်ပြီး.......

"ဒိန်ချဉ်ကို ငါက တိုက်တာပါလို့ပြောနေတာပဲ......"

သူသည် ငွေစက္ကူတစ်ကျပ်တန်ကို အတင်းပေးရင်း......

"ဆရာကြီးဆီက ရတဲ့အမြတ်ထဲက ကျွန်တော်က တိုက်နေတာပါ၊ ယူပါ"

"မယူဘူးကွာ"

"ဟော....ငွေစိန်ပြန်လာပြီ၊ မိန်းမကတော့ အားကိုးရတယ်၊ လမ်းကတည်းက လွတ်အောင်ကြဲလာတယ်"

သူသည် လက်ခမောင်းခတ်တော့မလောက် ခုန်ပေါက် မြူးထူး သွားပေ၏။ ငွေစိန်သည် ဆိုက်ကားတစ်စီးပေါ်တွင် ရှေ့ခုံမှ ဘေးစောင်းလိုက်လျက် နောက်ခုံတွင် တင်ထားသော ဖိနပ်သေတ္တာနှင့် ဗန်းကိုလက်တစ်ဖက်ဖြင့် ဖေးကိုင်ရင်း ကျွန်တော်တို့ရှေ့က ဖြတ်သွားလေသည်။ ထွန်းခင်သည် သူ့မိန်းမနောက်သို့ လိုက်ပြောလေသည်။ ကျွန်တော်လည်း သူတို့ကိစ္စမှာ ပိုမိုစိတ်ဝင်စားလာပြီ ဖြစ်သည့်အတွက် မလှမ်းမကမ်းမှနေပြီး သူတို့ဆိုင်နေရာအရောက် လိုက်ပါသွားလေသည်။

သူတို့လင်မယားနှစ်ယောက် ခုနင်ကနေရာမှာ ဆိုင်ခင်းနေသည်ကို ကျွန်တော်က ခပ်လှမ်းလှမ်းမှ ကြည့်နေသည်။ သူတို့ ဘာပြောနေကြသည်မသိ။ သို့သော်..... ငွေစိန်က ကျွန်တော့်ဆီ လှမ်းကြည့်လိုက်၊ ထွန်းခင်က ကျွန်တော့်ဆီ လှမ်းကြည့်လိုက်လုပ်ရင်း ပြောနေကြသည်ဖြစ်ပေရာ ကျွန်တော့် အကြောင်းပါ ပါသည်ဟု ခန့်မှန်းရလေသည်။ အတန်ကြာတော့ ငွေစိန်သာ ဖိနပ်တွေ စီရစ်ပြီး ထွန်းခင်က ကျွန်တော့်ထံလာ၍......

"ကျွန်တော့် မိန်းမက ပြောပြမှ ဆရာ့အကြောင်း သိရတော့တယ်။ နောက်လည်း ဖိနပ်များအလိုရှိရင် ကျွန်တော့်ဆီလာပါဆရာ၊ တံဆိပ် နာမည်မထင်ရှားပေမဲ့ အမျိုးအစားကောင်းတာ ရပါစေမယ်၊ အဖိုးလည်း မများစေရပါဘူး"
mgyoe.com

mgyoe.com


သူသည် သကာလူးသည့်မျက်နှာဖြင့် မျက်နှာချိုသွေးကာ ကျွန်တော့်အား ဈေးဝယ်တစ်ယောက်အနေဖြင့် ဖောက်သည်ဖြစ်ရန် ကြိုးစားနေပါတော့သည်။ ခုနင်က လို သူ့အရေးကိုယ့်အရေး တိုင်ပင်ဆွေးနွေးသည့်သဘော မတွေ့ရတော့ချေ။ ကျွန်တော် မှာလည်း သူတို့ကိစ္စတွင် စပ်စုရန်ခက်တော့မလိုဖြစ်လာပေသည်။

"မိန်းမစီးနဲ့ ကလေးစီးတွေလည်း ရှိပါတယ်၊ ဝယ်သွားပါဦးလား"

"ငါ့မှာ မိန်းမမရှိဘူး၊ ကလေးလည်းမရှိဘူး။ မင်းက ဝယ်စေချင်ရင် ငါ့အိမ်က အစေခံတွေစီးဖို့ဝယ်သွားမယ်။ သို့ပေမဲ့......ငါမင်းနဲ့ စကားပြောချင်သေးတယ်"

"အမိန့်ရှိပါဆရာ၊ သို့ပေမဲ့.......ကျွန်တော်အချိန်တော့ သိပ်မရဘူး၊ အချိန်ရှိ တုန်း ဈေးတွန်းရောင်းရဦးမယ်"

"အေးပါလေ၊ မင်းပြောတာဟုတ်ပါတယ်.......၊ လူတွေဟာ ကိုယ့်အလုပ်ကို အချိန်လုလုပ်နေကြရတာပဲ။ ငါက မင့်အမှု အကြောင်းမေးချင်တာ၊ ပြီးသွားပြီလား ဘာလားဆိုတာပေါ့လေကွာ......"

သူသည် ဈေးဝယ်အား ဈေးသည်က နှုးသောအမူအရာမျိုးကို စွန့်လိုက်ပြီး။

"အမှုကတော့ တန်းလန်းပါပဲဆရာ၊ ခု အာမခံနဲ့ ထွက်နေရပါတယ်"

"အေး..... ဒါဖြင့် ငါ့အလုပ်ခန်းကို ခဏဝင်လာခဲ့ကွာ၊ တနင်္လာနေ့ ညနေ သုံးနာရီခွဲလောက်......"

"ကျွန်တော့် မိန်းမလွှတ်လိုက်ရရင် မကောင်းဘူးလားဆရာ"

"မင်းလာခဲ့ပါကွာ.....၊ ဒါထက် ခုဆိုင်ဖမ်းသွားရာက ဘယ်ပုံပြန်ယူလာတာ လဲ"

"ပုလိပ်ကို နှစ်ကျပ်ပေး၊ ကိုကြီးရဲ့ ဘာရဲ့နဲ့ချော့၊ ဒီတော့ပုလိပ်က လွှတ်ဖို့ ညဏ်ဆင်တာပေါ့၊ တစ်နေရာမှာ လော်ရီရပ်ပေးပြီး ဟော့သူငယ်မ မင့်ပစ္စည်းတွေ စုံရဲ့လား စစ်ကြည့်စမ်းလို့ အချက်ပေးလိုက်တာပဲ၊ သူတို့က ဟိုလိုလို သည်လိုလိုနဲ့ မျက်နှာလွှဲနေတာပဲ၊ ဒီတော့ လော်ရီပေါ်က ကိုယ့်ဗန်း ကိုယ့်သေတ္တာ အမြန်ချပြီး ယူလာရတာပဲဆရာ၊ ကျွန်တော့် မိန်းမကဒါတွေတော့ လျင်တယ်ဆရာရေ့၊ ကျွန်တော် ဒုက္ခရောက်တိုင်း သူကယ်တာချည်းပဲ......"

"ကဲ......ငါသွားမယ်။ တနင်္ဂလာနေ့ညနေ လာခဲ့နော်......"

"ဟုတ်ကဲ့ ဆရာ"

သူ့အဖြေကား ဟက်ဟက်ပက်ပက်မရှိ၊ ကျွန်တော့်အား အားကိုးဟန် လက္ခဏာ

mgyoe.com

mgyoe.com

မရှိပါ။ ငွေ နှစ်ရာကျပ်ပေးမှ လိုက်မည့်ရှေ့နေထံ ချဉ်းကပ်ရန်လည်း လက်လှမ်းမမီဟု ဆုံးဖြတ်ပြီးဖြစ်ဟန်တူသည်။ ကျွန်တော်က သူ့အား အလုပ်ခန်းသို့ သူ့အမှုအကြောင်း ပြ၍ ခေါ်ခြင်းမှာလည်း သူ့အမှုကို ရှေ့နေလိုက်ပေးရေး မပေးရေးထက် သူတို့ဘဝ၊ သူတို့ကိစ္စများတွင် စိတ်ဝင်စားလာပြီဖြစ်သဖြင့် သိလိုသမျှ မေးရန်ကသာ အရေးကြီးပေသည်။ သူ့အမှုတွင် ရှေ့နေလိုက်ရန် ကိစ္စကား အလကားလိုက်ပေးမည်လော၊ သို့မဟုတ် ငွေစိန်၏အကြံကို လက်ခံမည်လောဟူသော အချက်များတွင် တည်နေပေသည်။

(၃)

ချိန်းထားသည့်အတိုင်း တနင်္လာနေ့ ညနေ ၄ နာရီလောက်တွင် ကျွန်တော့် အလုပ်ခန်းသို့ ထွန်းခင် ရောက်လာလေသည်။

သူသည် အင်္ကျီလက်ရှည်နှင့် ကာကီဘောင်းဘီရှည်တို့ကိုဝတ်ထားပြီး ဟောင်းနွမ်း၍ ခြေသန်းနေရာမှာ ပေါက်မတတ် ရှိနေသော ရှူးဖိနပ်ကိုစီးထား၏။ ကျွန်တော့် ရှေ့မှာထိုင်ပြီး ကျွန်တော်က ဘာပြောမလဲဟု စောင့်စားရင်း ပါးစပ်ဟောင်းလောင်း သားနှင့် ငေးနေရာ ရွှေသွားကြီးများ ဝင်းနေသည်ကို တွေ့ရပေ၏။ ကျွန်တော်က ဖော်ရွေရင်းနှီးစွာပြုံးပြီး...

"ဘယ်တုန်းက ဒီရွှေသွားတွေ တပ်သလဲကွ....."

သူက ဟဲဟဲနှင့် ရှက်သလိုလို ရွှင်သလိုလိုရယ်လိုက်၏။ သည်စကားမျိုးဖြင့် ဆွေးနွေးပွဲစလိမ့်မည်ဟုလည်း သူထင်ဟန်မတူပေ။

"ကြာပါပြီဆရာ၊ သူငယ်ချင်းတစ်ယောက်က အကုန်ခံပြီး စိုက်ပေးတာ၊ ဟဲဟဲ ဖြစ်ပုံကရယ်စရာကြီး။ မြင်းမိုရ်ပွဲမှာ ကျွန်တော်နဲ့ သူငယ်ချင်းတစ်ယောက် လျှောက်နောက်ကြရင်းဖြစ်တာ။ ညအိမ်နောက်ဘေးက ထဘီခိုးပြီး အိမ်ရှေ့အလံထူတာ၊ အိမ်တွေမှာ တပ်ထားတဲ့ လူနာမည် ကုမ္ပဏီနာမည် ဆိုင်းဘုတ်တွေ ဖြုတ်ပြီး အိမ်သာတွေမှာ ချိတ်တာ။ အစုံ နောက်ကြတာပါပဲ။ ကျွန်တော် စာရေးဝါသနာပါတယ်။ တိုက်ထုံးသုတ်တဲ့ စုတ်ကြီးနဲ့လိုက်ရေးတယ်။ ကျွန်တော့်သူငယ်ချင်းက ထုံးပုံးကိုင်လိုက်တယ်။ မြူနီစီပယ်ကျောင်းမှာ "အရက်ဖြူ ရောင်းရန်ရှိသည်"ဆိုတဲ့ စာကိုရေးတယ်။ အိမ်ရှေ့တွေမှာ "ယောကျ်ားသွားရန်" "မိန်းမသွားရန်"စသည်ဖြင့် ရေးတယ်။ ကျွန်တော်နဲ့ အင်မတန်ခင်တဲ့ သူငယ်ချင်း တစ်ယောက်အိမ်မှာတော့ "အပျိုကြီးများ ရောင်းရန်ရှိ

mgyoe.com

သည်"လို့ ရေးခဲ့တယ်၊ သူ့အစ်မတွေက အပျိုကြီးတွေကိုး၊ ဒီလိုလျှောက်ရေးနေတုန်း မှောင်ကွယ်ကနေပြီး လူတစ်ယောက်က အုတ်ခဲနဲ့ ပစ်တာ၊ ကျွန်တော့် ရှေ့သွားတွေ ပြုတ်ကုန်တာပါပဲ။ နာလိုက်တာ၊ သွေးတွေထွက်လိုက်တာလည်း ပြောစရာမရှိဘူး။ မနက်ကျတော့မှ အပျိုကြီးတွေရဲ့ မောင် ကျွန်တော့် သူငယ်ချင်းက ကျွန်တော်မှန်း မသိလို့ အုတ်ခဲနဲ့ ပစ်ထည့်မိတဲ့အကြောင်း ပေါ်တော့တာပဲ၊ သူ့ခမျာ ပစ်မိလေခြင်း ဆိုပြီး ယူကျုံးမရ ဖြစ်ပါတယ်။ ပြီးတော့ သွားဘက်ဆရာဝန်ဆီ ခေါ်သွားပြီး ကုပေးတယ်။ ရွှေသွားလည်း တပ်ပေးတယ်။ ဒါ့ကြောင့် ရွှေသွားနဲ့ ပြောင်ပြောင် လက်လက် ဖြစ်ရတာပေါ့ ဆရာ"

သူက သူ့အဖြစ်အပျက်ကို စားမြုံ့ပြန်ရင်း အတော်ပီတိဖြစ်နေဟန် တူသည်။

"တစ်ခုမေးစမ်းပါရစေဦး၊ မင့်မိန်းမက ငါ့ဆီလာပြီး အမှုအပ်တုန်းက ခါးပိုက်နှိုက် ဂိုဏ်းတစ်ဂိုဏ်းက မင့်အပေါ်မှာ ရန်ငြိုးထားနေတယ်လို့ ပြောတယ်၊ ဒါဟာ မင်းအမှုရဲ့ အကြောင်းရင်းဖြစ်နေတယ်။ ဘယ်လိုများဖြစ်လို့ သူတို့က ရန်ငြိုးထား တာလဲ"

"ကျွန်တော်က ကိုယ်တိုင်ကလည်း ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စား ချင်တယ်.....၊ ခိုးတာ ဝှက်တာ လစ်တာ လိမ်တာ ခါးပိုက်နှိုက်တာတွေကို မကြိုက် ဘူး၊ ပြီးတော့လည်း လူတစ်ဖက်သား ဒုက္ခရောက်နေရင်လည်း ကြည့်မနေတတ်ဘူး။ ဒီတော့ ခါးပိုက်နှိုက်နေတာမြင်ရင်ဖြစ်ဖြစ် နှိုက်တော့မယ်ဟန်ပြင်နေတာဖြစ်ဖြစ်မြင်ရင် မလုပ်ဖြစ်အောင်၊ မအောင်မြင်အောင် ကျွန်တော်က ဝင်လုပ်လေ့ရှိတယ်။ ပြီးတော့ ခါးပိုက်နှိုက်တွေကို ဖမ်းတဲ့ဆီးတဲ့အခါမှာလည်း အရပ်သူ အရပ်သားကိုဖြစ်ဖြစ် ပုလိပ်ကိုပဲဖြစ်ဖြစ် ကူညီအားပေးတယ်။ ဒီတော့ ခါးပိုက်နှိုက် ဂိုဏ်းတွေက ကျွန်တော့် ကို သူတို့ အလုပ်မှာ ဆူးငြောင့်ခလုတ်လို သဘောထားကြတာပေါ့။ ခက်တာက ဒီကောင်တွေနဲ့ ကျွန်တော်တို့လမ်းပေါ်က ဈေးသည်တွေကလည်း မကင်းရာ မကင်း ကြောင်းလို ဖြစ်နေကြတယ်။ သူတို့က ဒီနားတစ်ဝိုက်မှာ ကျက်စားနေကြတော့ မမြင် ချင်လို့လည်း မနေရ၊ မသိချင်လို့လည်း မနေရ၊ မဆက်ဆံချင်လို့လည်း မနေရ။ တချို့ကတော့လည်း အန္တရာယ်ကင်းအောင်ဆိုပြီး သူတို့နှိုက်နေတာမြင်လည်း မျက်နှာလွှဲနေလိုက်ကြတယ်။ ပုလိပ်က မေးလည်းမသိဘူးပဲ ဖြေလိုက်ကြတယ်။ ကျွန်တော်ကတော့ အဲဒီလို မနေတတ်ဘူး။ နောက်တစ်ခုကတော့ ငွေစိန်ကိစ္စဆရာရဲ့"

သူသည် ကရားရေလွှတ် ထွက်နေသော စကားစဉ်ကို ရုတ်တရက်ရပ်ထား

mgyoe.com

mgyoe.com


လိုက်သည်။ ပြောရမှာနောက်ဆံငင်နေ၍လော၊ နားထောင်သူ ပို၍စိတ်ဝင်စားလာအောင် ဆွဲထားခြင်းလော။

"အင်း.....ငွေစိန် ကိစ္စကလည်း ပါသေးသကိုး၊ ဆိုစမ်းပါဦး ဘယ်လိုလဲ"

"ငွေစိန်က ၂၃လမ်းထိပ်မှာ ငှက်ပျောသီးတို့ သဘော်သီးတို့ ရောင်းလေ့ ရှိတဲ့ ဒေါ်မြရဲ့ သမီးအကြီးဆုံးဗျ။ ဒေါ်မြက မုဆိုးမလား၊ တစ်ခုလပ်လားမသိဘူး၊ ကျွန်တော်တော့ ခုထိ ငွေစိန်အဖေ ဘယ်သူဘယ်ဝါဆိုတာ မမေးမိဘူး။ ရှိပဲ ရှိလေသေးသလား၊ သေပဲသေပြီလေလား။ ကောင်မလေးကလည်း ချောချော၊ ဆင်းလည်း ဆင်းရဲ၊ သူ့အောက်မှာ ကလေး သုံးယောက်ရှိသေးတယ်။ ဒီတော့ ပိုးကြ ပန်းကြ တော်တော်များသပေါ့ ဆရာရယ်။ ဒါပေမဲ့ တည်တည်ကြည်ကြည်ပိုးတာထက် ဖျက်ဆီးပစ်ဖို့ ပိုးကြတာကများတယ်။ အော်ဒါလိုက်အောင် ဆွယ်တာလည်းရှိတာပဲ။ မယားငယ်လုပ်ဖို့ နှူးတာလည်းရှိတာပဲ။ ဒီအထဲမှာ ကြောက်စရာအကောင်းဆုံးက ကျွန်တော့်ကို ရန်ငြိုးထားနေတဲ့ ခါးပိုက်နှိုက်ဂိုဏ်းထဲက ဘတုပ် ဆိုတဲ့ကောင်ပဲ.....။ ဘတုပ်က ရိုးရိုးခါးပိုက်နှိုက် မဟုတ်ဘူး......၊ ဖာခေါင်းတွေနဲ့လည်း စီးပွားရေးဆက်ထားတဲ့အကောင်......၊ သူကတော့......ငွေစိန့်ကို ဖာအိမ်ရောက်အောင် ပို့မယ့်အကောင်ပဲ.....။ ကျွန်တော်ကတော့......တကယ်မေတ္တာနဲ့ အတည်ပိုးနေတယ်.....။ ကောင်မကလေးကလည်း ဒါကိုသိပါတယ်။ ဒါကြောင့် ကျွန်တော့်ဘက်ပါတာပေါ့။ ဒါကိုသိတော့ ဘတုပ်က ကျွန်တော့်ကို ခြိမ်းလား ခြောက်လားလုပ်သေးတယ်။ သို့ပေမဲ့ ကျွန်တော်ကလည်း ကြောက်တဲ့လူမှမဟုတ်ဘဲ၊ သူတို့လိုလူမိုက်လုပ်မနေပေမဲ့ သူတို့ထက်မိုက်ရဲတဲ့လူဆိုတာ သူတို့သိကြတယ်။ ဒီတော့ ကောင်မကလေးကို အတင်းသုတ်ကြမယ်လို့ စီမံတယ်။ သူတို့ကြားထဲက ငွေစိန်က အတင်းရုန်းထွက်ပြီး ကျွန်တော့်ဆီလာခဲ့တယ်။ သူတို့ဟာ ဒါကိုအခဲမကျေကြဘူး။ အကြမ်းနည်းနဲ့ မတတ်နိုင်တော့ ကျွန်တော့်ကို ကလိမ်ဉာဏ်နဲ့ ဆင်ပြီး ချောက်တွန်းနေကြတာပါပဲ....."

"အင်း.....ဟုတ်လောက်တယ်၊ သူတို့ကိုဒီလောက်ကြာအောင် အန်တုနိုင်တာမင့်ကို ချီးကျူးစရာပဲ...."

ဤလိုလိပ်ပတ်လည်စွာ သိရတော့မှ ကျွန်တော်သည် ထွန်းခင်၏ အပြစ်ကင်းစင်မှုကို စိတ်ချလက်ချ နားလည်ပေတော့သည်။ ကျွန်တော့်ဆီသို့ လာ၍ မတတ်နိုင်တတ်နိုင်သောနည်းဖြင့် ရှေ့နေငှားသော ငွေစိန်ကိုလည်း အတော်အတန် နားလည်နိုင်ပေတော့သည်။

mgyoe.com

"မင့်ကို အာမခံနဲ့လွတ်ထားအောင် ဘယ်သူလုပ်ပေးသလဲ၊ ဘယ်သူက အာမခံသလဲ....."

"ဒါကတော့ ငွေစိန်ရဲ့ ကျေးဇူးပဲ ဆရာရေ့၊ ရုံးကအာမခံပေးအောင် သူပဲစီမံတယ်။ အာမခံတာကတော့ ကျူလယာဆိုင်က ကိုအီဘရာဟင် ပဲဗျ။ ငွေစိန်က ပေါင်းတတ်သင်းတတ်တယ်။ သိနေကြတာ ကြာလည်းကြာပြီ၊ ဒီလိုအကျဉ်းအကျပ်ကျရင် ကျွန်တော်ကတော့ ဘာမှမတတ်နိုင်ဘူး။ မလုပ်တတ်ဘူး၊ မကြံတတ်ဘူး၊ ငွေစိန်ကတော့ ကြံတတ်စည်တတ်တယ်......"

သူသည် ငွေစိန်အတွက် ရိုးရိုးသားသားဂုဏ်ယူကြောင်း မျက်နှာမှာပေါ်နေသည်။

ကိုအီဘရာဟင်က အာမခံပေးသည်။ ကိုဘီဘရာဟင်က ဘာကျေးဇူးကို မျှော်ကိုး၍ အာမခံပေးလေသနည်း။ ငွေစိန်သည် ထွန်းခင် အာမခံနှင့် လွတ်အောင် ကိုယ်နှင့်ရင်းနှီးမှု မပြုပေဘူးလား။ သည်အတွက်ကို ထွန်းခင်အား မေးရန် ဝန်လေးနေသည်။ သူမသိဘဲလုပ်သည်ဆိုလျှင်လည်းမကောင်း၊ သူ့အား အသိပေး၍ လုပ်သည်ဆိုလျှင်လည်း မကောင်းပါချေ။

"မင်းအတွက် ရှေ့နေကော ဘယ်သူလိုက်ပေးသလဲ......"

"ရှေ့နေရယ်လို့ မငှားတော့ပါဘူး.....ဆရာရယ်"

"အင်း.....မင်းအချုပ်ခံနေရတော့ ဆိုင်မဖွင့်နိုင်ဘူးပေါ့နော်"

"ဟုတ်ကဲ့ မဖွင့်နိုင်ဘူး၊ ငွေစိန်ကလည်း ကျွန်တော်လွတ်အောင်လိုက်လုပ်နေရတာနဲ့ ဆိုင်မဖွင့်နိုင်ဘူး။ အချုပ်ခံရတဲ့ ကျွန်တော်ကိုယ်တိုင်က ခံစားရတာထက် ငွေစိန်က ကျွန်တော့်အတွက် ပိုပြီးစိတ်သောက ရောက်နေတယ်ဆရာကြီးရဲ့။ ကျွန်တော်မလွတ်မချင်း နားကိုနေဟန်မတူဘူး၊ ကြံဖန် လုပ်ကိုင်နေတာပဲ...."

"ဆိုင် ပိတ်လိုက်ရရင် တစ်နေ့ဝင်ငွေဘယ်လောက် ထိခိုက်သွားသလဲ....."

"ငါးကျပ်၊ ခြောက်ကျပ်ထိခိုက်သွားတာပေါ့ဆရာ။ အခါကြီးရက်ကြီး နီးရင် တစ်နေ့တစ်ဆယ်လောက် ထိခိုက်တယ်......"

"မင်းတို့ ဆိုင်ကလေးတွေဆိုရင် တစ်ဦးအရင်းငွေ ဘယ်လောက်လိုသလဲ"

"ကျပ်တစ်ရာ့ငါးဆယ် သို့မဟုတ် ကျပ်နှစ်ရာလောက်လိုတယ်"

"မင်းတို့ငွေချေးရသေးသလား......"

"အားလုံးလိုလို ချေးကြရတာပဲ ဆရာ၊ နေ့ပြန်တိုးချေးရတယ်။ တစ်ရာ

mgyoe.com

ဆယ့်ငါးကျပ်တိုး၊ နှစ်ဆယ်တိုး စသဖြင့် ချေးကြရတာပဲ။ တစ်နေ့ နှစ်ကျပ် ဆပ်သူဆပ်၊ ငါးကျပ် ဆပ်သူဆပ်ပဲ၊ ချေးသူက အတိုးကိုနုတ်ယူထားလိုက်တယ်လေ......"

"အတိုးက များလှချေကလားကွ၊ အစိုးရသတ်မှတ်ထားတဲ့အတိုးနဲ့ ကွာလှချေကလားကွ....."

"အစိုးရက သတ်မှတ်ချင်တာ သူတို့ဘာသာ သတ်မှတ်နေတာပဲ.....၊ ကျွန်တော်တို့ကတော့ ဒီအတိုင်းပဲပေးနေရတယ်။ ဒီလိုပေါ့ဆရာ ဘယ်တတ်နိုင်မှာလဲ....."

ထွန်းခင်သည် အဘိဓမ္မာထုတ်၍ တရားချလိုက်ပြန်လေပြီ။

"မင်းတော့ ဘယ်သူ့ဆီကယူသလဲ"

"ကျွန်တော်တို့နဲ့ သိတဲ့ယစ်မျိုးဘက်က ပီ–စီတစ်ယောက်ဆီက ဆယ့်ငါးကျပ်တိုးနဲ့ယူပြီး တစ်နေ့ နှစ်ကျပ်ဆပ်ရတယ်။ ဒီဌာနကတော့ အောက်ဆိုက်ရတော့ ငွေချေးနိုင်သူရှိတာပေါ့ ဆရာ....."

"မင်းတို့အလုပ်က တယ်မနိပ်ပါဘူးကွာ....."

"ဘယ်နိပ်လိမ့်မှာတုံး ဆရာကြီးရဲ့......၊ မနက် ၇နာရီကစပြီး ည ၆နာရီထိ တစ်နေ့လုံး ရောင်းရတာ၊ မတော်တဆ စားသောက်နေတုန်း ဈေးဝယ်လာမှာစိုးလို့ ထမင်းစားလည်း သေပြေးရှင်ပြေးစားရတယ်။ နောက်ဖေးနောက်ဖီ သွားတာတောင် ကန်တော့ပါရဲ့ ကုန်အောင်အားရအောင် မသွားရဲဘူး....."

ကျွန်တော်က သူ၏ ကွက်ကွက်ကွင်းကွင်းဖော်ပြပုံကြောင့် တဟားဟားရယ်လိုက်ပြီး......။

"မင်းတို့ သည့်ပြင်အလုပ် မလုပ်ဖူးဘူးလား"

"ဟာ......ဘာပြောကောင်းမလဲ ဆရာ၊ အလုပ်မှ မျိုးစုံနေတာပဲ။ မုန့်ဟင်းခါးလည်းရောင်းဖူးတယ်၊ သတင်းစာလည်းရောင်းဖူးတယ်။ နောက်ဆုံးဆရာ ဘယ်အလုပ်မှ မဟန်လို့ တရုတ်အိမ်တစ်အိမ်မှာ မုန့်တောင်ကြိတ်ဖူးတယ်။ တစ်လခြောက်ဆယ်ရတယ်။ ထမင်းကျွေးပြီးတစ်နေ့ ဆေးလိပ်ဖိုး တစ်မတ်ပေးတယ်။ ပင်ပန်းလိုက်တာ မပြောနဲ့တော့ ဆရာရယ်၊ နေထွက်က နေဝင်ထိလုပ်ရတာ၊ တစ်ကိုယ်လုံး အင်ပျဉ်ကြီးတွေလို ထလာတဲ့အထိပါပဲ။ ဒီလိုပင်ပန်းတော့ မယားက စားမမျိုနိုင်တော့ဘူး။ ငွေစိန်ဆိုတာလည်း အဆင်သင့်သလို လုပ်တာပါပဲ။ ကြံပန်းခိုင်ရောင်း၊ ဖရဲသီးစိတ်ရောင်း၊ နောက်ဆုံးသူများ အိမ်အစေခံတောင် လုပ်ရှာပါတယ်။ ဘယ်အလုပ်မှ ဟန်မကျဘူး။ စီးပွားဖြစ်ဖို့နေနေသာသာ လင်မယားဝဝလင်လင် မစားလောက်ဘူး။ လုံလုံထည်ထည်

mgyoe.com


မဝတ်နိုင်ဘူး။ ဒါနဲ့ မဂိုလမ်းနဲ့ သိမ်ကြီးဈေးကြား ဖရေဇာလမ်းပေါ်မှာ တဝဲလည်လည် ဖြစ်နေတာပဲ.....”

တော်တော် အချိန်ညောင်းသွားလေပြီ။ ကျွန်တော်မှာ အိမ်ပြန်ချိန်ရောက်ပြီ။ သူလည်း ဆိုင်သိမ်းရန် ပြန်ရလိမ့်ဦးမည်။

“မင်း ဒါတွေပြောပြလို့ ကျေးဇူးတင်ပါတယ်ကွာ။ မင်းအမှုမှာ ငါရှေ့နေ လိုက်ပေးပါ့မယ်။ လွတ်လည်းလွတ်ပါစေ့မယ်။ အဖိုးအခလည်း တစ်ပြားမှမယူပါဘူး။ ကဲ......သွားပေတော့......၊ ဒီအတိုင်း ရိုးရိုးသားသား အလုပ်လုပ်သွားပါကွာ။ ပင်ပန်းတာတော့ ဘယ်တတ်နိုင်မှာလဲ......”

“ဒီလိုပေါ့ဆရာ–ဘယ်တတ်နိုင်မှာလဲ၊ အသက်နဲ့ကိုယ် အိုးစားမကွဲချင်ရင် အလုပ်လုပ်နေရမှာပေါ့....”

“အေး အေး သွားပေတော့.....သွားတော့။ ကလေးမရှိလို့ တော်သေးတာပေါ့ ကွာ။ မင်းအမှုရက်ချိန်းနီးတော့ ငါ့ဆီတစ်ခေါက်လာခဲ့ဦးနော်”

“ဟုတ်ကဲ့–ဆရာ....”

သူ၏စကားမှာ သွက်လှသည်။ သူ၏အမူအရာမှာလည်း အားရှိပါးရှိ နိုင်လှသည်။

သူထွက်သွားလေပြီ.....။

ကျွန်တော်သည် အမှုမှန်လျှင် အဖေ့ အမှုတောင် အလကားမလိုက်ဘူးဟု ဆုံးဖြတ်ထားသော ရှေ့နေမျိုး ဖြစ်သော်လည်း ထိုစည်းကမ်းကို ခြွင်းချက်ကလေး သွင်းရလေပြီ။ အခုလို အမှုမျိုးကိုမှ အလကားလိုက်မပေးလျှင် လူစိတ်မရှိ၍သာ ဖြစ်မည်ဟု ထင်လာလေသည်။

(၄)

တစ်နေ့သောညနေတွင် ကျွန်တော်၏ ရုံးခန်းသို့ ငွေစိန် မမျှော်လင့်ဘဲ ပေါက်လာလေသည်။ (မျှော်ခြင်း မျှော်လျှင် ထွန်းခင်ကိုသာ မျှော်ရပေမည်) ငွေစိန်၏ အမူအရာမှာ ရေးကြီးသုတ်ပျာ နိုင်၏။ မျက်နှာမှာ ပူပင်ခြင်းဖြင့် ညှိုးနွမ်းနေသည်။ အဝတ်အစားမှာ ရိုးသားလှပေသည်။

ကျွန်တော့်မှာ အလုပ်ပြီး၍ သတင်းစာဖတ်နေချိန်ဖြစ်သဖြင့် အခန်းပြင်မှာ စောင့်မနေစေဘဲ အတွင်းသို့ ချက်ချင်းခေါ်လိုက်သည်။

mgyoe.com

mgyoe.com


"ဘာဖြစ်လာတာလဲဟေ့ ငွေစိန်"

ကုလားထိုင်မှာမှ မထိုင်သေးမီ သူမက.....

"ကိုထွန်းခင်ကို ဖမ်းသွားပြန်ပြီ ဝတ်လုံတော်ရမင်းရဲ့"

သာမန်အားဖြင့် ဖမ်းတယ်ဆီးတယ်ဆိုတာသတင်းမျိုးကို မဆိုထားဘိ၊ သေစား သေစေဟူသော ကြိုးမိန့်သတင်းမျိုးကြားလျှင်ပင် အံ့သြချောက်ချားခြင်း မဖြစ်သော ကျွန်တော်သည် အံ့သြချောက်ချားသွားကာ......

"ဟင်.....ငါက သူ့ကိုမျှော်နေတာ၊ ဘာဖြစ်လို့ ဖမ်းသွားပြန်သလဲ"

"ကိုအီဘရာဟင်က သူ့အာမခံကို ရုပ်သိမ်းလိုက်တယ်။ ဒါလည်း ဘတုပ်ခြေထိုးလို့ပါ ဝတ်လုံတော်ရမင်းရယ်"

"အင်း....ဖြစ်နိုင်တာပဲ။ နို့အီဘရာဟင်က ဘာဖြစ်လို့ ဒီလူခြေထိုးတာ ခံရတာလဲ၊ သူကခိုင်မာရင် ပြီးတာပဲ"

သူမ၏ မျက်နှာမှာ နှလုံးနာ ရှုံရှာသော အရိပ်အငွေ့များ ပေါ်လာသည်။

"ဘတုပ်တို့က ခြိမ်းလား ခြောက်လားလုပ်တယ်။ ကိုအီဘရာဟင်ကလည်း တစ်မျိုးပါ ဝတ်လုံတော်ရမင်းရယ်"

အီဘရာဟင် ကား ဘယ်လိုတစ်မျိုးလဲ။ အခွင့်ကောင်းကို အစွမ်းကုန် ညှစ်ယူမည်မှာ မုချဖြစ်သည်ဟု ကျွန်တော် တွက်မိသည်။ သူမအား မေးရမှာတော့ အားနာသည်။ သို့သော် မမေးမပြီးချေ။

"အီဘရာဟင်က နင့်ကို သိပ်ညှဉ်းသလား၊ ခဏခဏ အကျပ်ကိုင်သလား"

သူမသည် ခေါင်းငုံ့နေပြီး။

"ဟုတ်ကဲ့......"

"အေး....ဒါဖြင့်လည်း နေပေ့စေ။ သူအာမခံ ရုပ်သိမ်းတာ ထပ်ပြောမနေနဲ့တော့။ နောက်ထပ်လည်း အာမခံမယ့် လူမရှာနဲ့တော့။ အမှုမြန်မြန်စစ်အောင် ငါလုပ်မယ်၊ ပြီးတော့ မြန်မြန်လွတ်မှာပေါ့"

"မြန်မြန်ဆိုတောင် ကြာဦးမှာပါ ဝတ်လုံတော်ရမင်းရယ်"

"အေး.....နည်းနည်းတော့ ကြာမှာပေါ့ကွယ်"

"အကျဉ်းထောင်ထဲမှာ သူသိပ်ဒုက္ခရောက်နေမှာပဲ၊ ကျွန်မလည်း အပြင်မှာ သိပ်ဒုက္ခရောက်မှာပဲ"

"ဒါတော့ ဒါပေါ့လေ။ သို့ပေမဲ့ တတ်နိုင်သလောက် သက်သာအောင် လုပ်နေ

mgyoe.com

ကြရမှာပေါ့။ ဒုက္ခဆိုတာ ငုံ့ခံရင်သာဆိုးတာ၊ ခုခံရင် မဆိုးလှဘူး။ ဒုက္ခကိုခုခံရင်း အရည်အချင်းတိုးတက်နိုင်တယ်။ သူ့ဆိုင်ကိုလည်း သူထောင်ထဲရောက်တာနဲ့ ပိတ်မထားနဲ့၊ ဆက်ဖွင့်မြဲဖွင့်ထား"

ငွေစိန်သည် အတန်ကြာငေးမောနေပြီးမှ သက်ပြင်းကြီး ချလိုက်သည်။

"ခက်ပါတယ် ဝတ်လုံတော်ရမင်းရယ်၊ ကျွန်မဖြင့် အဲဒီနားတစ်ဝိုက်က ထွက်ပြေးချင်ပြီ။ ဆိုင်ဖွင့်နေရင် တစ်နည်းနည်းနဲ့တော့ နှောင့်ယှက်နေကြဦးမှာပဲ၊ ဖိနပ်ထည့်တဲ့ ဗန်းကိုတောင် ညအပ်ထားတဲ့ နေရာကခိုးယူပြီး မီးရှို့ပစ်မယ့်ကောင်တွေ၊ ကျွန်မတော့ သူတို့အပါးက ဝေးရာသာ ပြေးချင်တာပါပဲ"

"စဉ်းစားကြည့်စမ်း၊ ဝေးရာပြေးပြီး ဘာသွားလုပ်မလဲ၊ အလုပ်မရှိရင် နင်ဘာနဲ့စားနေမလဲ၊ နင့်ယောကျ်ားကို ဘယ်လိုအကူအညီပေးနိုင်တော့မလဲ။ ဆိုင်ကိုသာဖွင့်မြဲဖွင့်နေ၊ သူတို့ရန်ကို ရဲရဲဝံ့ဝံ့သာ ခုခံကာကွယ်ရမယ်......"

"ခက်ပါတယ် ဝတ်လုံတော်ရမင်းရယ်၊ သူတို့က သူတို့အလိုကို လိုက်အောင် နည်းအမျိုးမျိုးနဲ့....."

ရှေ့ဆက်မပြောနိုင်တော့ဘဲ အသံနစ်မြုပ်သွားလေသည်။ ဝိုင်းစက်ကြည်လင်သော မျက်လုံးများတွင် မျက်ရည်များစို့လာလေသည်။

"အေး.....အေး......ငါသိပါတယ်ဟာ၊ ဒါပေမဲ့.....ခုနင်က ငါပြောတာလိုတွေ့မယ့် ဒုက္ခကိုငုံ့မခံဘဲ ခုခံရမှာပဲ၊ ခုခံတွန်းလှန်ရင်းနဲ့ အရည်အချင်း တိုးတက်လာလိမ့်မယ်။ ဒီတော့ ဆိုင်ဖွင့်ဖို့ကလွဲလို့ ဘာမှလုပ်စရာမရှိဘူး......"

သူမသည် မျက်နှာကို ငိုက်စိုက်ချထားပြီး။

"သူ ထောင်ထဲရောက်နေတုန်း ဝတ်လုံတော်ရမင်း အိမ်မှာ အစေခံလုပ်နေပါရစေရှင်......"

"ဟာ.....ဘယ်ဖြစ်မလဲ၊ ဒါကတော့ မဖြစ်နိုင်ဆုံးအလုပ်ပဲ......"

ကျွန်တော်၏ တိုတောင်းသော စကားများနောက်ကွယ်တွင် ခိုင်လုံသော အကြောင်းများရှိသည်။ ကျွန်တော်ကား စည်းကမ်းတွေနှင့် နေသော်လည်း သာမန်လူသားသာတည်း။ သာမန်လူသားသာဖြစ်သဖြင့် ရှေ့နေတစ်ယောက်အနေနှင့် အလကားမလိုက်ဟူသော စည်းကမ်းကိုပင်ချိုးဖောက်လိုက်ရပြီးမဟုတ်ပါလော။ ကျွန်တော်ကားလူလွတ်၊ သူမကား ယာယီမိန်းမလွတ်၊ စ,ထားသော သူမ၏စကားကလည်း ရှိထားပြီးသား။ ကျေးဇူးခံကျေးဇူးစားလည်း ဖြစ်နေပြန်၊ ဘယ်နည်းနှင့်မှ

mgyoe.com

mgyoe.com


အိမ်မှာ အတူနေ၍ မဖြစ်နိုင်ပေ။

သူမမှာ မျက်ရည်ပေါက်ကလေးများကျနေသည်။ ဒီတစ်ခါတော့ ချုံးချ၍ကား မငိုပါ။

"သူငယ်မ စဉ်းစားကြည့်ဦး။ ထွန်းခင်ဟာ ဒီဆိုင်ကလေး တည်ခင်းနိုင်အောင် ဘယ့်လောက်ကြိုးစားရသလဲ၊ အခက်အခဲအမျိုးမျိုးနဲ့ ဘယ့်လောက်ရင်ဆိုင်ရသလဲ၊ မင်းကောဘယ်လောက်ကူညီရသလဲ၊ ဒါကလေးကို အပျက်ခံလို့ ဘယ်မှာလင်ကို ချစ်ရာရောက်မလဲ။ ပြီးတော့လူဆိုတာ အခြေပျက်စရာ အကြောင်းပေါ်ပေမဲ့ အခြေမပျက်အောင်နေနိုင်ဖို့ အားကြီး အရေးကြီးတယ်။ အခြေမပျက်နေသွားရင် လူရှိသေတယ်။ ပျက်နေတဲ့ အခြေအနေကို ပြန်ပြီးပြုပြင်ဖို့ လွယ်သွားတယ်။ စိတ်ကူးမလွဲနဲ့၊ ဆိုင်ကိုဖွင့်မြဲဖွင့်နေ၊ ဟိုကောင်တွေရန်ကို ခံတိုက်၊ ငါကလည်းမကြာခဏမင်းတို့ဆိုင်နားလာပြီး ကိုယ်ယောင် ပြပေးမယ်။ ဒီလိုပြပေးရင် သူတို့ကို ဟန့်တားပေးရာရောက်သလောက်ရောက်နိုင်ပါတယ်။ နားလည်လား......"

"ဟုတ်ကဲ့......"

"ငါပြောသလို လုပ်မယ်မဟုတ်လား"

သူမသည် မျက်ရည်များကို လက်ကိုင်ပဝါဖြင့် ရှင်းလင်းပစ်လိုက်ပြီးနောက် အဓိဋ္ဌာန် အပြည့်ပါသောအသံဖြင့်. . . .

"ဟုတ်ကဲ့.....လုပ်ပါ့မယ်...."

"အေး–ပြန်တော့၊ အမှုမြန်မြန်ပြီးဖို့ကတော့ ငါ့တာဝန်ထား....."

သူမသည် ထွက်ခွာရန် ဟန်ပြင်ရင်း......

"ဟုတ်ကဲ့....."

ယင်းသို့သော ကတိပေးထား အစီအစဉ်များကြောင့် ကျွန်တော့်မှာ ထွန်းခင်၏အမှု မြန်မြန်ပြီးရန်လည်း ကြိုးစားရသည်။ ငွေစိန်၏ဗန်းထိုးဆိုင်ကလေးရှေ့မှာလည်း မကြာခဏ ကိုယ်ယောင်ပြရလေသည်။

အမှုမြန်မြန်စစ်ပါရန် ဆိုင်ရာတရားသူကြီးအားလည်း အကျိုးသင့်အကြောင်းသင့် လျှောက်ထားရသည်။ စာရေးကြီးများအားလည်း ချော့ရ၊ လောဆော်ရသည်။ စီပီအိုအားလည်း တောင်းပန်ရလေသည်။ ကျွန်တော့်စိတ်ထင် အားလုံးကလည်း ကျွန်တော့် စေတနာကို သိပြီး အမှုအမြန်ပြီးအောင် ကူညီကြပါသည်။

သို့သော်.....လက်ရှိအခြေအနေတွင် အမှုအမြန်ပြီးရန်သည် အခက်ဆုံးအလုပ်

mgyoe.com

mgyoe.com


တစ်ခု ဖြစ်နေပေသည်။ ရုံးတိုင်းလိုလို အမှုတွေပုံနေသည်။ ရုံးမင်းများမှာ ပြီးပြီးပြတ်ပြတ် စီရင်ချမှတ်ရခြင်းထက် တန်းလန်းထားရခြင်း၊ ရွှေ့ရခြင်းကများနေသည်။ တစ်ပြည်လုံး နေရာတကာမှာ ပုလင်းလည်ပင်းမှာတစ်ဆို့နေသလို တစ်ဆို့နေခြင်း တွေများနေရာ တရားရုံးများမှာ အဆိုးဆုံးဖြစ်နေသည်။ ဥပဒေပြင်ဆင်ချက်များမှာလည်း စက်ရုံကြီးကထုတ်လုပ်နေသလို ထွက်နေသဖြင့် တရားသူကြီးရော ရှေ့နေ ရှေ့ရပ်များပါ မျက်စိလည်စရာဖြစ်နေပေသည်။

အမှုမမြန်ခြင်းအတွက် အချို့က တရားသူကြီးများကို အပြစ်ဆိုကြသည်။ ကျွန်တော်ကား သူတို့အား အပြစ်ဆိုရန်ကြီးမားသော အကြောင်းများမတွေ့ပါ။ တရားကုလားထိုင်မှာ ထိုင်ချိန်နည်းသဖြင့် အလုပ်နည်းသည်ဟုမဆိုသာပါ။ အတွင်းခန်းထဲမှာ အလုပ်တွေပုံနေသည်။ အိမ်မှာယူပြီး လုပ်ရသေးသည်။ ကိုယ်တိုင် တိုက်(ပ်)ရိုက်ပြီး စီရင်ချက်ရေးရသည်။ သည်အထဲ အစိုးရမင်းကခိုင်းသော အပြင် ဗာဟီရအလုပ်များကလည်း ပေါများလှသေး၏။ တရားဥပဒေနှင့် အသက်မွေးကြရသော ပညာရှင်အချင်းချင်းမို့ ကိုယ်ချင်းစာနိုင်ခြင်း ဖြစ်သည်ဟု ယူဆလိုက ယူဆနိုင်ကြပါသည်။

သို့ဖြင့် အမှုမှာ ထွန်းခင် ထပ်မံ အချုပ်ခံရသည်ကစ၍ ရေတွက်သော် ခြောက်လခန့်မျှ ကြာသွားလေသည်။ နှစ်နှစ်ကြာသော အမှုများနှင့်စာသော် သက်သာသေး၏ဟု ထင်ရပေ၏။

ထိုခြောက်လအတွင်း ငွေစိန်နှင့် မကြာခဏတွေ့ရပေ၏။ အမှုချိန်းရက်များကို ကျွန်တော့် ဒိုင်ယာရီမှာ မှတ်သားထားသော်လည်း ငွေစိန်ကမူ အလုပ်ခန်းသို့လာ၍ သတိပေးလေ့ရှိ၏။ ကျွန်တော်အလုပ်များနေသည်နှင့်ကြုံလျှင် အပြင်ကနေ ကိုယ်ယောင်ပြ၍ ပြန်သွားလေ၏။ အမှုချိန်းရက်များတွင်ကား ရုံးသို့ရောက်လာ၏။ သူ့လက်ထဲမှာ သူ့ယောကျ်ားစားစရာ သောက်စရာများနှင့်ထောင်ထဲမှာ လိုသော အခြားပစ္စည်းများကို ယူလာလေ့ရှိ၏။ ထောင်သို့လည်း တနင်္ဂနွေတစ်ပတ် တစ်ကြိမ်ထက် မနည်းရောက်သည်ဟု သိရပေသည်။

ကျွန်တော်ကလည်း ငွေစိန်ဆိုင်သို့ တစ်ပတ်တစ်ခါလောက်ရောက်ကာ ကိုယ်ယောင်ပြလေသည်။ ကျွန်တော့် အရှိန်အဝါကြောင့်ဟု ထင်ရသည်။ ယခုထိ ငွေစိန်အား ဘတုပ်တို့လူစုက နှောင့်ယှက်သည်ဟု မကြားရပေ။

ငွေစိန်သည် ကျွန်တော့်ထံသို့လည်း လက်ဆောင်ကလေးဘာလေး ယူလာတတ်သည်။ အထူးချုပ်ထားသော ပိန်းတန်းဖိနပ်၊ ချယ်ရီသား လက်ကိုင်တုတ် စသည်

mgyoe.com

တို့ ဖြစ်သည်။ ကျွန်တော်က ခါးခါးသီးသီး ငြင်းလိုက်သောအခါ ငွေစိန်မှာ မျက်နှာမသာမယာဖြစ်ရရှာသည်။ အမှုပြီးလျှင် ချယ်ရီသားတုတ်ကို လက်ခံမည်ဟု ပြောထားရသည်။

ငွေစိန်ကို တွေ့ရတိုင်း သူ့အသွင်အပြင်နှင့် အမူအရာများကို သေချာစွာ အကဲခတ်ကြည့်ရသည်။ ဒုက္ခတွေကို ခုခံတိုက်ခိုက်ရင်း ဖြတ်လမ်းသို့ လိုက်သွားလေပြီလော။ ကျွန်တော့်အလုပ်ခန်းမှာလည်းကောင်း၊ တရားရုံးမှာလည်းကောင်း တွေ့ရသောအခါများ၌ အသွင်အပြင်အဝတ်အစားတွင်လည်း တိမ်းပါးသည်ကိုမတွေ့ရ၊ အမူအရာတွင်လည်း ချွတ်ချော်သည်ကိုမတွေ့ရ။ ရိုးရိုးသားသား လုပ်ကိုင်စားသောက်သောငွေစိန်ပင်၊ သူ့ဆိုင်တွင် တွေ့ရသောအခါများ၌ကား အနည်းငယ် မသင်္ကာစရာများကိုတွေ့ရတတ်သည်။ ယမန်နေ့ညက အလွန်အကျွံ လိမ်းကျံခြယ်သထားခြင်းများ၏ အစွန်းအစများကို တွေ့ရတတ်သည်။ မှိုင်တွေရီဝေသော မျက်နှာကို မြင်ရလျှင်လည်း ညက အိပ်ရေးများပျက်ထားလို့လားဟု စိုးရိမ်မိသည်။ သို့သော်.....တစ်နေ့လုံး ငုတ်တုတ်ထိုင်၍ ဈေးရောင်းနေရသူအဖို့ အဘယ်မှာ ကြည်လင်ဖျတ်လတ်နိုင်အံ့နည်း။ တစ်ခါတစ်ရံ ဆိုင်မဖွင့်ဘဲထားသည်နှင့် ကြုံရတတ်သည်။ နောက်တွေ့၍ မေးကြည့်လိုက်သောအခါမှာမူ သူပေးသော ဆင်ခြေများမှာ ဖူလုံကြောင်း တွေ့ရသည်။

တစ်နေ့ သူ့ဆိုင်မှာ တွေ့တော့ ငွေစိန်သည် ခါတိုင်းထက် ရွှင်ပျ ဖျတ်လတ်နေသည်ကို တွေ့ရလေသည်။ ကျွန်တော့်အား မြင်သည်ဆိုလျှင်ပင် အောင်မြင်မှုဖြင့် တက်ကြွသော အမူအရာမျက်နှာတို့ဖြင့်

"ဆရာကြီး၊ ကျွန်မလုပ်လိုက်တာ ဘတုပ်တို့ လူစုဝပ်ကျသွားပြီ...."

"အင်း.....ကောင်းတာပေါ့၊ ဘယ်လိုများလုပ်လိုက်သလဲ....."

"ရှုပ်ပါတယ်ဆရာကြီးရယ်၊ နားမထောင်ချင်ပါနဲ့......"

"ဟဲ့.....နင်တို့ အရှုပ်လောကကြီးထဲ နင်တို့လင်မယား သံယောဇဉ်ကြောင့် ငါ ခြေတစ်ဖက်ဝင်နေပြီပဲ၊ ငါသိချင်တာပေါ့"

"ဟာ....မသိချင်ပါနဲ့ ဆရာကြီးရယ်၊ ဆရာကြီး စိတ်အေးအေးသာနေပါ။ ကျွန်မကို စောင့်ရှောက်တဲ့ သဘောနဲ့ ခုလိုလာလာပြီး ကိုယ်ယောင်ပြရတဲ့ ဒုက္ခလည်း ငြိမ်းပြီ၊ ဆရာကြီး ဒုက္ခမခံပါနဲ့တော့"

"ငါကတော့ ဒုက္ခလို့ မအောက်မေ့ပါဘူး.....၊ လောက ဗဟုသုတလို့ပဲ အောက်မေ့တယ်၊ ဟိုကောင်တွေ ဝပ်သွားအောင် ဘယ်လိုလုပ်လိုက်တယ်ဆိုတာတော့ သိချင်

mgyoe.com

တယ်"

ထိုအတွင်း ဈေးဝယ်တစ်ယောက် ဝင်လာလေသည်။ ထို့ကြောင့် စကားဆက်မပြောသာပြီ။ ကျွန်တော်က ထွက်ခွာသွားတော့မည် ဟန်ပြင်ဆဲ ငွေစိန်သည် ဈေးဝယ်သူအား ဖိနပ်များရွေးနေစေပြီး ကျွန်တော့်ဘက်သို့ လှည့်၍.......

"ဆရာကြီး စိတ်အေးအေးသာနေပါ။ ကျွန်မက သူတို့ထက် မညံ့ပါဘူး၊ သူတို့ကို နိုင်တဲ့လူတွေနဲ့ ပစ်ပေါင်းပြီး နှိမ်လိုက်တာပေါ့"

မှတ်ကရော့။ ကျွန်တော်သည် စိတ်ထဲမှာ ဤသို့ပင်ရေရွတ်မိလေသည်။ ငွေစိန်ပစ်ပေါင်းသည့်နည်းများသည် အရင်းမကြီးလေးသော နည်းများဖြစ်ပါစေတော့ဟု ဆုတောင်းရင်း အိမ်သို့ ပြန်ခဲ့သည်။

သည်လိုနှင့် အမှုစီရင်ချက်ချသောနေ့သို့ ရောက်ခဲ့လေ၏။

တရားခံ၊ တရားလို၊ ရှေ့နေ၊ ရှေ့ရပ်နှင့် အသိုင်းအဝိုင်းများ အားလုံး စုံညီ တရားရုံးတော်သို့ ရောက်လာကြ၏။ ငွေစိန် တစ်ယောက်မပေါ်လာ။ ကျွန်တော်ကတော့ အတော်ပင်စိုးရိမ်သည်။ ဤမျှ ချစ်မြတ်နိုးအပ်သော သူ့လင်ကိုလက်ထိတ်ဖြုတ်ချိန်တွင် ဝမ်းသာအားရဆီးကြိုရန် ငွေစိန်သည် မည်သည့်အခက်အခဲမဆို ချေဖျက်ရန်ကြိုးစားမည်မှုချပင်။ မချေဖျက်နိုင်သော အခက်အခဲရှိ၍သာ မလာရောက်ခြင်းဖြစ်လိမ့်မည်။ ထွန်းခင်ကတော့ ငွေစိန် အလုပ်ရှုပ်နေလို့ မလာတာ ဖြစ်ပါလိမ့်မည်ဟု သူ့ကိုယ်သူ နှစ်သိမ့်စေလေသည်။ ငွေစိန် အလုပ်ရှုပ်သမျှလည်း ထွန်းခင် အတွက်ဖြစ်သည်ဟု သူကယုံကြည်ပြီးဖြစ်သည်။

ကျွန်တော် ကြိုတင်၍ သူတို့လင်မယားအား ပြောထားသည့် စကားအတိုင်း ထွန်းခင်မှာ ကွင်းလုံးကျွတ် လွတ်လေသည်။ သို့သော် သူ့ခများမှာ ကိုအီဘရာဟင် အာမခံမပေးမီကတစ်လ၊ ကိုအီဘရာဟင် အာမခံချက်ရုပ်သိမ်းပြီးနောက် ခြောက်လ အချုပ်ခံခဲ့ရရှာသေးသည်။

"ကဲ....မင့်မိန်းမဆီ လိုက်သွားပေတော့၊ နောက်ပြီးတော့ ငါ့ဆီကို အကျိုးအကြောင်း လာပြောဦး"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ဘယ်အချိန်ဘယ်ကို လာခဲ့ရမလဲဆရာ...."

"အင်း....မင်းတို့ လင်မယားကတော့ ငါ့အမှုသည် ရိုးရိုးမဟုတ်တော့ပါဘူး"

"ဒီတော့ မင်းတို့လာချင်တဲ့ အချိန်မှာ လာချင်တဲ့နေရာလာခဲ့ပေတော့၊ အိမ်ကိုလည်း လာနိုင်တယ်......"

mgyoe.com

"ဟုတ်ကဲ့.....ဆရာကြီး......."

သူအသော့ထွက်ခွာသွားပုံကို နောက်ကြည့်ပြီး......
ဗိုးခနဲ ထိုးပျံ ထွက်သွားသော ငှက်ကလေးလို မျက်စိထဲမှာ မြင်နေလေသည်။

(၅)

နောက်တစ်နေ့နံနက်တွင်ကား ကျွန်တော် နံနက်ခင်းလမ်းလျှောက်ရာမှ အပြန်တွင် ထွန်းခင်သည် ကျွန်တော့်အိမ်သို့ ရောက်နေနှင့်သည်ကို တွေ့ရလေ၏။

ထွန်းခင်ကထ၍ ဆီးကြိုသည်။ ထွန်းခင်တစ်ယောက်တည်းပဲ ဖြစ်သည်။ များစွာ စိတ်ပျက်သည့်လက္ခဏာကိုလည်း ဆောင်နေ၏။ စားပွဲပေါ်တွင် ငွေစိန်တစ်ခါတုန်းက လက်ဆောင်အဖြစ်ဖြင့် ယူလာသော ချယ်ရီသား လက်ကိုင်တုတ်ကိုတင်ထားသည်။ ငွေစိန်သာ လိုက်လာခဲ့နိုင်လျှင် သူတို့လင်မယားသည် လက်ကိုင်တုတ်ကို ကန်တော့ပွဲအဖြစ်ထား၍ ကျွန်တော့်အား ကန်တော့ကြပေလိမ့်မည်။ ကျွန်တော်သည် ကျွန်တော့်လက်က ကြိမ်တုတ်ကောက်ကို ချယ်ရီတုတ်ဘေးမှာ ယှဉ်ချထားလိုက်သည်။ ကုလားထိုင်ဆွဲထိုင်ရင်း......

"ထိုင်ကွာ.....ထွန်းခင်၊ အေးအေးသက်သာ ပြောကြတာပေါ့"

ထွန်းခင်မှာ လက်ကြိုး၊ ခြေကြိုး ပြတ်နေသော အရုပ်ကြီးလို ထိုင်လိုက်၏။

ကျွန်တော်သည် နံနက်ခင်း ဆောင်းသော အဝတ်ပျော့ ဦးထုပ်ဝိုင်းကလေးကို စားပွဲပေါ်ပစ်တင်လိုက်၏။ နောက် ရွှက်ထည်ဖိနပ်နှင့် ခြေအိတ်များကို ချွတ်ပစ်လိုက်သည်။ ပြီးတော့မှ–

"ကဲ....ဘယ်လိုဖြစ်သတဲ့လဲ၊ ပြောစမ်းပါဦး"

"ဟောဒီ စာကလေးဖတ်ကြည့်ပါတော့ ဆရာကြီးရယ်"

သူ့အသံကား ကွဲအက်နေသည်။ အတွင်းက အသည်းနှလုံး ကွဲအက်ခြင်း၏ ပဲ့တင်သံပင်ဖြစ်အံ့ထင်သည်။

ဗလာစာအုပ်ထဲမှ ဆွဲဆုတ်ထားသော စက္ကူတွင်လွတ်ရာမှာ ရေးထားသောစာ ဖြစ်လေသည်။

*အစ်ကို့ထံ စာရေးခဲ့ပါသည်။*

*ကျွန်မတော့ ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုတာလို*

mgyoe.com

*ဖြစ်ရပါပြီ။ ကျွန်မတော့ အစ်ကိုနဲ့မထိုက်တန်တော့တဲ့ ဘဝထဲ ရောက်သွားပါပြီ။*

*အစ်ကိုရင်းနှီးစားဖို့ ငွေ နှစ်ရာကျပ်ထားခဲ့တယ်။ ဆရာကြီးပြောထားလို့ အစ်ကိုလွတ်မယ်ဆိုတာ စိတ်ချတယ်။ ဆရာကြီးဆီသွားပြီး အဲဒီလက်ကိုင်တုတ်ကို ကန်တော့လိုက်ပါ။*

*ဖိနပ် တချို့နဲ့ ဇန်းလည်း အမေတို့ဆီမှာ အပ်ထားတယ်.....။*

*ကျွန်မတော့ ခုလိုဖြစ်ရတာ အမေ့ကိုတောင် မရှက်ပါဘူး၊ အစ်ကိုနဲ့ ဆရာကြီး ကို အရှက်ဆုံးပဲ။*

**ငွေစိန်**

ကျွန်တော်သည် စာကိုဖတ်ပြီး သက်ပြင်းကြီး ချလိုက်မိ၏။ ထွန်းခင်ကား ငေးမှိုင်၍သာ နေလေသည်။

"စိတ်လည်းမရှိနဲ့ ထွန်းခင်၊ ငါတစ်ခုမေးချင်တယ်။ ငါက ငွေစိန် အကြောင်း အမှန်အတိုင်းသိချင်လို့ မေးတာ၊ သူ့ကို အထင်သေးလို့ မဟုတ်ဘူး"

"မေးသာမေးပါဆရာ"

"ငွေစိန်ဟာ ဖောက်ပြားလော်လည်တတ်တဲ့ ဉာဏ်မျိုးရှိသလား"

"မရှိပါဘူးဆရာ၊ အပျိုဘဝတုန်းကလည်း ဒါမျိုးမရှိဘူး၊ ကျွန်တော်နဲ့ ညား တော့လည်း လုံးဝမရှိဘူး"

"ရာဂစိတ် လွန်ကဲတယ်လို့ကော ဆိုနိုင်သလား"

"လုံးလုံးမဆိုနိုင်ဘူး ဆရာကြီးရဲ့၊ ကျွန်တော်အသိဆုံးပါ"

"အေး.....ငါလည်းဒီလိုပဲထင်တာပဲ။ နေပါဦး မင်းအမှုမှာ ရှေ့နေလိုက်ငှားတာ၊ အာမခံရအောင်လုပ်တာ၊ အစစအရာရာ အဆင်ပြေအောင်လုပ်တာ ဘယ်နည်းနဲ့ ငွေစိန် လုပ်တယ်လို့ကော မင်းသိသလား"

ထွန်းခင်သည် ကျွန်တော့် အမေးကြောင့် ခပ်တွေတွေဖြစ်သွားလေသည်။ အတန် ကြာတော့မှ......

"မသိဘူး သိတယ်လို့ ဖြေရမလိုဖြစ်နေပြီ ဆရာကြီးရဲ့။ ငွေစိန်ဟာလေ တစ်ခုခု လုပ်ရမယ်ဆိုရင် ဘယ်နည်းနှင့်ဖြစ်ဖြစ် ဖြစ်အောင် လုပ်တတ်တယ်။ ကျွန်တော် ကတော့ မေးပါသေးရဲ့၊ ငွေစိန် မင်းဘယ်နည်းနဲ့ ပြီးအောင် လုပ်လာခဲ့သလဲလို့။ ဒီတော့ ငွေစိန်က အစ်ကိုရယ် ဘယ်နည်းနဲ့ပြီးပြီး ပြီးတာသာ လိုရင်းမဟုတ်လား၊ မေးမနေပါနဲ့ လို့ပြောတယ်။ ကျွန်တော့် စိတ်ထဲမယ် မဟုတ်တယုတ်နည်းတွေနဲ့

mgyoe.com

mgyoe.com
သူလုပ်ခဲ့လေသလားလို့ စိုးရိမ်မိပါသေးရဲ့၊ သို့ပေမဲ့ သည်ထက်ပိုပြီးမမေးရဲဘူး။ မေးလည်း မမေးရက်ဘူး။ စိုးရိမ်တဲ့အတိုင်း ဟုတ်နေရင်လည်း အခက်၊ မဟုတ်ရင်လည်းခွကျ။ ဒီတော့ သည်လိုပဲနေလိုက်ရတော့တာပဲ။ လက်တွေ့အခြေအနေနဲ့ ကြည့်လိုက်ပြန်တော့လည်း ကျွန်တော်တို့လင်မယားမှာ ကိစ္စအောင်မြင်ပြီးစီးတာက ပဓာနဖြစ်နေတယ်။ ဘယ်နည်းဘယ်လမ်းဆိုတာက အရေးမကြီးတော့ဘူး"

"အေး.....အေး ငါနားလည်ပါတယ်ကွာ၊ တကယ်လို့ ခုနေမင်းသူ့ကိုပြန်တွေ့ရင် သူ့အဖြစ်ဆိုးတွေကို လုံးလုံးခွင့်လွှတ်နိုင်ပါ့မလား"

စိတ်ပျက်လက်ပျက် မှိုင်တွေကျနေသော ထွန်းခင်သည် အသက်ဝင်၍ တက်ကြွလာပြီး......

"ဘယ့်နှယ်ပြောလိုက်ပါလိမ့် ဆရာရယ်၊ ခွင့်မလွှတ်နိုင်ဘဲ ရှိပါ့မလား၊ သူဟာ ဘယ်ပဲရောက်နေနေ ဘာပဲလုပ်နေနေ သူ့အချစ်ဟာ ကျွန်တော့်ဆီမှာပဲ ရှိနေမှာပဲ။ ဒါကို ကျွန်တော် လုံးဝယုံကြည်စိတ်ချတယ် ဆရာကြီးရဲ့။ ခက်နေတာက သူ့ကို တွေ့ဖို့ လမ်းစပိတ်နေသလို ဖြစ်နေတယ်။ သိရင်ခု ချက်ချင်းသွားခေါ်မှာပဲ"

ကျွန်တော်လည်း ငွေစိန်အား ရှာဖွေပြီး ထွန်းခင်လက်သို့အပ်လိုသည်။ ငွေစိန်လို အဖိုးတန်သော မိန်းကလေးတစ်ယောက်သည် ထွန်းခင်လို ရိုးသောသူနှင့်သာ ထိုက်တန်သည်။ ငွေစိန်သည် မစင်ဘင်ပုပ်ထဲမှာ မနစ်မွန်းထိုက်။

"ဟော့....ထွန်းခင်၊ သူ့စာထဲမှာ ဒီလိုဆိုထားတယ်ကွ။ ကျားကြောက်လို့ ရှင်ကြီးကိုးရှင်ကြီးကျားထက်ဆိုးတဲ့၊ သူ ငါ့ကိုပြောဖူးတာက ဘတုပ်တို့ကို ဝပ်သွားအောင် သူ လုပ်လိုက်သတဲ့။ လုပ်လိုက်တာကလည်း ဘတုပ်ကိုနိုင်တဲ့ လူတွေနှင့် ကပ်ပေါင်းပြီး လုပ်လိုက်တယ်ဆိုပဲ။ ဒီကောင်မျိုးတွေကို ဘယ်နည်းနဲ့ကပ်ရမယ်ဆိုတာ စဉ်းစားကြည့်ပေတော့။ ဒီလူမျိုးတွေကလည်း လူအားသာမက ငွေအားလည်း ကောင်းလိမ့်မယ်၊ မျက်နှာကြီးတွေနှင့်လည်း အဆက်အသွယ်လည်း ပိုကောင်းလိမ့်မယ်။ အဲဒီတော့ ငွေစိန် ရှိမယ့်နေရာဟာ ဘတုပ်တို့ဂိုဏ်းကို ခေါင်းတုံးပေါ် ထိပ်ကွက်နိုင်တဲ့ ဂိုဏ်းတွေပဲ ဖြစ်မယ်ကွ"

"ဟာ....ဆရာကြီး ကျွန်တော်သိပြီ။ စောစောကတော့ ထူပူနေပြီးမစဉ်းစားတတ်ဘူး။ ကျွန်တော်တွေ့အောင်ရှာပြီး ကယ်ယူမယ်"

"အေး... တွေ့အောင်ရှာပြီး ကယ်တင်ပါကွာ။ ငွေစိန်ဟာ ဒီအဖြစ် မရောက်အောင် ရုန်းကန်ရင်း မင့်အတွက် ကြိုးစားရင်း လေ့လော်ရင်း တက်ကျိုး သွားတာပါကွာ"
mgyoe.com

 gyoe.com


"ပြန်တွေ့ရင်လည်း ကျွန်တော်သိမ်ကြီးဈေးနားတစ်ဝိုက်မှာ မနေတော့ဘူး ဆရာ၊ ထောင်ထဲမှာ အချုပ်ခံနေရတဲ့ သူဌေးတစ်ယောက်နှင့် ခင်ခဲ့တယ်။ သူက ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် အလုပ်ပေးမယ်တဲ့။ အဲဒီအလုပ်ကိုပဲ သွားလုပ်တော့မယ်။ လမ်းပေါ်ဈေးသည်ဘဝက ဝေးရာရှောင်တော့မယ် ဆရာကြီးရယ်"

"အေး...အေး၊ ဝေးရာရှောင်နေဖို့ပဲ ကောင်းတော့တာပါပဲ၊ ဒါပေမဲ့ ဒါကို နောက်မှ စဉ်းစားကြတာပေါ့ကွာ။ ခုအရေးကြီးတာက ငွေစိန်ကို တွေ့အောင်ရှာပြီး ဖြစ်အောင် ကယ်တင်ဖို့ပဲ။ မုန်တိုင်းတွေကြားမှာ လှေလှော်ရင်း တက်ကျိုးနေတယ်။ ဘယ်လောက်လှိုင်းလေထန်ထန် ဘယ်လောက်အန္တရာယ်များများ ငွေစိန်ဆီ မင်း အရောက်သွားပြီး ကယ်လိုက်ပါကွာ"

"စိတ်ချပါ ဆရာကြီးရယ်.....ကျွန်တော့်အသက်ပဲ စွန့်ရစွန့်ရပေါ့။ ဒီတစ်ခါ ကျွန်တော့်အလှည့်ပဲ"

"ကဲ....သွားပေဦးတော့.....၊ ငါလည်း ရေချိုးလိုက်ဦးမယ်"

ပြောပြောဆိုဆို ကျွန်တော်သည် ထိုင်ရာမှထလိုက်သည်။ အစေခံတစ်ယောက်ကိုခေါ်ပြီး ခုံဖိနပ်တောင်းလိုက်သည်။ သူသည်လည်း ထိုင်ရာမှထပြီး ချယ်ရီသားလက်ကိုင်တုတ်ကိုယူကာ ကျွန်တော့်ရှေ့မှာချ၍ ဝတ်ချလိုက်သည်။ ငွေစိန်သာပါလျှင် နှစ်ယောက်ပြိုင်တူ ဝတ်ချ၍ ကျွန်တော့်အား ကျေးဇူးတင်ကြောင်း ပြကြပေလိမ့်မည်။

ကျွန်တော် ရင်ဆို့လာ၏။ ကြည်နူးခြင်းပီတိအဟုန်ဖြင့် ရင်ဆို့ခြင်းသာဖြစ်ပေသည်။ ငွေနှစ်ရာကျပ် ရှေ့နေခ ရခြင်းထက် ကြည်နူးဖွယ်ကောင်းသည် မဟုတ်ပါလား။ ဤသို့သော ကြည်နူးခြင်း ပီတိအဟုန်ကို ရှေးယခင်က တစ်ခါမျှ မခံစားရဖူးသေးချေ။

ထွက်ခွာသွားသော ထွန်းခင်အား လှမ်းပြောလိုက်သည်။

"အကျိုးအကြောင်း ငါ့ဆီလာပြောဦးနော်"

"ဟုတ်ကဲ့ဆရာ"

သို့သော် ယနေ့တိုင် ထွန်းခင်အား ပြန်မတွေ့ရသေးပါ။

လှိုင်းလေပြင်းထန်သော သူတို့ဘဝဝယ် လှေလှော်ရင်း တက်ကျိုးနေသော ငွေ စိန်အား ကယ်တင်ရန် ကြိုးစားရင်း ထွန်းခင်၏ တက်သည်ပင်လျှင် ကျိုးများ ပြန်လေပြီလော မပြောတတ်သေးပါတကား.......။

❑

mgyoe.com

mgyoe.com

အမှောင်ရိပ်ကြီးများ ထိုးကျ၍ လာတော့ကာ သဏ္ဍာန်များသည် မည်းသည်ထက် မည်း၍လာလေ၏။ ခြင်ကောင်များသည် တဝီဝီအော်မြည်ကာ လမ်းထောင့်၌စုပုံ၍နေသော အမှိုက်ပုံနှင့် တဲအိမ်များကို ကူးချည်သန်းချည် လုပ်နေကြပေသည်။

တဖတ်ဖတ်ခြင်ရိုက်သံများသည် ကလေးငိုသံ၊ ကျိန်သံ၊ ဆဲရေးသံ၊ ဆူသံ၊ ဝေါက်သံ၊ ရေဘုံပိုင်မှ ရေကျသံ၊ အဝတ်ကိုရိုက်ဖွပ်သံ၊ မယ်ဒလင်ကို တဒုန်းဒုန်းခေါက်သံနှင့်အတူ မြည်ထွက်နေပေသည်။ နေ့စား ပန်းရန်အလုပ်သမားအိမ်မှ မိန်းမတစ်ယောက်သည် လမ်းဓာတ်မီးတိုင်အရောင်အောက်၌ ဆန်ဆေးနေသည်။ လင်မယားရန်ဖြစ်သံကား ဤပြည်တော်သာရပ်ကွက်၏ တေးသံဖြစ်ပေသည်။ ဆိုသံ၊ ဆဲသံ၊ ကျိတ်သံနှင့်အတူ ကလေးငိုသံ နောက်ဆက်တွဲပေါ်လာတတ်ကြ၏။ ကလေးငိုသံကို ဒီသေနာကောင်လေးတွေကလည်း မသေနိုင်ဘူး ကျိန်ဆဲသံဖြင့် အဆုံးသတ်လေ၏။

ဆိုက်ကားသမားအိမ်ကမူ မယ်ဒလင်သံထွက်လာသည်။ ဆိုက်ကားသမားနှင့် ဆံပင်ညှပ်

# ရဲဘော်

## ဒဂုန်တာရာ

mgyoe.com

 mgyoe.com 

သမား မယားညီအစ်ကိုစပ်နေသောတဲမှာ ဆိုသံ၊ တီးသံဖြင့် ညံစီနေတတ်သည်။ ပျော်ပျော်ပါးပါး နေတတ်သောသူများဖြစ်ကြသည်။ ဆံပင်ညှပ်သမားမှာ မယ်ဒလင်အတီးကောင်းသူ ဖြစ်သည်။ လသာသည့်ညများတွင် သန်းခေါင်ညဥ့်နက်အထိ တီးသည်။ ပူအိုက်သည့် နွေရာသီညများတွင် ရေလဲပိုင်းနှင့်ခြင်ပုတ်လျက် ကိုယ်အထက်ပိုင်းအဝတ်ဗလာနှင့် ယောကျ်ားများသည် ဝါးကွပ်ပျစ်၌ စုဝေးကာ သူ၏ မယ်ဒလင်သံကို ဝိုင်းနားထောင်ကြသည်။

ငွေစန္ဒာလရထား
ထက်ဖျားဝဋ္ဌာတစ်ခို့သာလို့နေ
လာ. . . .လာ. . . .လာ
ငါတို့တစ်တွေ မန်ကျည်းပင်ရင်းမှာ
ခြေဆင်းကာပ၊ အပျင်းဖြေ၊ အပြင်းဖြေ
ယမင်းပြာနွဲ့. . . .ပျင်းပါနဲ့အေ။

အုတ်နံရံနှစ်ဖက်သာ ကျန်ရစ်သော မြေနေရာတွင် တဲထိုးလျက် သုံးလေးအိမ်ထောင် စပ်နေကြရသည်။ အုတ်နံရံများမှာ အင်္ဂတေများကွာကုန်ပြီဖြစ်၍ မညီညာသော ဖုတွေထစ်တွေနှင့် အုတ်သားများ ဟိုတစ်ကွက် ဒီတစ်ကွက်ပေါ်လျက်ပြာမှိုင်းကာ ကောင်းကင်သို့ ထိုးထိုးထောင်ထောင် စူထွက်နေလေ၏။ ပျက်နေသောတိုက်မှာ သုံးထပ်ဖြစ်လေရာ တစ်ဖက်ကမြင့် တစ်ဖက်ကနိမ့်လျက် အချွန်အတက်တွေဖြစ်ကာ ကျောင်းပျက်ကြီးလားမှတ်ထင်ရ၏။ ခနိမိုးတဲကလေးမှာ ခပ်ကုပ်ကုပ်ပြားပြားဝပ်ဖြစ်၍ အမှောင်ရိပ်များ ထိုးကျနေသောအခါ တဲ၏ပုံပန်းပင် မပေါ်ဘဲအဖုံးကျိုးပုံ့နေသော ထင်းရှူးသေတ္တာ အစုတ်ကြီး ထောင်ထားသည်နှင့် တူနေပေသည်။ အကယ်၍သာ တဲအတွင်းမှ ကလေးငိုသံနှင့် ကျိန်ဆဲသံများ မထွက်ပေါ်လာကမှိတ်တုတ်မှိတ်တုတ်နှင့် ချည့်နဲ့စွာတောက်နေသော ရေနံဆီမီးခွက်မှ ဝါကြင့်ကြင့်အလင်းရောင် ထွက်ပြူမလာပါက လူနေသော အရပ်ဟု မှတ်ယူရန် ခက်လှပေ၏။

တဲအိမ်တို့မှာ တံခါးများမရှိကြသည်ကများသည်။ တံခါးဟုဆိုသာဆိုရသော်လည်း မင်းတုပ်နှင့် ကန့်လန့်များပါရှိသော တံခါးခိုင်ခိုင်ခံ့ခံ့မဟုတ်၊ ကျူဖျာ၊ သို့မဟုတ်၊ ပိန်ရာချိုင့်ရာတို့ဖြင့် ပန်းကွက်ဖော်ထားသောကားဖြင့် နင်းပြားထားသည့် မီးလောင်သွပ်များကိုထောင်ကာလိုက်ရုံပင် ဖြစ်သည်။ တချို့တဲတို့မှာ တံခါးပင် လုံးဝမရှိဘဲ တဲပေါင်နှုတ်ခမ်းကို ခေါင်းရင်းထား၍ ဆို့အိပ်လိုက်ကြသည်။

mgyoe.com

mgyoe.com


မင်းတုပ်ပါသော တံခါးလုပ်ထားသည့်တဲမှာ သစ်ပင်အောက် ချောင်အကျဆုံးသော တဲဖြစ်သည်။ ထိုတဲမှာ သင်္ဘောကြီးအလုပ်သမားတစ်ဦး၏တဲ ဖြစ်သည်။ သူ့လင်သည် ကူလီအလုပ်သွားခိုက် မယားလုပ်သူက လူရောင်းသည့် အလုပ်လုပ်သောကြောင့် တံခါးတပ်ထားခြင်း ဖြစ်လေသည်။

အမှန်အားဖြင့် တံခါးလုပ်စရာမလို၊ အဘယ်ကြောင့်ဆိုသော် ခိုးစရာအဖိုးတန်ပစ္စည်းဆို၍ ရှိကြသူမဟုတ်ကြသောကြောင့် ဖြစ်ပေသည်။ တစ်ညလုံးလည်း အိပ်ကြသည်မရှိ၊ ဆိုက်ကားနင်းသမားများမှာ သန်းခေါင်သန်းလွဲမှ ပြန်ရောက်ကြသည်။ ည မနင်းသူများမှာ လင်းအားကြီးသင်္ဘောဆိပ်သို့ ပြေးကြရ၏။ အစောကြီးထကာ စားတော်ပဲ ထပြုတ်ရသူ၊ ရေဘုံပိုင်လူရှင်းချိန်၌ လင်းအားကြီး အဝတ်လျှော်ဖွပ်ရသူ၊ သို့မဟုတ် ညသန်းခေါင် ထလျှော်ဖွပ်ရသူ စသည်ဖြင့် တကုပ်ကုပ် အလုပ်နှင့် လက်နှင့် မပြတ်ရသူများနေထိုင်ရာဖြစ်၍ အမြဲတမ်း လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

အားလုံးကား တောကျေးလက်မှ ပြောင်းရွှေ့လာခဲ့သူများ ဖြစ်သည်။ ဂျပန်ခေတ်က ချွေးတပ်ဆွဲ၍ တောမြို့ကလေးများသို့ ရွှေ့ခဲ့ရသူလည်းပါသည်။ စစ်အပြီးခေတ် ကာလ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်ဖြစ်သောအခါ ရွာများမှ အိမ်မီးရှို့ ခံကြရသည်များ ရှိသည်။

ကျွန်တော်တို့ရွာဆိုလျှင် ဂျပန်ခေတ်တွင် ခေတ်ပြောင်း ခေတ်လဲကာလက "ကွန်မြူနစ်ရွာ" ဆို၍ ဂျပန်စစ်ရဲများက မီးရှို့ခဲ့ကြသည်။ ထိုအခါက တောသူတောင်သားနှင့်တကွ လူထုတစ်ရပ်လုံး နှိပ်စက်ညှဉ်းပန်းခဲ့သော ဂျပန်များ အန္တရာယ်မှ ကာကွယ်တိုက်ခိုက်ပေးသော ပါတီတပ်သားများအား လက်ခံထားသည်မှာ မှန်၏။ ကျွန်တော်တို့ရွာမှ ရွာသားများပင် တော်လှန်ရေးထဲပါဝင်ကြသေးသည်။ ဘကြီးမွန်းကြီးသည် သူ၏ ငှက်ကြီးတောင်ဓားကို တသွေးတည်းသွေးကာ အိမ်ခေါင်မိုးသက်ငယ်ကြားထဲ၌ ထိုးဝှက်လျက် "တို့တောသားတွေကို စော်ကားတဲ့ကောင်တွေကို ခုခံရမယ်ကွ"ဟု ကွမ်းစားရင်း ပလုတ်ပလောင်းသံကြီးနှင့် ပြောခဲ့သေးသည်။

ပြည်တွင်းစစ်ခေတ်ကာလတွင် တစ်ခါရွာမီးလောင်ခံရပြန်သည်။ တောမှာမနေနိုင်တော့ဘဲ မြို့သို့ပြေးရလေတော့သည်။ စစ်မဖြစ်မီက လယ်လုပ်စားသူများပင် ဖြစ်ကြသည်။ ဂျပန်ခေတ်ကမူ ထင်းတောထဲ ဆင်းကာ ထင်းခုတ်သည့်အခါခုတ်၊ ဓနိခုတ်သည့်အခါခုတ်ကာ အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ မြို့သို့ရောက်ကြသောအခါမူကား စနစ်တကျ အလုပ်မလုပ်ကြရဘဲ ကျရာရရာ အလုပ်ကိုသာ

mgyoe.com

mgyoe.com


လုပ်ကြရသည်။

ပညာမတတ်ကြသဖြင့် လက်ရုံးအားကိုးကာ လုပ်ကြရသည်။ အများအားဖြင့်ကား နေ့စားအလုပ်သမားများသာ ဖြစ်ကြသည်။ သင်္ဘောဆိပ်ဆင်းကာ ကူလီထမ်းသူ၊ ပန်းရန်အလုပ်သမား၊ မိန်းမများကား အုတ်သယ်–အုတ်ချ၊ တချို့လည်း ဆေးတံဆေးထုတ်လုပ်သော ကုမ္ပဏီတစ်ခု၌ ဆေးသုတ်သော အလုပ်၊ သကြားလုံးစက်၌ စက္ကူပုတ်ပတ်သောအလုပ်၊ သို့သော် နေ့တိုင်းရှိသည်မဟုတ်၊ အလုပ်ရှိသည့် နေ့သာ သွားကြရသည်။ မြူနီစီပယ်ဘက်၌ တံမြက်စည်းလှည်းသူ၊ အမှိုက်ကျုံးသူ၊ ကုန်စိမ်းဈေးတန်း၌ ကူညီညာရောင်းသောသူ။

မပြတ်အလုပ် လုပ်နိုင်မှ တစ်ဝမ်းတစ်ခါး မငတ်မပြတ်ရုံနေနိုင်ကြသူများဖြစ်ကြသည်။ အလုပ်ကိုတောင့်တနေကြပေသည်။ ခက်သည်မှာ အလုပ်လုပ်ချင်တိုင်း အလုပ်ကမရှိခြင်းဖြစ်လေသည်။ အလုပ်လုပ်မှစားရသည် ဟူသော အသိတရားကိုကား နားလည်သိရှိကြပေသည်။ ထို့ကြောင့်ပင် တစ်ညလုံး အိပ်ကြသည်မရှိအောင် တလှုပ်လှုပ် တရှုရှု ရှိကြခြင်း ဖြစ်ပေသည်။

ဓာတ်မီးတိုင်အောက်၌ လူငယ်တစ်အုပ်သည် ဝိုင်းကာ ခေါင်းပန်းလှန်နေကြသည်။ လူငယ်ဆိုသော်လည်း လူလတ်များပင်ပါသည်။ ခေါင်းမွေးဖြူဖြူနှင့် ပျော်ပျော်ပါးပါးနေတတ်သော ခပ်ပိန်ပိန်ရှည်ရှည် ကျောက်ပေါက်မာသက်သက်နှင့် အဘိုးကြီးက အော်ကြီးဟစ်ကျယ် နောက်ပြောင်ကာ တသောသော တဝါးဝါးရယ်ကာနေ၏။ အင်္ကျီမပါ ဗလာကိုယ်ထီးနှင့် ကလေးများကလည်း စိတ်ပါဝင်စားဟန်ဖြင့် ခေါင်းပန်းလှန်ကာ အလျော်အစားလုပ်နေသည်ကို ကြည့်နေကြ၏။

ရေနံချေးဖွေ့တလူလူနှင့် မှန်သေတ္တာထဲတွင် ဆီးသီး၊ သရက်ပြား၊ သကြားလုံး၊ ချင်းခြောက် စသည့်တိုလီမိုလီ အစားအစာများ ထည့်ထားသော လှည်းကလေး သည် ကလိုင်တတင်းတင်း၊ ဘီးသံများ တဒုန်းဒုန်းနှင့် မြည်ကာနေသည်။ ရေနံချေးဖွေ့မှိုင်းတလူလူအောက်၌ ကလေးများ အုံလာကြပြန်သည်။ ဓာတ်မီးတိုင်အောက် ခေါင်းပန်းဝိုင်းမှ အော်သံနှင့် ကလေးများ၏ ပူဆာသံတို့သည် ညံစီနေကြသည်။ တဲတွင်းမှ မိဘများက ငေါက်သံ၊ ကျိန်ဆဲသံ။ ထို့နောက် ကလေးငိုသံများပေါ်ထွက်လာသည်။

မီးလောင်သွားသော သံရက်မကြီးများသည် ကုပ်ကျိုးကျကာ လက်နှစ်ဖက်ကို ငိုက်ကျလျက် မတုန်မလှုပ်မြေ၌ ငုတ်စိုက်နေကြသည်။ သူတို့သည် ဘဝမပြောင်းသေးသော စစ်၏တဇွေများဖြစ်ကြ၏။ ဗုံးကျပြီးနောက် ဤပုံပန်းအတိုင်း ရုပ်ပျက်

mgyoe.com

ဆင်းပျက်၊ ကုပ်ကျိုး၊ ခါးကျိုးလျက်နေခဲ့ကြ၏။ စစ်ပြီးသော အခါတိုင်သော်လည်း ဘ၀မပြောင်းနိုင်ဘဲ ရှိနေကြသေးသည်။ သံရက်မကြီးများ၏အရိပ်သည် ပို၍ ရှည်လျား ချွန်ထွက်နေသော လက်များဖြစ်ကာ ထိုးကျနေကြသည်။

လေသည် တိုးဝှေ့ကာလာပေသည်။ သစ်ရွက်ပုပ်နံ့၊ အမှိုက်ပုံနံ့၊ မြောင်းနံ့၊ ရွှံ့ပုပ်နံ့နှင့်အတူ မစင်နံ့တို့သည် ပျံ့လာကြသည်။ အိမ်သာမရှိသော အရပ်ဖြစ်လေရာ မစင်နံ့မှာ ဆယ့်နှစ်ရာသီ မွှေးထုံနေတတ်ပေသည်။

ကောင်းကင်၌ ကြယ်များပေါက်ကြဲလာသည်ကို တွေ့ရသည်။ ကြယ်များက မြအရောင်၊ နီလာအရောင်ဖြင့် တဖိတ်ဖိတ် မျက်တောင်ခတ်ကြသည်ကို တုပ၍ တဲတွင်းမှ မီးတိုင်များကလည်း မှိတ်တုတ်မှိတ်တုတ် လက်နေကြသည်။

အမှောင်ရိပ်တို့ကား ထိုးကျမြဲထိုးကျလျက်........

## (၂)

ကျွန်တော်သည် လမ်းထောင့် တိုက်ပျက်ကြီးဘေး၌ ဝေခွဲမရဟန်ဖြင့် ရပ်နေမိသည်။

လမ်းမကြီးပေါ်မှ တဝေါဝေါဖြတ်သန်းသွားသော ကားသံများကို သဲ့သဲ့ကြားနေရ၏။ ဥဒဟိုဖြတ်နေကြသော ဆိုက်ကား၏ တတီတီမြည်နေသော ဟွန်းတီးသံမှာ အဆက်မပြတ်ကြားနေရလေသည်။

လမဲ့သော ညဖြစ်သော်လည်း တိမ်တိုက်များမရှိသဖြင့် ကြယ်ရောင်တို့သည် အင်အားသစ်ဖြစ်နေကြပေသည်။ ကြယ်တစ်လုံးတလေဆိုလျှင် ဤအင်အားရှိမည် မဟုတ်၊ ယခုကား မိုးတစ်မိုးလုံး ကတ္တီပါကားနက်ကြီးပေါ်တွင် ကြယ်များပေါက်ဝေထားရှိသကဲ့သို့ နေရာမလပ်အောင် တဖိတ်ဖိတ်လက်နေကြ၏။ ကမ္ဘာမြေပေါ်တွင် လူများစုဝေးစည်းရုံးလာသောအခါ အရေးတော်ပုံကြီး ဖြစ်လာသကဲ့သို့ပင် ကြယ်များသည် စည်းလုံးနေကြသောအခါ အရောင်ဖျပ်ဖျပ် ယိုထွက်ကာ အင်အားသစ်၏ စွမ်းဟန်ကို ဖော်ကြွားစေသကဲ့သို့ မှတ်ထင်ရလေ၏။

မိုးတစ်ပြင်လုံး လှိုင်းထနေသကဲ့သို့ ဖောင်းကြွရွေ့ရှားနေပေသည်။ အလိပ်အလိပ်ထကာ နိမ့်လိုက်မြင့်လိုက်နှင့် ကမ်းစပ်ဆီသို့ ဦးတိုက်ကာ လိမ့်လာကြလေသည်။ ကမ်းစပ်ကား သစ်ပင်နှင့် တိုက်တာ အိမ်ရာတို့၏ အမိုးအခြင်များဖြင့် အနားသတ်ထားသော လူ့ဘောင်လောက ကမ္ဘာကြီး ဖြစ်ပေသည်။ စုဝေးစည်းရုံးလျက်ရှိသော

mgyoe.com

ကြယ်များ၏ အင်အားနှင့် လူ့ပြည့်ရှိလူအင်အားတို့ ပေါင်းစည်းလိုက်လျှင် မည်ကဲ့သို့ အရေးတော်ပုံကြီး ပေါက်ဖွားလာလိမ့်မည်နည်း။

ကျွန်တော်သည် ကျောက်သံပတ္တမြားကဲ့သို့ တဖျပ်ဖျပ်တဖိတ်ဖိတ် တောက်ပလျက်ရှိသော ကြယ်များ၏ အလှအပ၌ ကြည်မောဝေရီကာ အင်အားတို့၏ အကောင်းဘက်ကို တွေးလျက်ရှိနေ၏။

အမှန်အားဖြင့် ကျွန်တော်သည် ဝရမ်းပြေးတစ်ယောက် ဖြစ်ပေသည်။

မယားညီအစ်ကိုတော်သူမှာ မင်းမနိုင်ကွက်သစ်တွင်နေသည်။ ဦးဝိစာရလမ်းထိပ်တွင် အကြော်အလှော်များရောင်းချစားသောက်၍ ကျွန်တော့်ထက် ချောင်လည်ကြသည်။ ကျွန်တော့်မှာ အလုပ်အကိုင် အတည်တကျ ရှိသူမဟုတ်ပေရာ သူတို့အနားရှိ သားရေစက်တစ်ခု၌ ပုံကျအလုပ်တစ်ခု ရမည်ဆို၍ ပြောင်းရွှေ့နေထိုင်ကြသည်မှာ တစ်လခန့်သာရှိသေးသည်။ မင်းမနိုင်ကွက်သစ်မှာ မီးလောင်ပါလေ၏။ ကျွန်တော်လည်း အထုပ်ဆွဲကာ အရင်နေရာဟောင်း တိုက်ပျက်ကြီးဘေးရှိ တဲစုသို့ ပြန်ရောက်တော့သည်။ ယခင်တဲဟောင်း၌ နေရာမရတော့ဘဲ ဆိုက်ကားနင်းစားသူ တစ်ရွာတည်းနေ သူငယ်ချင်းတဲ၌ ကပ်ခိုနေကြရလေသည်။

မင်းမနိုင်ကွက်သစ်မှ လူအချို့ကို မီးရှို့မှုဖြင့် လိုက်ဖမ်းနေရာ ကျွန်တော်လည်း ပါဝင်နေသည်။ ကျွန်တော်တို့အကွက်ထဲမှ မီးစလောင်သည်မှာ မှန်၏။ သို့သော်..... ကျွန်တော်မှာ အလုပ်လက်မဲ့တစ်ယောက်သာ ဖြစ်ပါ၏။ မီးလောင်ခြင်းနှင့် ပတ်သက်၍ ဘာမျှမသိ၊ မီးလောင်ခြင်းမှာ ပေါ့လျော့မှုကြောင့် မတော်တဆ လောင်ခြင်းသာ ဖြစ်မည်ထင်သည်။ ပုလိပ်များက လိုက်နေကြ၍ ကျွန်တော်သည် ဝရမ်းပြေးဖြစ်နေရပေပြီ။

ထိုညတွင်ပင် ဤရပ်ကွက်သို့ ပုလိပ်များ လာရှာလိမ့်မည်ဟု တဲနေမိတ်ဆွေအပေါင်း သတိပေးသဖြင့် ကစဥ့်ကလျားထွက်လာခဲ့ပေသည်။

ကျွန်တော်သည် အမှောင်ရိပ်ကြီးများထိုးကျကာ ဝါကြန့်ကြန့်မီးရောင်လက်လက်၊ ကလေးငိုသံ၊ ဆဲဆိုကျိန်ဆဲသံများ စုဝေးရာတိုက်ပျက်ကြီးမှ ခွာလာပြီး နောက်သို့လှည့်ကြည့်မိလေသည်။ ထို့နောက် ခြေဦးတည့်ရာ လျှောက်ခဲ့ရာ လမ်းမကြီးပေါ်သို့ ရောက်လာလေသည်။

ဘယ်သွားရမှန်းလဲ မသိ၊ ဘာလုပ်ရမည်ကိုလဲ မသိ။

လမ်းဘေးပလက်ဖောင်းပေါ်၌ ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းလျက်ရှိသည်။

mgyoe.com

mgyoe.com


လမ်းကို ယှက်ကာ မိုး၍နေသည်။ သစ်ရွက်များကွယ်နေသဖြင့် ကောင်းကင်ကို မမြင်ရ။ အနောက်ဘက်သို့ တစိုက်စိုက် လျှောက်လာခဲ့သည်။

ပလက်ဖောင်းကျောက်ပြားထက်၌ လူများစွာ အိပ်နေကြသည်ကို တွေ့ရသည်။ အများအားဖြင့် ကုလားများဖြစ်ကြသည်။ ကုလားမယားဖြစ်ဟန်တူသော မြန်မာမိန်းမ တစ်ဦးကား လင်သည်ကုလားနှင့်မျက်နှာချင်းဆိုင်ကာ တတွတ်တွတ်စကားပြောနေ၏။ ဖျာများ ပတ္တူများ ခင်း၍ အတုံးအရုံးပင် လဲလျောင်းနေကြသည်။ အဓိကရုဏ်းကြီး၊ သို့မဟုတ် တိုက်ပွဲကြီးဖြစ်သဖြင့် ဆေးရုံမတင်နိုင်ဘဲ အရေးပေါ် အလောတကြီး မြေပေါ်တွင်ပစ်ထားရသည့် ဒဏ်ရာရသော ဝေဒနာသည်များနှင့် တူနေသည်။ ဝေဒနာသည်များကား ကိုယ်တွင်ရသော ဒဏ်ရာများက နာကျင်၍ ညည်းညူနေရမည် ဖြစ်သော်လည်း ဤအိုးအိမ်မဲ့များကား နောက်တစ်နေ့ ထမင်းတစ်နပ်အတွက် ပူပင် ညည်းညူဟန်ရှိပေသည်။ သူတို့သည် ဘဝဒဏ်ရာရသူများ ဖြစ်ကြသည်။ ဝမ်းစာ အဓိကရုဏ်းကြီး၌ အနာတရ ရသူများဖြစ်၏။

ကျွန်တော် စိတ်ထဲ၌ အားတက်မိသလိုလို ဖြစ်လာမိသည်။ သူတို့ကား ကျွန်တော်တို့နှင့်တစ်တန်းစားတည်းသူများဖြစ်ကြ၏။ ဆွေမျိုးသားချင်းများကြားထဲ ရောက်လာသကဲ့သို့ ခံစားရသည်။ သို့သော် ဝရမ်းပြေးဟူသောအသိက တွန်းပို့၍ ဦးတည့်ရာဆက်လက်လျှောက်လာခဲ့လေသည်။

ဆူးလေစေတီမှ မီးရောင်ရွှေရောင်များကို မြင်လာရသည်။ ဆည်းလည်းသံတို့ သည် လေတွင်လွင့်ကာ တတင်တင်ချိုမြည်နေကြ၏။ ဘုရားပေါ် တက်အိပ်ရမလား ဟု စိတ်ကဖြစ်ပေါ်လာသည်။

ဇရပ်ဆောင်များ၌ အသိမရှိသည်ကိုတွေးမိ၍ ထိန်ဝင်းလက်ပြောင်သော ရွှေစေတီအောက်သို့ မဝင်တော့ဘဲ ပန်းခြံထိပ်သို့ ရောက်သွားလေ၏။

အကြံတစ်ခုရလာသည်။ သင်္ဘောဆိပ်သို့ဆင်းရန် ဖြစ်သည်။ သင်္ဘောဆိပ် ကမ်း၌ ရွာမှသမ္ဗန်ခတ်နေသော သမ္ဗန်သမားများရှိတတ်သည်။ မနက်ဘက်ထွက်သော သမ္ဗန်နှင့် တွံတေးဘက်သို့လိုက်ကာ တစ်လခန့်ရှောင်နေလျှင် ကောင်းမည်။ ည အတွက်ကား သမ္ဗန်ပေါ်တွင်ပင် အိပ်နိုင်မည်။

ကျွန်တော်သည် လူခြေတိတ်ဆိတ် ကင်းရှင်းသော ကမ်းနားလမ်းကြီးပေါ်သို့ ရောက်သွား၏။ ဂိုဒေါင်များမှာ ဝါသောမီးရောင်၌ ငှက်ဖျားတက်၍ ခေါင်းမြီးခြုံကာ လှဲနေသောသူများပမာ တုံးတုံးစင်းစင်းကြီးနေကြ၏။

mgyoe.com

mgyoe.com

ဂိုဒေါင်တန်းကြီးများမှာ အိပ်စက်နေကြ၏။ ညစောင့်ဒရဝမ်၏ မိုတ်တုတ်မိုတ်တုတ် မီးအိမ်မှ အရောင်လက်နေ၏။

ညောင်ပင်လေးဆိပ်သို့ ရောက်လာပေပြီ။ ဂိုဒေါင်ကြီးများ အရိပ်အောက်မှ ဖြတ် ကာ ကမ်းနားဘက်သို့ဆင်းခဲ့သည်။ ရန်ကုန်မြစ်ကြီးမှာ အနားပေးထားသည်။ ကောင်းကင်မှကြယ်ရောင်များမှာ အောက်သို့ယိုဖိတ်ကျတော့မလား ထင်ရအောင် လှုပ်ရှားစွာ ထွန်းပနေကြ၏။

"ကိုထွန်းသာ သမ္ဗန်လားဗျို့"

ပေါင်းမိုးထဲမှ မီးတလက်လက်နှင့်နေသောသမ္ဗန်အား လှမ်းအော်မေးလိုက်သည်။

အထဲမှမဟုတ်ကြောင်းပြန်ဖြေသည်။ နောက်သမ္ဗန်များအား မေးရပြန်သည်။ သမ္ဗန်တစ်စင်းမှ ထူးပင်မထူး၊ အိပ်ပျော်နေဟန်တူသည်။

လေမှာ တဟူးဟူးနှင့်တိုက်ခတ်နေ၍ အေးမြလာသည်။ ဗိုလ်တထောင် ပင်လယ်ကူးသင်္ဘောဆိပ်ဆီမှ ညဘက်ကုန်များချနေသော ကရိန်းစက်မောင်း၏ တကျွီကျွီမြည်သောအသံမှာ လေသင့်၍ အဆက်မပြတ် သဲ့သဲ့ကြားနေရသည်။ ခပ်လှမ်းလှမ်း ဒလဘက်ဆီမှ ငှက်လှေကလေးတစ်စင်း တရွေ့ရွေ့လာနေ၏။

"ကိုထွန်းသာပြန်သွားပြီ၊ သူ့ယောက်ဖ မြဖေ သမ္ဗန်တော့ ကီလီလမ်းတံတားဘက်မှာ ဆိုက်ထားတယ်"

ဆိပ်ခံနား ကပ်ဆိုက်ထားသော လှေတစ်စင်းမှသိရ၍ ကီလီလမ်းဘက်သို့ လာခဲ့ သည်။ သို့သော် မြဖေသမ္ဗန်ကိုမတွေ့။

ကျွန်တော်မှာ သည်ည ဘယ်မှာ အိပ်ရမည်ကိုမသိဘဲ ယောင်တီးယောင်တနှင့် ထွက်လာခဲ့သည်။ ဂိုဒေါင်ရှေ့၌ လက်နှိပ်ဓာတ်မီးနှင့် ပတ်တရောင် ပုလိပ်ကိုမြင်ရ သည်။ ခပ်သုတ်သုတ်ထွက်ခဲ့လေသည်။ ညောင်ပင်လေးဆိပ်သို့ ပြန်ရောက်လာသည် ကို တွေ့ရသည်။

တံတားပေါ်သို့တက်ကာ ရပ်နေမိသည်။ မိုးမြန်မြန် လင်းပါစေတော့ဟု အောက်မေ့လိုက်သည်။ မရပ်မနားလျှောက်လာရသဖြင့် ဝမ်းထဲမှ ဆာတာတာ ဖြစ်လာ သည်။ ဂိုဒေါင်ဘေး၌ လက်ဖက်ရည်ဆိုင်မှာလည်း တံခါးတစ်ခြမ်းပိတ်ထားသည်။ တဲနား သူငယ်ချင်းများစု၍ ပေးလိုက်သော ကျပ်တန် ၃-၄ ရွက်ကို စမ်းမိသည်။ ရှေ့ရေးအတွက် ဘာလုပ်ရမည်ကို ပူပင်ရင်းအစာကိုမေ့ကာ အဘယ်မျှ ကြာအောင်

mgyoe.com

mgyoe.com


ငေး၍ နေသည်မသိ။ လေကတိုး၍ ချမ်းစိမ့်စိမ့်ဖြစ်လာမှ သတိထားမိတော့သည်။ ကျွန်တော်သည် တံတားမှခွာကာ ကုန်းပေါ်သို့ တက်ခဲ့ပြန်သည်။ ဝါကြန့်ကြန့် အရောင်ထွက်နေသော ဓာတ်မီးတိုင်အောက်၌ ရှေ့မှလာသော မိန်းမပျိုတစ်ဦးနှင့်ဆုံကြသည်။ မြင်လျှင်မြင်ချင်း ငါ့အသိထဲကပါပဲဟု အောက်မေ့လိုက်သည်။

ယခုခေတ်ကာလဟန်အတိုင်း ပန်းအနုရောင်နိုင်လွန် အင်္ကျီလက်တိုနှင့် ပျော့ညက်သော ပန်းပွင့်စိပ်စိပ် ထဘီနီရဲရဲကို ဝတ်ထားသည်။ ဆံပင်ကို အမောက်လိပ်လိပ်ထောင်ထောင် အပေါ်သို့ ပင့်တင်ထားသောဆံထုံးနှင့် ခေတ်ဆန်စွာပြင်ဆင်ထားသည်။ နှုတ်ခမ်းမှာ ထူထူရဲရဲဆေးဆိုးထားသည်မှာပေါ်လွင်လွန်းသည်။ ပေါင်ဒါနံ့များကား စူးစူးရှရှမွှေးကြိုင်လှစွာသည်။ သူ့မျက်နှာကား ပေါင်ဒါသထားသဖြင့် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

"ဟင်.....ကိုရှုဝံ"

ထိုမိန်းမက နှုတ်ဆက်လိုက်မှပင် မြင်ဖူးပါတယ်၊ ငါ့အသိထဲကပါကလားဟူသော အသိဉာဏ်မှာ အလင်းရောင်ပွင့်လာတော့သည်။ ကျွန်တော်တို့ရွာက အကြည်ပေတကား။

ကျွန်တော်၏မျက်နှာပေါ်တွင် သန်းနေသော အံ့ဩခြင်း အရိပ်ကို အကြည်က ပြုံး၍ တုံ့ပြန်လိုက်လေသည်။ ပြုံး၍နေသောအကြည်က ငယ်ရုပ်ကို ဖမ်းမိစေသည်။ ဆံတောက်ကလေးတခါခါနှင့် သနပ်ခါးဘဲကျားလိမ်းကာ တလင်းထဲ၌ ထုပ်ဆီးတမ်းကစားနေသော အကြည်သည် ယခုမြို့ဟန်နှင့် ခေတ်ဆန်သူ ဖြစ်နေပေပြီ။

"ဟဲ့.......နင်ဘယ်လိုဖြစ်လာတာလဲ"

နှုတ်မှပြောင်းလဲခြင်းကို နားမလည်အကဲမခတ်နိုင်သလို မေးလိုက်မိလေသည်။ ရုတ်တရက်အားဖြင့် မယုံကြည်နိုင်အောင် ဖြစ်ရ၍ အာမေဋိတ်ပြုခြင်းဖြစ်ရပေသည်။ ကျွန်တော်ပင်လျှင် လယ်သမား သူရင်းငှားဘဝမှ ဝရမ်းပြေးတစ်ယောက် ဖြစ်နေရပေပြီ။

"ကျွန်မတို့ ရန်ကုန်ရောက်နေတာကြာပြီ၊ ကိုရှုဝံကော ဘယ်ကို သွားမလို့တုံး"

တောမှာတုန်းကကဲ့သို့မဟုတ်၊ သွက်လက်လှသည်။

"ငါက နင့်ကို ဘယ်သွားမလို့တုံးလို့ မေးမလို့ဟ.....၊ ညကြီး သန်းခေါင်မိန်းကလေးတစ်ယောက်တည်း...."

ကျွန်တော့်မှာ အံ့ဩခြင်းများကို မျိုသိပ်ကာ မေးနိုင်ပါတော့သည်။

mgyoe.com

အကြည်က ဘာမှပြန်မဖြေတော့ချေ။ နှစ်ယောက်သား စကားမပြောကြဘဲ နေကြပြီးမှ အကြည်ကစတင်၍. . . .

"လာကိုရှုဝံ၊ လက်ဖက်ရည်ဆိုင်သွားရအောင်" ဟု တစ်ခြမ်း ဟထားသော ကုလားလက်ဖက်ရည်ဆိုင်ဆီသို့ မေးငေါ့ကာခေါ်သည်။

"ဆိုင်ပိတ်ထားတယ်ဟ"

"မပိတ်သေးပါဘူး၊ ကျွန်မသိပါတယ်။ လာပါ" တစ်ပိုင်း မှောင်ရိပ်ကျနေသော အပြင်ဘက်ရှိစားပွဲအလွတ်တစ်ခုတွင်ပင် ထိုင်ကာနေကြသည်။ အကြည်ကသွက် လက်စွာပင်လက်ဖက်ရည် နှစ်ခွက်ကို ကာကာကုလားအား လှမ်းမှာလိုက်သည်။

"နင့်ဟာခေတ်ဆန်လှချည်လားဟ"

ကျွန်တော့်မှာ အသွင်အပြင် ပြောင်းလဲနေပုံကို အံ့ဩလျက်ပင်ရှိနေပေသည်။ ကုလားက မလိုင်ဖတ်များလျှံနေသော လက်ဖက်ရည်လာချရာ "မုန့်ယူခဲ့ဦးဟု" အကြည်က ထပ်မှာလိုက်သည်။

လက်ဖက်ရည်ဆိုင်မှာတစ်ဆိုင်လုံး ကျွန်တော်တို့နှစ်ယောက်တည်းသာ ရှိပေသည်။ အထဲ၌လည်း လူတစ်ယောက်မျှမရှိ၊ ကုလားကလေးတစ်ယောက်ကတံမြက်စည်းပင်လှည်းနေသည်။ အကြည်က ကျွန်တော်အားမုန့်များထပ်မှာ၍ ကျွေးနေပေသည်။

"နင်သူဌေးတစ်ယောက်နဲ့ ရနေသလား"ဟုပင်လျှင် ထောက်မေးမိသည်။

အကြည်ကဘာမျှပြန်မဖြေဘဲ "စေတနာရှိလို့ကျွေးတာပါ ကိုရှုဝံရယ်......"

ကျွန်တော်တို့သည် စကားလက်ဆုံကျနေကြသည်။ ရွာမီးလောင်၍ပြေးခဲ့ရစဉ်က အကြည်တို့မိသားတစ်စုမှာ အတော်ဒုက္ခရောက်ခဲ့ကြသည်။ ယခု အဘယ်ပုံ ပြောင်းလဲကာ ရန်ကုန်သူကြီးတစ်ယောက်ဖြစ်နေသည်ကို ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရ၏။ အကြည်ကရွာမှလူများအကြောင်းသာ စိတ်ပါဝင်စားလျက်ရှိသည်။ ကျွန်တော်ကလည်း တိုက်ပျက်ကြီးကြားနှင့် လမ်းဘေးတွင် တဲထိုးနေကြရသော ရွာသူ ရွာသားစုအကြောင်းကို ပြောပြရသည်။ ပြောပြရင်း ကျွန်တော့်အကြောင်း ရောက်သွားသည်။

"ဒီလိုဆိုရင် ကျွန်မတို့အိမ်မှာ အိပ်ပါကိုရှုဝံရယ်....၊ မနက်မှ သမ္ဘန်ဆိပ်ဆင်းတာပေါ့.....လာ......သွားစို့"

ကျွန်တော့်မှာ ထလိုက်ရသည်။ အကြည်သည် ဆယ်တန်ထုတ်၍ ပေးလေ

mgyoe.com

mgyoe.com

သည်။ ဂိုဒေါင်ရိပ်များကိုဖြတ်သန်းပြီးနောက် မီးရထားသံလမ်းကို ကျော်လိုက်သော အခါ ကမ်းနားလမ်းသို့ရောက်လာလေသည်။ ပလက်ဖောင်းဘေးရှိတဲများကား စီရီ တန်းနေကြ၏။ ကမ်းနားဆိပ်ကိုမှီ၍ အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြ လေရာ တဲရှေ့၌ အုန်း၊ ငှက်ပျော၊ ဝါး၊ ဓနိ၊ တောင်း၊ ဖျာ စသော တောကုန်မျိုးစုံတွဲလို့ တွဲ လောင်းနှင့်ဖြစ်ကြ၏။ သူတို့လည်း အိပ်ကြပုံမပေါ်၊ မီးကလေးတလက်လက်နှင့်။

"နင်ဘယ်မှာနေသလဲ"

"၂၄ လမ်းထဲမှာ"

၂၄ လမ်းမှာ ကျဉ်းကျဉ်းကလေးဖြစ်သည့် အခန်းများစွာရှိသော သုံးထပ် တရုတ်တိုက် မှောင်၍ စောက်မတ်သောလှေကားမှ တက်ကြရသည်။ အကြည်က ကျွန်တော်၏ လက်ကိုတွဲကာခေါ်သည်။ မှောင်ပိန်းနေ၏။

"ငါ့များဘယ်ခေါ်သွားမလို့လဲဟယ်"

"ကိုရှုဝံကို ဂါတ်တဲပို့မလို့၊ ဒါ...ပုလိပ်ဆီသွားတာ" အကြည်က ရယ်မော၍ နေပေသည်။ အကြည်၏ ကိုယ်မှာ ပေါင်ဒါနံ့ သင်းပျံ့လျက်ရှိသည်။ စူးရှသော အမွှေးနံ့ဟု မှတ်ထားလိုက်သည်။

အလယ်ထပ်သို့ ရောက်လာသောအခါ တံခါးကို ခေါက်လိုက်သည်။ ရပ်ကာ စောင့်နေရင်း "ဒီမှာတစ်လကိုးသိတင်း ပုန်းနေရင်လည်း ပုန်းနေပါတော်၊ ကိစ္စမရှိ ပါဘူး။ ကျွန်မတို့ရှင်တို့ဟာ ဆင်းရဲသား အချင်းချင်းတွေပါပဲ...."ဟု ကြင်နာသော အသံနှင့်ပြောသည်။

ချက်ခနဲတံခါး မင်းတုပ်ကျသံ ကြားရကာ တံခါးပွင့်လာပြီး မိန်းမကြီး တစ်ယောက် မျက်နှာပေါ်လာသည်။

"ကိုရှုဝံ အထဲဝင်၊ ဒါကျွန်မ အခန်းပဲ......"

ကျွန်တော်သည် ယောင်ချာချာနှင့် အထဲဝင်လိုက်သည်။ မိန်းမကြီးသည် မှန်အိမ်မှ မီးစာကိုမြှင့်လိုက်သည်။ အခန်းနံရံတို့မှာ အဝါဖြစ်သော်လည်း မှိုင်းတက်နေ သဖြင့် ညစ်လျက်ရှိသည်။ တစ်ဖက်၌ကား ရေစီးကြောင်းကြောင့် အရောင်ပို၍ညစ်နေ သည်။ မျက်နှာကြက်ကား ပို၍မည်းသည်။ ပက်လက်ကုလားထိုင်သုံးလုံး စီချထား သည်။

ဘုရားစင်အောက်စားပွဲ၌ ရွှေရောင်နှင့်ရုံပန်းထည်တို့ဖြင့် ယှက်သန်းနေသော နတ်ရုပ်များတင်ထားသည်ကို တွေ့ရသည်။ ကန်တော့ပွဲ ငှက်ပျောအုန်းများ ထည့်

mgyoe.com

 mgyoe.com


ထားသော သံဇလုံဘေးရှိ ဖယောင်းတိုင်မှာ ငုတ်တိုကလေးသာ ကျန်တော့လျက် အပြာရောင် မီးကလေး လက်ရုံမျှလက်နေ၏။ ဖယောင်းတို့ကား ပျော်ကျလျက် ပန်းကန်ထဲမှ စားပွဲခင်းပေါ်သို့ပင် ဖိတ်စဉ်ကျနေသည်။

"ကဲ. . . . ထိုင်ဦး. . . . အိပ်ချင်ပလား"

ကျွန်တော်သည် နီးရာကုလားထိုင်တစ်ခုဌ ထိုင်ချလိုက်သည်။ အိပ်ကားမအိပ်ချင်၊ အိမ်အတွင်းဘက်တွင် အစိမ်းပုပ်ရောင် လိုက်ကာတစ်ခု ချထားသည်။ မိန်းမကြီးလည်း အိပ်မှုန်စုံမွှား အမူအရာနှင့်အတွင်းဘက်သို့ ဝင်သွားသည်။

"ငါမအိပ်ချင်ပါဘူးဟယ်.....၊ မျက်လုံးလည်း ကြောင်နေပါပြီ"

လှေကားမှ တဒုန်းဒုန်း တက်လာသံကြားကာ တံခါးခေါက်သံနှင့်အတူ "အကြည်-အကြည်"ဟု ခေါ်သံကြားရသည်။ အကြည်လည်း တံခါးနားကပ်ကာ ဘာမျှမလုပ်ဘဲ ရပ်နေသည်။ ကျွန်တော်ကား အကြည်အား လိုက်ကြည့်နေသည်။

"အကြည်......အကြည်ရေ......"

အသံများ ယောကျ်ားသံဖြစ်၍ အရက်သောက်ထားသဖြင့် လျှာလေးအာလေးသံထွက်နေ၏။ ပို၍မြည်အောင် တံခါးကို တဒုန်းဒုန်း ထုနေသည်။

အကြည်သည် ကျွန်တော့်နားကပ်လာကာ "ကဲ.....ကိုရှုဝံ၊ အထဲခဏဝင်နေလိုက်စမ်းပါနော်"ဟု စိတ်ရှုပ်ဟန်ဖြင့်ပြောကာ ခန်းဆီးအစိမ်းပုပ်ဆီသို့ ပြသည်။ ကျွန်တော်လည်း အလိုလိုက ပုလိပ်လိုက်နေသည်ကို လိပ်ပြာလန့်သဖြင့် ဘုမသိ-ဘမသိနှင့် ခန်းဆီးနောက်ဝင်လိုက်သည်။ ကြောက်ရမလိုမကြောက်ရမလိုနှင့် ရင်တဒိတ်ဒိတ်ခုန်ရင်း ခန်းဆီးနောက်ကွယ်ရှိ ခုတင်ပေါင်နှင့် တိုက်မိလေသည်။ ဇာခြင်ထောင်နှင့် အိပ်ရာခင်းဖြူဖြူနှင့် ကျကျနနပြင်ထားသည့် နှစ်ယောက်အိပ်ခုတင်ဖြစ်နေသည်ကို တွေ့ရသည်။ အိပ်ရာခင်းမှာ အကွက်များပေနေသည်။

တံခါးဖွင့်သံကြားရပြီးနောက် "တံခါးခေါက်လိုက်ရတာ အကြည်ရယ်၊ အစ်ကိုတို့များအားနာပါဦး"ဟူသော အသံနှင့် အရက်နံ့လည်း ပျံ့လာသည်။

ကျွန်တော်လည်း အကြည်၏ယောကျ်ားများလားဟု လန့်သွားသည်။ လန့်သွားသည်မှာ အခြားကြောင့်မဟုတ် သူတို့လင်မယားခုတင်၌ ပုန်းနေရခြင်းဖြစ်၍ မတော် အလွဲထင်ကာ အမှုပွေမှာစိုး၍ဖြစ်သည်။

"အကြည်လည်း အဆင်သင့်ပါလား......၊ နှုတ်ခမ်းကလေးကရဲလို့"ဟု ပြောကာ ရယ်မောနေသည်။

mgyoe.com

mgyoe.com

"ဟော့.....တင်မောင်၊ ဒါငါ့မယားလေး အကြည်ကွ၊ ဘယ်လောက်ချောသလဲ ကြည့်စမ်း"ဟု အရက်မူးသံနှင့် ပြောနေပြန်သည်။

ကျွန်တော်သည် ခုတင်အောက်ထဲ ဝင်နေရကောင်းမလား......၊ သို့မဟုတ် နောက်ဖေးဘက်ဝင်ရမလားဟု တွေးကာ မလှုပ်မယှက် နားထောင်နေသည်။ နောက်ဖေးဘက်တွင်ကားမှောင်နေ၏။ မိန်းမကြီးမှာ ဘယ်နားအိပ်နေသည်မသိ။

"အကြည်.....ထုံးစံအတိုင်းပေါ့.....၊ မနက်ပြန်ပို့မယ်......၊ အောက်မှာ ကားပါတယ်"

ထို့နောက် အကြည်၏ တွတ်တွတ် တွတ်တွတ်နှင့် တောင်းပန်တိုးလျှိုးသံကို ကြားနေရသည်။ "နောက်ညမှလာပါ အစ်ကိုရယ်.....၊ ဟိုဘက်က အတင်တို့ဆီသွားပါ၊ ရှိကြီးခိုးပါရဲ့"ဟူသော အသံလည်း သဲ့သဲ့ကြားရကာ နောက်ဆုံး တဒုန်းဒုန်းနှင့် ဆင်းသွားကြသည်။

ကျွန်တော်လည်း ပုန်းနေရာမှ ထွက်လာခဲ့သည်။ အကြည်ကဆီး၍ "ရဲပုလိပ်ဘက်ကလူတွေ၊ သူတို့လည်းပေါင်းထားရသေးတယ်။ စိတ်များဆိုးသွားသလား မသိဘူး"ဟု ညည်းသည်။

နှစ်ယောက်သား စကားမပြောကြဘဲ တိတ်ဆိတ်နေကြသည်။ အကြည်က ဘာမျှမပြော၊ ကျွန်တော်လည်းမမေး၊ မေးရန်လည်းလိုမည်မထင်။ အကြည်ကပင် ကျွန်တော့်အား တစ်ညတာ နေရာထိုင်ခင်းပေးနိုင်ပေ၏။ ကျွန်တော်ကား သူ့ကို ကယ်နိုင်ဖို့ ဝေးစွ၊ ကိုယ့်အတွက် ထမင်းတစ်နပ်ကိုပင် အနိုင်နိုင် ကျောင်းနေရသည်။ နတ်ရုပ်များဘေးမှ ဖယောင်းတိုင် မီးလျှံသည် ဟုတ်ခနဲ ပြန်တက်ပြီးနောက် ငြိမ်းသေသွားလေသည်။ ငှက်ပျောခိုင်များမှာ နံရံမှ သူ၏အရိပ်များက ရုပ်သိမ်းသွားပေသည်။ နောက်ဖေးခန်းဆီမှ မိန်းမကြီးဟောက်သံသည် ပျံ့လွင့်လာသည်။

"ကိုရှုဝံ၊ ကျွန်မအိပ်ရာသွားအိပ်ချေလေ.....၊ အိပ်ရာခင်းအသစ်လဲပေးမယ်" ဟု ဆိုကာ နေရာမှ ထလိုက်သည်။

"နင်အိပ်ပါ....ငါမအိပ်ချင်ပါဘူး။ မနက်စောစော သမွန်ဆိပ်ဆင်းရမှာ"

ကျွန်တော်သည် အကြည်၏လက်ကို ဆွဲကိုင်ကာ တားလိုက်သည်။ အကြည် လက်ကို ပြန်ရုပ်မသွားဘဲ နေရာ၌ပင်ပြန်ထိုင်သည်။ အကြည်မှာလည်း ငိုင်တိုင် တိုင် ဖြစ်နေသည်။

"ကိုရှုဝံပျင်းရင် ကျွန်မဘေးက ဝင်အိပ်မယ်လေ......လာ"

mgyoe.com

ကျွန်တော်သည် ဘာမျှမပြန်ပြော၊ ပြောလည်းမပြောနိုင်။ အကြည်၏ လက်က ကျွန်တော့်အား ဆုပ်ထားသည်မှာ ပူနွေးနေသည်။ ပေါင်ဒါနံ့တို့မှာ ပို၍မွှေးကြိုင်လာသည်။

အကြည်၏မျက်လုံးတွင် ကြင်နာသော မေတ္တာရောင်သန်းနေသည်။ တတ်နိုင်သမျှ ကျွန်တော့်အား ပြုစုညှော်ခံလိုသော အမူအရာမှာပေါ်နေသည်။ အကြည်၏ ရဲနေအောင်ဆိုးထားသော နှုတ်ခမ်းဆိုးဆေးအနီရောင်မှာ နှင်းဆီပွင့်သွေးကျနေ၏။ သို့သော်..... တဏှာရာဂ ဘက်သို့မပါဘဲ တောရိုင်းထဲမှ တောနှင်းဆီပွင့်၏ အပွင့်အဖူးသာ ကျွန်တော်က မှတ်ထင်၏။ ပေါင်ဒါနံ့မှာ လန်းဆတ်သော တောရနံ့များဟု အောက်မေ့၏။

ကျွန်တော်လည်း စိတ်မကောင်းလှသဖြင့် "ငါ့မှာ မိန်းမရှိပါတယ်ဟယ်"ဟု အော် ပြောလိုက်သည်။ စိတ်၌ထိခိုက်နေသဖြင့် အသံမှာ တုန်ယင်စွာထွက်လာ၏။

အကြည်လည်း ငြိမ်ကျသွား၏။

အသက်ရှုသံများကို ကြားရသည်။ နှစ်ယောက်စလုံးပက်လက်ကုလားထိုင်များပေါ်၌ မှီ၍ထိုင်နေကြသည်။ နှလုံးသွေးသည် ပြိုင်တူခုန်နေကြသည်ဟု မှတ်ရသည်။ မီးအိမ်မှရေနံဆီကုန်သဖြင့် လားမသိ၊ မှိန်၍ မှိန်၍လာ၏။ ကျွန်တော်လည်း မှေးမှေးနှင့် ဖြစ်လာကာ ငိုက်ခနဲဖြစ်သွား၏။

နိုးလာသောအခါ တရုတ်ကတ်အကြားမှ အလင်းရောင် ဖြူဖြူပြာပြာကလေး အသာအယာ တိုးဝင်လာသည်ကိုတွေ့ရ၏။ အနီးသို့လှည့်ကြည့်လိုက်ရာ ပက်လက်ကုလားထိုင်တွင် အကြည့်ကိုမတွေ့ရတော့၊ ဘယ်ထွက်သွားပါလိမ့်၊ အထဲဝင်အိပ်နေသည်ထင်ပါရဲ့၊ ငါလည်း သမ္ဗန်ဆိပ်ဆင်းမှပဲဟု အောက်မေ့ကာ အသာထလိုက်မည်ဟု ကိုယ်ကိုကြွလိုက်စဉ် တံခါးမှချက်ခနဲပွင့်လာကာ လက်ဖက်ရည်ချိုင့်ကလေးနှင့် အကြည်ဝင်လာသည်။

"ဟဲ့...အကြည်၊ နင်ဘယ်က လာတာလဲ"

"လန့်သွားတာပဲ ကိုဗူဝံရယ်......၊ ကျွန်မက မနိုးသေးဘူး အောက်မေ့တာ၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင် ကိုဗူဝံ စောစောသောက်ရအောင်လို့ သွားဝယ်တာ" ဟု ပြောပြီးနောက်ဖေးထွက်သွားသည်။

အတန်ကြာလျှင် အငွေ့တထောင်းထောင်းနှင့် လက်ဖက်ရည်၊ နံပြားများရောက်လာတော့သည်။ အကြည်သည် ပြတင်းပေါက်ကိုဖွင့်လိုက်၍ ရောင်နီသည် အတွင်း

mgyoe.com

mgyoe.com

သို့ဝင်လာလေသည်။

စားသောက်ပြီး၍ ပြန်တော့မည်ဟု နှုတ်ဆက်သောအခါ အကြည်မှာ လှေကားအထိ မီးခွက်နှင့်လိုက်ပို့ကာ "နောက်လည်းလာပါ ကိုရှုဝံရယ်၊ ကျွန်မတို့ ဆင်းရဲသားအချင်းချင်းတွေပါ"ဟု ပြောလေသည်။

ဝရမ်းပြေး ဆင်းရဲသားတစ်ဦးအား တစ်ညတာညော့ခံပြုစုသော အကြည်အား ကျေးဇူးတင်သော စိတ်နှင့်ကမ်းနားဘက်သို့ ရောက်လာခဲ့သည်။ လမ်းဘေးတဲများကား နိုးကြားလေပြီ။ ကန့်လန့်ကာများကိုဖွင့်လှစ်ထားကြလျက် တရှူရှူနှင့် တစ်နေ့တာအတွက် အလုပ်များကို စကြလေပြီ။ ကမ်းနားတဲအိမ်တန်းကား ပို၍ ညံစီနေ၏။ စောစောထ၍ ရောင်းစရာကုန်စိမ်းများကို ပြင်ဆင်နိုင်မှ တော်ရုံကျပေမည်။

ကမ်းနား၌ ကူလီအလုပ်သမားများဖြင့် တရှုရှု အသက်ဝင်လျက်ရှိသည်။ ကြယ်များကား တဖိတ်ဖိတ်မလက်နိုင်ကြတော့။ ဖြူဖြူအပွင့် သဏ္ဌာန်များသာ ထင်နေကြသည်။ ဤကြယ်များသည် စုဝေးသောအင်အားဖြင့် ကမ္ဘာကြီးအား အလင်းရောင်ပေးခဲ့ကြသည်။

မှောင်ရီသောတံတားထိပ်မှရပ်ကာ သမ္ဗန်အုပ်ဆီသို့လှမ်း၍ "ကိုထွန်းသာ.... ကိုထွန်းသာ"ဟု အော်ခေါ်လိုက်သည်။

"ဗျို့ဘယ်သူလဲ"ဟု ထူးသံပေါ်လာသည်။

ကျွန်တော့် စိတ်ထဲ၌ အေးသွားကာ ကိုထွန်းသာ၏ သမ္ဗန်ဆီသို့ ဆင်းလာခဲ့ပေသည်။

❑

mgyoe.com

mgyoe.com

## ချစ်သော အောင်သန်း

ဗန်းမော်တင်အောင်

အောင်သန်းသည် မေ့လျော့ထားခြင်းကို ခံနေရသော သားငယ်တစ်ယောက်သာ ဖြစ်၏။ သူ့ကို သတိရသူမရှိ၊ သူသည် စွန့်ပစ်ထားခြင်းကို ခံနေရ၏။ သို့ရာတွင် သူ့အား လိုက်လံရှာဖွေကြမည့် မိဘတို့သည်မရှိ၊ ညီအစ်ကို မောင်နှမနှင့် ဆွေမျိုးဉာတကာတို့သည်လည်းမရှိ၊ သူ့ကို မေ့လျော့ထားကြသည့်အတွက် အောင်သန်းသည် များစွာအရေးထားလှပုံမရ၊ စွန့်ပစ်ထားခြင်းကိုခံရသည့်အတွက်လည်း သူသည် ဝမ်းနည်းမိဟန်မတူ၊ သူသည် ရဲရင့်သောလူသားတစ်ယောက်ပီပီ သူ့အား မေ့လျော့စွန့်ပစ်ထားကြသော လူ့ဘောင်ကြီးအတွင်း၌ သူ့စွမ်းပကားဖြင့် အသက်တစ်ချောင်းကို မွေးမြူနေထိုင်လျက်ရှိသည်။

အောင်သန်းသည် ကျေးလက်၏ရလဒ်ဖြစ်သော်လည်း နေပြည်တော်၌ စွဲမြဲနေထိုင်လျက်ရှိသည်။ ကျေးလက်၏သားသမီးပီပီ အောင်သန်းသည် စိမ်းလန်းသော လယ်ကွင်းများသို့ အဘယ်ကြောင့်ပြန်၍ မနေထိုင်ရသနည်း။ ပလွေသံနှင့် နွားခလောက်သံများကို သူ မလွမ်းဆွတ်လေသလော၊ မှိုနတိုနှင့် ချဉ်ပေါင်ရေတည်တို့ကိုလည်း

mgyoe.com

သူသည် မေ့လျော့လေပြီလော။ အဘယ်ကြောင့်......အဘယ်ကြောင့် သူ့အား လူရာ မသွင်းသောနေပြည်တော်၌ ပျော်ပိုက်နေရသနည်း။ သူသည် အခလွတ် ပညာသင် ကြားခွင့်ရသည်ဆိုသော တက္ကသိုလ် ပညာရေးကို တပ်မက်နေသလား။ သို့မဟုတ် ကမ္ဘာ့အေးစေတီကိုဖူးမြော်ရင်း ပြည်တော်သာစီမံကိန်း၏ တိုက်တစ်လုံးကား တစ်စီးနှင့် လစာရှစ်ရာ၊ တစ်ထောင်တို့ကိုစောင့်စားနေသလား။ ပုထုဇ္ဇနော ဥမ္မတ္တကောဟု ဘုရား ရှင် ဟောကြားသော်လည်း အောင်သန်းသည် မိုက်မဲလောက်အောင်ကား မရူးပါ။

အောင်သန်းသည် လယ်ကွင်းပြင်များ၌ မွေးဖွားလာခဲ့ရသော လယ်သမားသား သမီးပီပီ နွားကျောင်းရင်း ပလွေသံကြူလို၏။ သူသည် ကွင်းပြင်၌ တိုက်ခတ်သော လေကို ရှူရှိုက်လို၏။ သို့ရာတွင် ကျေးလက်၌ ယနေ့တိုင်မိုးကောင်းလျက် ရှိသော မြေရှင်က သူ့အား ကျော၊တစ်ရာ ရင်တစ်ရာ ရိုက်ခတ်၍ လယ်ကွင်းထဲမှနှင်ထုတ် လိုက်သည်။ သူ့အဘိုး၏ လယ်ကိုသိမ်းယူ၍ သူ့အဘကိုလည်း လယ်ထဲမှ ကန်ထုတ် လိုက်သောအခါ အောင်သန်းသည် ပြေးမိပြေးရာသို့ ပြေးရင်း နေပြည်တော်သို့ ရောက် လာခြင်းဖြစ်၏။

အောင်သန်းသည် ဤကဲ့သို့အမွေမဲ့သားတစ်ယောက်ဖြစ်လာခဲ့ရသည်။ သူ့တွင် အတတ်ပညာလည်းမရှိပေ၊ သူသည်လူလားမမြောက်ရမီပင် သူ၏ ဝမ်းတစ်ထွာကို ရသောနည်းနှင့်ကျောင်းခဲ့ရသည်။ သူ၏အသက်ရှင် နေနိုင်ရေးတိုက်ပွဲသည် ကျပ် တည်းလှ၏။ မနိုင်သောဝန်ကိုလည်း ထမ်းခဲ့ရ၍ မရောက်နိုင်သော ခရီးကိုလည်း သွားခဲ့ရ၏။ ဘဝ၏ထန်ပြင်းသော မုန်တိုင်းအကြားဝယ် သူသည် လွင့်ချင်ရာ လွင့်နေ ခဲ့ရ၏။ ငတ်မွတ်ရခြင်းသည် သူ၏ညီအစ်ကိုဖြစ်၍ နာကျင်ရခြင်းများသည် သူ့ နောက်သို့ တကောက်ကောက်လိုက်ပါနေကြသော အရိပ်များဖြစ်ကြသည်။

သို့ရာတွင် အောင်သန်း၌ လေးမြတ်စရာကောင်းသော သတ္တိတစ်ခုရှိသည်။ သူသည် အတိတ်ကို လုံးဝမြှုပ်နှံထားနိုင်ခြင်းပင်ဖြစ်၏။ သူသည် ပစ္စုပ္ပန်၌သာ နေထိုင် လျက် အနာဂတ်ကိုလည်း အိပ်မက်တတ်ခြင်းရှိပုံမရ၊ သူသည် နံနက်စာကို တွေ့ရ သောအခါ စား၏။ သို့ရာတွင်.....ညစာအတွက် သူသည် မစဉ်းစား၊ တွေ့လျှင်လည်း စားမည်၊ မတွေ့လျှင်လည်း မစားဘဲနေလိုက်သည်။ မခံမရပ်နိုင်လောက်အောင် ဆာ လောင်လာသောအခါ သူသည်တော၏ ဥပဒေအတိုင်း ရှာဖွေ၍စားသောက်တတ် သည်။ သည်အတွက်နှင့် သူ့ကိုဝိုင်းဝန်းဖမ်းဆီး၍ တရားရုံးများသို့ပို့ကြ၏။ ညဏ် အမြော်အမြင်နှင့် ပြည့်စုံသော တရားမင်းများက နေပြည်တော်အရပ်၌ တောဥပဒေကို

mgyoe.com

လိုက်နာသော အောင်သန်းအား အပြစ်ပေးကြသည်။

လူသားတို့အား ညှဉ်းပန်းနှိပ်စက်ရာ၊ သတ်ဖြတ်ရာ ထောင်အတွင်းသို့ အောင်သန်းသည် အကြိမ်ကြိမ်ရောက်ခဲ့ပြီးပေပြီ။ သူသည် ကလေးအရွယ်၌ ကလေးထောင်တွင် နေထိုင်ကြီးပြင်းခဲ့ရပြီးလျှင် ယခု အသက် ၄၀ နီးပါးသောအရွယ်၌ကား မြန်မာနိုင်ငံအကျဉ်းထောင် အနှံ့အပြား၌လည်း လှည့်လည်နေထိုင်ခဲ့ပြီးလေပြီ။ ဤအတိုင်း သွားနေလျှင် သူသည် ထောင်ထဲ၌ပင် အရိုးထုတ်လိမ့်မည်ဟု ခန့်မှန်းမိပါသည်။

၁၉၅၂ ခုနှစ်အတွင်းက နိုင်ငံတော်အစိုးရ၏ကျေးဇူးကြောင့် အထက်ပါအောင်သန်းကို သွေးများစွန်းထင်နေသော ရန်ကုန်ထောင်ကြီးအတွင်း၌ ကျွန်တော်သည် တွေ့ဆုံခဲ့ရပေသည်။

ကျီးကန်းနှင့် စာငှက်များကို အရှင်ရအောင်ဖမ်းနိုင်သည်ဆိုသော ထူးခြားသည့်အရည်အချင်းကြောင့် အောင်သန်းကို ကျွန်တော်သည် စတင်၍ စိတ်ဝင်စားမိ၏။ ထို့ထက်လွန်၍ အောင်သန်း၏အကြောင်းကို ဘာမျှတော့ မသိသေး။ ကျီးကန်းနှင့်စာငှက်များကို အရှင်ရအောင် ဖမ်းဆီးနိုင်သော လူတစ်ယောက်ထက်လွန်၍ သူ၏နာကျင်ရှည်လျားလှသော ဇာချင်းရှည်ကြီးကို ဘာမှမသိရှိရသေးမီ အောင်သန်းကိုကျွန်တော် စတင်တွေ့ရှိရသည်။

ပိန်လှီသေးကွေးသော လူတစ်ယောက်သည် အရောင်အဆင်းမရှိသော ပုဆိုးစုတ်ကို လည်ပင်း ကွင်းသိုင်းလျက် တုတ်တစ်ချောင်းကို ဇွေ့ယမ်းကိုင်ဆောင်ကာ ငါးအဆောင်သို့ဝင်၍လာသဖြင့် တံခါးဝ၌ရှိသော အကြပ်က ထုံးစံအတိုင်းဟန့်တားပိတ်ပင်သည်။

"ဟေ့ဝါဒါ.....မင်းဖွင့်ပေးမလား မပေးဘူးလား......"

အကြပ်က အောင်သန်းအား တံခါးမဖွင့်ပေးဘဲ နှင်ထုတ်၏။

အောင်သန်းသည် အကြပ်ကို နောက်ထပ်၍ ဘာမှပြောဆိုခြင်းမပြုတော့ဘဲ သံတိုင်ကိုကျော်တက်၍ ငါးအဆောင်အတွင်းသို့ ဝင်လာ၏။ မိန်းဂျေးမှ စီအိုင်ဒီများသည် အောင်သန်းကိုဘာမှ မပြောနိုင်တော့ဘဲ လက်ပိုက်၍ ကြည့်နေကြရ၏။

"အဲဒါပေါ့ဗျ–အောင်သန်းဆိုတာ"ဟု မိတ်ဆွေတစ်ယောက်က ကျွန်တော့်အား လှမ်း၍ပြောပြ၏။

ချုပ်ချယ်မှုအား တော်လှန်တတ်သော အောင်သန်းကို ကျွန်တော်သည် ဤသို့

mgyoe.com

mgyoe.com

စတင်၍တွေ့ရှိကာ သူ့အားသဘောကျမိသည်။ ချုပ်ချယ်ခြင်းခံနေရသည့်အကြား၌ ထပ်မံချုပ်ချယ်ခြင်းကို ပုန်ကန်ဝံ့သော အောင်သန်း၏ ပင်ကိုသတ္တိကို ကျွန်တော်သည် လေးစားသလိုဖြစ်မိ၏။ သူ့ကို ရင်းရင်းနှီးနှီးသိကျွမ်းလိုသောစိတ်များလည်း ပေါ်ပေါက်လိုသည်။

"ဟေ့ အောင်သန်း၊ မင်းဘယ်သွားမလို့လဲ"ဟု ကျွန်တော်က စတင်၍ သူအားနှုတ်ဆက်ကာ မိတ်ဖွဲ့လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"ဟု အောင်သန်းက ကျွန်တော့်ကို အကဲခတ်သလိုပြန်၍မေးလာ၏။

"ငါလည်း မင်းလို ထောင်ထဲရောက်နေတဲ့ လူတစ်ယောက်ပါပဲကွာ......"

"ခင်ဗျား ဘီကလပ်လား"

"အေး......"

"ဒါဖြင့် ဆေးလိပ်တစ်လိပ်လောက် ပေးစမ်းပါ"

သူ၏ပွင့်လင်းခြင်းကို သဘောကျမိသည်။ ထို့ကြောင့် သူ့အား အခန်းတွင်းသို့ ခေါ်လာခဲ့ပြီးလျှင် လက်ဖက်ရည်ဖျော်၍ တိုက်ရင်းသူ့ကို လေ့လာကြည့်ရှုမိသည်။ အောင်သန်းသည် လုံလောက်သော အာဟာရနှင့် ဆေးဝါးများကို မမှီဝဲခဲ့ရသဖြင့် အသက်အရွယ်နှင့် မလိုက်အောင် သေးကွေး ပိန်လှီနေသည်။ လူစဉ်မမီနိုင်အောင် ညှိုးနွမ်းနေသည်။

"ဒါထက် မင်းကျီးကန်းနဲ့ စာကလေးတွေကို အရှင်ရအောင် ဖမ်းတတ်တယ်ဆို" ဟု ကျွန်တော်က မေးကြည့်သည်။

"ကျီးကန်းတစ်ကောင် လိုချင်ရင် ဆေးလိပ်ငါးလိပ်နဲ့ရမယ်"ဟု အောင်သန်းက သူ၏ ပေါက်ဈေးကို တောင်းလာ၏။

"စာကလေးတစ်ကောင်ကကောကွ......"

"ငါးလိပ်ပဲ....."

"တူတူပဲလားကွ"

"ဖမ်းရတာ တူတူပဲ...."

တိကျသော လုပ်အားအတွက်ညီမျှသော တန်ဖိုးကို အောင်သန်းကတောင်းဆို၏။

လက်ဖက်ရည်သောက်ပြီး သွားသောအခါ ကျွန်တော်သည် အောင်သန်းအား

mgyoe.com

mgyoe.com

ဆေးလိပ်ဆယ်လိပ်ခန့် ပေးလိုက်သည်။ သူသည် ဆေးလိပ်များ ရသဖြင့် ဝမ်းသာအားရ ထွက်သွားသည်။

နောက်ထပ် သုံးရက်မျှ အောင်သန်းနှင့် မတွေ့ရပေ။

သုံးရက်ခန့်အကြာတွင် အောင်သန်းသည် ကျွန်တော့်ဆီသို့လာ၏။ သူနှင့်အတူ စာကလေးအရှင်နှစ်ကောင်ကိုလည်း ကျွန်တော့်အတွက် ယူလာခဲ့ပေသည်။

(၂)

အောင်သန်းနှင့် အကျဉ်းထောင်ထဲတွင် တစ်စထက်တစ်စ ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ထိုသို့ ရင်းနှီးကျွမ်းဝင်လာပြီးနောက် အောင်သန်းကို နီးနီးကပ်ကပ် လေ့လာနိုင်ရန်အတွက် ကျွန်တော့်အနီးသို့ ခေါ်ထားခဲ့သည်။ ထိုသို့ အောင်သန်းကို ကျွန်တော်က အနီးသို့ ခေါ်ထားသည့်အတွက် ထောင်အာဏာပိုင်များက ကျေးဇူးတင်ကြသည်။ ဝမ်းသာကြသည်။ အဘယ်ကြောင့်ဆိုသော် အောင်သန်းကို သူတို့အုပ်ချုပ်ထိန်းသိမ်း၍ မရကြသည့်အတွက် ဖြစ်သည်။

အောင်သန်းသည် အကျဉ်းထောင်အတွင်း၌ ဖိနှိပ်ချုပ်ချယ်ခြင်းကို အမြဲတစေ တော်လှန်တိုက်ခိုက်ဝံ့သော သတ္တိရှိလေသည်။ သူ့ကို အပြစ်ဒဏ်ပေးသောအနေနှင့် အလုပ်လုပ်ခိုင်း၍မရ၊ အာဏာပိုင်တို့က သူ့အားခိုင်းစေလျှင် "မလုပ်ဘူးကွ"ဟု တင်းတင်းမာမာ ပြန်၍ပြော၏။ အချို့သော အကြပ်များက အောင်သန်းအား ပါးစပ်ဖြင့် ပြောဆိုမရသဖြင့် တုတ်ဖြင့် ခြောက်လှန့်ကြိုးစား၏။ ထိုအခါ အောင်သန်းသည် အုတ်ခဲတစ်လုံးကို ကောက်၍ ကိုင်တတ်၏။

အောင်သန်းကို ထောင်ထဲ၌ ထောင်ချကြည့်၏။ တိုက်ပိတ်သည်ဟူ၍ခေါ်၏။ ထိုကာလ၌ အောင်သန်းသည် ထောင်ပိုင်ကြီးမှစ၍ အကြပ်အထိကော်၍ဆဲရေး၏။ အော်ဟစ်ဆဲရေးပြီးသောအခါ သူ့အား ဤသို့ချုပ်ချယ်ခြင်းကို အပြင်းထန်ဆုံးသော လက်နက်ဖြင့်ပြန်လည်တိုက်ခိုက်၏။ ထိုလက်နက်မှာ အခြားမဟုတ်၊ အစာငတ်ခံခြင်းပင် ဖြစ်သည်။ ဤတိုက်ပွဲကို အောင်နိုင်သည်အထိ အောင်သန်းသည် ရှုပ်ရှုပ်ချွံချွံဆင်နွှဲ၏။ နောက်ဆုံး၌ ထောင်အာဏာပိုင်တို့သည် အောင်သန်းကိုအရှုံးပေး၍ လွှတ်လိုက်ရသည်။

တိုက်ထဲမှ လွတ်မြောက်လာပြီးနောက် အောင်သန်းသည် ရန်ကုန်ထောင်ကြီးအတွင်း၌ သွားချင်ရာသွား၍ လာချင်ရာလာ၏။ လုပ်ချင်ရာလုပ်၍ စားချင်ရာ
mgyoe.com

လျှောက်စား၏။ သူ့ကိုဘယ်အကြပ်တို့ကမှ ဘာမျှမပြောနိုင်ကြတော့၊ သက်ဆိုင်ရာ အဆောင်မှူးကလည်း သူ့ကိုလက်မြှောက်ထားကြ၏။ သူသည် ဖိနှိပ်ချုပ်ချယ်ခြင်းအား သူရသတ္တိရှိစွာဖြင့် အဆုံးတိုင် တိုက်ခိုက်အောင်နိုင်ခဲ့သော ရန်ကုန်ထောင်တွင်း သူရဲကောင်းကြီး မဟုတ်လော။

ရန်ကုန်ထောင်အတွင်း၌ စွန်လွှတ်ခြင်းကို ပိတ်ပင်ထား၏။ အောင်သန်းသည် ပြတ်လွင့်လာသော စွန်များကို လိုက်လံဖမ်းဆီး၍ ကြိုးတိုက်ပေါ်သို့တက်ကာ စွန်လွှတ်၏။ ဘယ်သူက ဘာပြောနိုင်သနည်း။

ထောင်ပိုင်သည် နံနက်ခင်းဘက်တွင် ထောင်အတွင်းသို့ လှည့်လည်ကြည့်ရှုလေ့ရှိ၏။ ထိုအချိန်၌ အဆောင်တံခါးများမှာ ပိတ်ထားတတ်၏။ အဝင်အထွက်မရှိရ၊ လမ်းပေါ်၌လည်း ဘယ်သူမှရပ်မနေရ။ သို့ရာတွင် အောင်သန်းသည် ပုဆိုးကို လည်ပင်းကွင်းသိုင်း၍ တုတ်တစ်ချောင်းကိုင်ကာ ထောင်ပိုင်လမ်းတွင် ကန့်လန့်လုပ်နေတတ်၏။

"မင်းမလွှတ်သေးဘူးလား အောင်သန်း"ဟု ထောင်ပိုင်ကပင် သူ့ကိုနှုတ်ဆက်မေးမြန်းရ၏။

"မလွှတ်သေးဘူး.....၊ ဦးဘသိန်း ဘယ်တော့လာဦးမလဲ"ဟု သူက ပြန်၍မေး၏။ ဦးဘသိန်းသည် အကျဉ်းထောင်မင်းကြီးဖြစ်၏။ အောင်သန်းကလေးထောင်၌ စတင် နေထိုင်ရစဉ်က ဦးဘသိန်းသည် ကလေးထောင်တွင် ထောင်မှူးဖြစ်သည်။ သို့ရာတွင် ယခုအခါဝယ် ဦးဘသိန်းသည် ထောင်မင်းကြီးပင် ဖြစ်ခဲ့လေပြီ၊ အောင်သန်းကား ထောင်ထဲတွင် နေထိုင်ရတုန်းဖြစ်သည်။

"လာတဲ့အခါ မင်းကိုခေါ်မယ်လေ ဟုတ်လား"

"အင်း....."

"ထောင်ထဲမှာ ကောင်းကောင်းနေနော် အောင်သန်း"

"အင်း....."

ထောင်ပိုင်ကလည်း ချော့မော့ပြောဆိုရသည်။ အဘယ်ကြောင့်ဆိုသော် အောင်သန်းသည် ထောင်မင်းကြီး၏ မိတ်ဆွေလည်းဖြစ်သောကြောင့်တည်း။

mgyoe.com